4

Premier
# ELEVEN
SPORTS JOURNAL
NO 29 VOL 5 SUNDAY MARCH 18 2012



# ချန်ပီယံလိဂ်မှာ စံချိန်တွင် ဂိုးမိုးရွာတဲ့ရာသီ

နောက်
သစ်ဘောလုံး
လောကဟာ တိုးတက်
လာတဲ့ဘောလုံးနည်းပညာတွေနဲ့
ရေနစ်ကုလာတဲ့ ခံစစ်ကစားပုံတွေကြောင့်
ဂိုးတစ်ဂိုးရဖို့ခက်ခက်ခဲခဲကြိုးစားရတယ်ဆိုတာကို
ဘောလုံးပွဲအများအပြား မှာပရိသတ်တွေ တွေ့မြင်ရပါ။ ဘော
လုံးလောကကြီးရဲ့ နံပါတ်တစ်ရာထူးအဆင့်ရှိတဲ့ဘောလုံးပွဲတွေမှာ အကြိုက်
အနယ်ရှိပြီး သွင်းဂိုးများတဲ့ဘောလုံးပွဲတွေကို တွေ့မြင်ခဲ့ရပေမယ့် နံပါတ်ရာထူး
မြောက်ပိုင်း ဘောလုံးပွဲတွေမှာ သွင်းဂိုးနည်းပြီးသရေပွဲများလာတဲ့အခြေအနေကြောင့် ဂိုးတိုင်
အကျယ်အဝန်းကို တိုးချဲ့ပြီးတောင်းဆိုတာတွေရှိခဲ့ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ကလည်း နိုင်ပွဲတစ်ပွဲ
ကို ရမှတ်(၂)မှတ်ကနေ(၃)မှတ်ကိုပြောင်းလဲခဲ့ရပါတယ်။ ဒါပေမယ့် အခုနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်
ပြိုင်ပွဲကတော့ အသင်းအများစုကိုဖိုးရွှာပြီး ပြိုင်ပွဲသမိုင်းတစ်လျှောက်တင်ထားခဲ့တဲ့ ဂိုးစံချိန်တွေကိုလိုက်ချိုးနိုင်ခဲ့တာ
ကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပါတ်နွေကကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲထွက်(၁၆)သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ
ဂျာမန်ကလပ် ဘောယန်မြူးနစ်အသင်းက ဆွစ်ဇာလန်ကလပ်ဘာဆယ်အသင်းကို (၇-၀)ဂိုးနဲ့ ဂိုးပြတ်အနိုင်ယူပြီး ဒီပွဲဟာနဲ့ထွက်အ
ဆင့်ပွဲစဉ်တွေမှာ ဂိုးအပြတ်ဆုံးစံချိန်မှတ်တမ်းတစ်ခုဖြစ်ခဲ့ပါတယ်။ ချန်ပီယံလိဂ်လို့အမည်ပြောင်းလဲပြီးနောက်ပိုင်း(ယခင်က) နှုတ်ထွက်အ
ဆင့်ပွဲစဉ်တွေမှာ (၇-၁)ဂိုးရလဒ်ကသာ စံချိန်ဖြစ်ခဲ့ပြီး အခု ဘောယန်မြူးနစ်က(၇)ဂိုးပြတ်အနိုင်ယူပြီး စံချိန်သစ်တင်ခဲ့တာဖြစ်ပါ
တယ်။ ဒီရာသီမှာ သွင်းဂိုးတွေနဲ့ပတ်သက်လို့ ယခင်စံချိန်တွေကိုလိုက်မီတဲ့ဖြစ်ရပ်တွေ၊ ရိုက်ချိုးနိုင်တဲ့ဖြစ်ရပ်တွေလည်း
များစွာရှိခဲ့ပါတယ်။ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီက လေဗာကူဆင်ကို (၇-၁)ဂိုးနဲ့နိုင်တဲ့ပွဲမှာ တစ်ဦးတည်း
(၅)ဂိုးသွင်းယူပြီး (၁၉၉၂-၉၃)ရာသီကစတင်ပြောင်းလဲခဲ့တဲ့) ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ တစ်ပွဲတည်းဂိုးအများ
ဆုံးသွင်းသူအဖြစ် စံချိန်တင်ခဲ့ပါတယ်။ ဒါ့အပြင် လိုင်ယွန်တိုက်စစ်မှူးဂိုမစ် ဘောယန်တိုက်စစ်
မှူးဂိုမက်ဇ်တို့ကလည်း တစ်ပွဲတည်း(၄)ဂိုးသွင်းယူနိုင်တဲ့ ကစားသမားတွေအဖြစ်
မှတ်တမ်းတင်ခဲ့ပြီး ချန်ပီယံလိဂ်ခေတ်မှာ ဒီမှတ်တမ်းကိုရရှိတဲ့(၇)ယောက်
မြောက်နဲ့(၈)ယောက် မြောက်ကစားသမားတွေဖြစ်လာခဲ့ပါတယ်။
ဒိုင်နမိုဇာဂရက်ကို (၇)မိနစ်အတွင်း(၃)ဂိုးသွင်းယူခဲ့တဲ့
ဂိုမက်ဇ်ကတော့ ဒီပြိုင်ပွဲရဲ့ အမြန်ဆုံးဟက်ထရစ်
ရှင်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့
ပါတယ်။ ဒါ့အပြင် မက်ဆီ
ကလည်း ဒီရာသီ
မှာ
သွင်းဂိုး
(၁၂)ဂိုးရရှိပြီး
လိဂ်တစ်ရာသီတည်း ဂိုးသွင်းအ
များဆုံးစံချိန်ရှင်ဖြစ်တဲ့ နယ်တယ်နီစ်တယ်
ရဲ့ စံချိန်(၂၀၀၂-၀၃)ကိုလိုက်မီသွားခဲ့ပြီး
နောက်အဆင့်တွေမှာ(၁)ဂိုးသွင်းယူရုံနဲ့စံချိန်ကိုရိုက်
ချိုးနိုင်မှာဖြစ်ပါတယ်။ အုပ်စုအဆင့်ပွဲစဉ်တွေတုန်းကလည်း
ရီးယဲလ်မက်ဒရစ် အသင်းက(၁၉)ဂိုးသွင်းယူပြီး (၂)ဂိုးသာပေးခဲ့ရလို့ အုပ်စု
တွင်းဂိုးကွာခြားမှု(+)အများဆုံးစံချိန်တင်ခဲ့ပြီး ဘာစီလိုနာကလည်း အုပ်စုတွင်းဂိုး
သွင်းအများဆုံးစံချိန်တင်ထားတဲ့ မန်ယူအသင်းရဲ့စံချိန်(၁၉၉၈-၉၉)ကိုဂိုး(၂၀)နဲ့အဆီလိုက်
နိုင်ခဲ့ပါတယ်။ ချန်ပီယံလိဂ်ရဲ့ နောက်ဆုံးအဆင့်ပြိုင်ပွဲမှာသာမက ခြေစစ်ပွဲအဆင့်မှာလည်း ဖင်လန်
ကလပ်ဟယ်လ်ဆင်ကီကလေးလစ်ကလပ် ဘန်ဂေါဒီးဆီးအသင်းကို (၁၀-၀)ဂိုးနဲ့ဂိုးပြတ်အနိုင်ရခဲ့လို့ ချန်ပီယံ
လိဂ်ပြိုင်ပွဲသမိုင်းမှာ ဂိုးအပြတ်ဆုံးပွဲအဖြစ်မှတ်တမ်းတင်သွားခဲ့ပါတယ်။ ဒါကြောင့် အခုရာသီချန်ပီယံလိဂ်ပြိုင်ပွဲဟာ သွင်း
ဂိုးစံချိန်တွေများစွာတင်နိုင်တဲ့ရာသီလို့ သတ်မှတ်ရမှာဖြစ်ပြီး၊ နောက်အဆင့်တွေမှာ ဘယ်လိုရင်သပ်ရှုမောဖြစ်စရာ
ပွဲရလဒ်တွေ သွင်းဂိုးတွေကို တွေ့မြင်ရမလဲဆိုတာကတော့
ရင်ခုန်စရာ ဥရောပညသတွေမှာစောင့်မျှော်ကြည့်ရှုရမှာပါ . . .

ဘောယန်မြူးနစ် ၇-၀ ဘာဆယ်

အင်တာမီလန် ၂-၁ မာစေး

Premier ELEVEN SPORTS JOURNAL

# El Clásico ပြင်ပကပြိုင်ဆိုင်မှု

သို့မဟုတ်

# ESMဥရောပရွှေဖိနပ်ဆု

ဟိန်းမောင်မောင်

El Clásico ...။ ဒီဝေါဟာရကတော့ အခုနောက်ပိုင်းဘောလုံးကမ္ဘာမှာ ပိုမိုရေပန်းစားလာတဲ့ စကားစုတစ်ခုပါပဲ။ သမိုင်းကြောင်းကြာရှည်ပြီးနှစ်ပရိစ္ဆေဒမြောက်မြားစွာဖြစ်တည်နေတဲ့ ဘာစီလိုနာနဲ့ရီးယဲယ်မက်ဒရစ်နှစ်သင်းကြား ပြိုင်ဆိုင်မှုက အခုအချိန်မှာ အမြင့်ဆုံးဒီရေတက်ချိန်ကို ရောက်ရှိလျက်ရှိပါတယ်။ အမှတ်ပေးချန်ပီယံဘွဲ့အတွက် ဒီနှစ်သင်းသာယှဉ်လုနေရတဲ့ အနေအထားက ဝေဖန်မှုတွေရှိနေပေမယ့် ၎င်းတို့ကြားတောက်လောင်နေတဲ့မီးစကို အရှိန်မြှင့်ပေးလိုက်သလိုပါပဲ။ အခုနှစ်ရာသီလာလီဂါပြိုင်ပွဲမှာ ပွဲစဉ်(၁၂)ပွဲသာလိုတော့တဲ့အချိန်မှာ ရီးယဲယ်တို့(၁၀)မှတ်ဖြတ်ထားနိုင်တဲ့အနေအထားက ဘာစီလိုနာအနေနဲ့ (၄)နှစ်ဆက်ချန်ပီယံအိပ်မက်ကတော့ ပျောက်ကွယ်လုနီးနီးအနေအထားမှာ ရှိနေခဲ့ပါတယ်။ ဒါပေမယ့်ဒီနှစ်သင်းကြားပြင်းထန်တဲ့ပြိုင်ဆိုင်မှုတွေက လက်ရှိရာသီရဲ့အဆုံးသတ်ကာလတွေမှာလည်းရပ်တန့်သွားဖွယ်မရှိပါဘူး။ ဘောလုံးရာသီတစ်ရာသီရဲ့(၃)ပုံ၊ (၁)ပုံလောက်ပဲကျန်ရှိတော့တဲ့အချိန်ပိုင်းမှာ ဥရောပကလပ်အသင်းတွေအဖို့ ချန်ပီယံဆုဖလား၊ ဥရောပဝင်ခွင့်၊ တန်းဆင်းတန်းတက်ရန်းကန်မှုတွေနဲ့အမှားခံလို့မရတော့တဲ့ကာလတစ်ခုဖြစ်တဲ့အပြင်။ တစ်ပြိုင်တည်းမှာပဲနှစ်စဉ်နှစ်တိုင်းချီးမြှင့်လေ့ရှိတဲ့ ESM ဥရောပရွှေဖိနပ်ဆုအတွက်လည်း ရုပ်လုံးပေါ်စပြုလာပြီလို့ဆိုရမှာပါ။ သက်ဆိုင်ရာအမှတ်ပေးပြိုင်ပွဲတွေမှာ ဂိုးသွင်းအများဆုံးကစားသမားကိုဂုဏ်ပြုတဲ့ဒီဆုဟာထိပ်တန်းတိုက်စစ်မှူးတွေအတွက်တော့ ဂုဏ်သိက္ခာပိုင်းကို ပိုမိုမြှင့်တင်ပေးနိုင်စေတာပဲဖြစ်ပါတယ်။ လက်ကျန်ရာသီပွဲစဉ်တွေက (၁၀)ပွဲဝန်းကျင်ကျန်ရှိနေသေးလို့ကံသေကံမ မပြောနိုင်သေးပေမယ့် ဒီရာသီ ဥရောပရွှေဖိနပ်ဆုကိုလည်းလာလီဂါက ကစားသမားတွေပဲရယူသွားဖို့ နီးစပ်နေပါတယ်။

## ESM ဖြစ်တည်လာမှု

ဥရောပရွှေဖိနပ်ဆုကို ၁၉၆၇-၆၈ရာသီကတည်းက စတင်ချီးမြှင့်လာခဲ့တာဖြစ်ပါတယ်။ နာမည်ကြီး ပြင်သစ်အားကစားမဂ္ဂဇင်းတစ်စောင်ဖြစ်တဲ့ L' Equipe က ကမကထပြုချီးမြှင့်ခဲ့ပြီး ပြင်သစ်ဘာသာနဲ့ ရွှေဖိနပ်ဆုလို့ခေါ်ဝေါ်တဲ့ Soulier d'Or အမည်နဲ့ပေးအပ်ခဲ့ပါတယ်။ဥရောပဒေသတွင်းအမှတ်ပေးပြိုင်ပွဲတွေမှာလိဂ်အဆင့်အတန်းကွာဟမှုတွေရှိခဲ့လို့ အစောပိုင်းကာလတွေမှာ ဒီဆုကိုဥရောပအလယ်အလတ်လိဂ်ပြိုင်ပွဲတွေကသာစိုးမိုးထားခဲ့တာပါ။ ၁၉၉၆မတိုင်မီက အင်္ဂလန်နဲ့စပိန်လိဂ်ပြိုင်ပွဲတွေက (၁)ကြိမ်စီသာ ရရှိခဲ့ကာ အီတလီကတော့ ဆုနားတောင်မသီနိုင်ခဲ့ပါဘူး။ ၁၉၉၀-၉၁ ရာသီအပြီးမှာတော့ ဆိုက်ပရပ်စ် FAက ကန့်ကွက်မှုတွေရှိခဲ့လို့အငြင်းပွားစရာတွေဖြစ်ခဲ့ကာ L' Equipe ကဆုချီးမြှင့်မှုကို ရပ်နားထားပေမယ့် စပွန်ဆာပေးထားတဲ့ Adidas ကုမ္ပဏီကဆက်လက်ချီးမြှင့်ခဲ့ပါတယ်။ ဒါပေမယ့် ၁၉၉၆-၉၇ရာသီမှာ L' Equipe ကပဲ ပြန်လည်အသက်သွင်းခဲ့ပြီး L' Equipe ဦးဆောင်တဲ့ ဥရောပ(၈)နိုင်ငံက အားကစားမဂ္ဂဇင်း(၈)စောင်ပေါင်းစည်းကာ European Sports Magazines(ESM) ကို ဖွဲ့စည်းထူထောင်ခဲ့ပါတယ်။ ESM အနေနဲ့ ဂိုးသွင်းအများဆုံးရွှေဖိနပ်ဆုကိုESMရွှေဖိနပ်ဆုအမည်နဲ့ပြောင်းလဲသုံးစွဲခဲ့ပြီး ယင်းဆုအပြင်လအလိုက်အကောင်းဆုံးအသင်းနဲ့ရာသီအလိုက်အကောင်းဆုံးအသင်းတွေကိုလည်းရွေးချယ်လေ့ရှိပါတယ်။ အရင်လို အငြင်းပွားမှုတွေမဖြစ်ရအောင် ESM က UEFA ရဲ့ Coefficients အတိုင်း အမှတ်ပေးပုံစံနဲ့ စည်းမျဉ်းတစ်ခုရေးဆွဲခဲ့ပါတယ်။ ဒါကတော့ထိပ်သီးလိဂ်(၅)လိဂ်က သွင်းဂိုးတွေကို(၂)နဲ့မြှောက်ပြီး အဆင့်(၆)ကနေ (၂၁)အထိပြိုင်ပွဲတွေကို (၁.၅)နဲ့မြှောက်ကာကျန်လိဂ်ပြိုင်ပွဲတွေကိုတော့ (၁)နဲ့ပဲမြှောက်ပြီး အမှတ်ပေးခဲ့ပါတယ်။ အမှတ်ပေးပုံစံပြောင်းလဲပြီးနောက်ပိုင်း ဥရောပအလယ်အလတ်လိဂ်ပြိုင်ပွဲတွေက ဒီဆုနဲ့တဖြည်းဖြည်းအလှမ်းဝေးကွာသွားခဲ့ပြီး ထိပ်သီးလိဂ်(၃)လိဂ်ကပဲ(၁၆)ကြိမ်မှာ (၁၂)ကြိမ်ရရှိခဲ့ကာနောက်ဆုံး(၁၀)ကြိမ်ဆက်ဆွတ်ခူးထားပါတယ်။

## ပရီးမီးယားလိဂ်ရဲ့မျှော်လင့်ချက်

နာမည်အကြီးဆုံး အမှတ်ပေးပြိုင်ပွဲဖြစ်တဲ့ ပရီးမီးယားလိဂ်ကတော့ (၁၆)နှစ်အတွင်းမှာ(၄)ကြိမ်သာ ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ကီဗင်ဖီးလစ်(၂၀၀၀)၊ အွန်နရီ (၂၀၀၄နဲ့၂၀၀၅)တို့နဲ့ ၂၀၀၈ ခုနှစ်က မန်ယူကစားသမားဘဝနဲ့ စီရော်နယ်လ်ဒိုက နောက်ဆုံးရရှိခဲ့တာပါ။ လက်ရှိရာသီမှာလည်း အာဆင်နယ်တိုက်စစ်မှူးဗန်ပါစီက(၂၆)ဂိုးနဲ့ မျှော်လင့်ချက်ရှိနေသေးပေမယ့် လက်တွေ့မှာတော့ စီရော်နယ်လ်ဒို၊ မက်ဆီတို့ကို ဖြတ်ကျော်ဖို့ မဖြစ်နိုင်ပါဘူး။ လက်ကျန်ပွဲစဉ်တွေမှာ လာလီဂါက ပရီးမီးယားလိဂ်ထက်(၂)ပွဲလျော့နေပြီး အာဆင်နယ်အသင်းက ချယ်လ်ဆီး၊ မန်စီးတီးတို့နဲ့ပွဲကျပ်တွေအပြင် တန်းမဆင်းရရေးရုန်းကန်နေရတဲ့အသင်းတွေနဲ့ ထိပ်တိုက်ကစားရမှာဖြစ်လို့ ဗန်ပါစီရဲ့ရွှေဖိနပ်ဆုမျှော်လင့်ချက်က မကြာမီမှာပဲ အဆုံးသတ်ရဖို့ရှိနေပါတယ်။

## မက်ဆီနဲ့ စီရော်နယ်လ်ဒို

ရီးယဲယ်ကိုပြောင်းရွှေ့လာပြီးနောက် စီရော်နယ်လ်ဒိုနဲ့ မက်ဆီတို့ကြား ပြိုင်ဆိုင်မှုက El Clásico ဒါဘီထက် ပုဂ္ဂိုလ်ရေးယှဉ်ပြိုင်မှုက အမြင့်ဆုံးအနေအထားမှာ ရှိနေခဲ့တာပါ။ စီရော်နယ်လ်ဒိုအနေနဲ့ ပြီးခဲ့တဲ့ရာသီက ရွှေဖိနပ်ဆုကိုတခြားအောင်မြင်မှုတွေမှာမက်ဆီလက်ထဲကလွှဲပြောင်းရယူနိုင်ခဲ့ပေမယ့်မက်ဆီရဲ့နောက်ကောက်ချခြင်းခံနေရမှုတွေက သိက္ခာတရားအတွက်ခံရစေမှာမလွဲပါဘူး။ ကလပ်အသင်းရဲ့အောင်မြင်မှုအတွက်သာမက ဘောလုံးသမိုင်းမှာအမည်နာမတစ်ခုမှတ်တမ်းတင်နိုင်ဖို့အတွက်ပါ သူတို့(၂)ဦးလုံးပမ်းနေကြရတာပါ။ ပင်ကိုယ်ထူးချွန်မှုကိုယ်စီနဲ့ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမား(၂)ဦးအဖြစ် အများစုကခြွင်းချက်မရှိလက်ခံထားကြပေမယ့် နံပါတ်(၁)နေရာအတွက် မာနတရားနဲ့ယှဉ်ပြိုင်ရင်း အဆုံးမသိနိုင်သေးတဲ့ အနာဂတ်ဆီအထိဆက်ရှိနေမှာ သေချာပါတယ်။ လက်ရှိရာသီမှာအသင်းရဲ့သွင်းဂိုးတွေထဲက(၄၀)ရာခိုင်နှုန်းအထိရယူပေးထားတဲ့ သူတို့နှစ်ဦးရဲ့ခြေစွမ်းပိုင်းက အမြင့်ဆုံးအဆင့်မှာရှိနေပါတယ်။ သွင်းဂိုးကွာခြားမှုကလည်း (၂)ဂိုးသာရှိနေလို့ ဒီပမာဏက သူတို့နှစ်ဦးရဲ့ခြေစွမ်းပိုင်းအရတော့ ပွဲစဉ်(၁)ပွဲအတွင်းမှာပဲ အပြောင်းအလဲဖြစ်သွားနိုင်တဲ့အနေအထားပါပဲ။ ဒါ့အပြင်စီရော်နယ်လ်ဒိုအတွက် ရွှေဖိနပ်ဆုသမိုင်းမှာ စံချိန်သစ်တစ်ခုတင်နိုင်ဖို့ အခွင့်အရေးကလည်းရှိနေပါတယ်။ (၂)ကြိမ်ရရှိထားတဲ့ စီရော်နယ်လ်ဒိုအနေနဲ့ အခုနှစ်မှာပါဆက်ရခဲ့ရင် (၃)ကြိမ်နဲ့အကြိမ် အများဆုံးဆွတ်ခူးနိုင်သူအဖြစ်မှတ်တမ်းသစ်တစ်ခုရေးထိုးနိုင်မှာဖြစ်ပါတယ်။ လာလီဂါပြိုင်ပွဲကတော့ ပေါ်တူဂီလိဂ်နဲ့ (၇)ကြိမ်စီရရှိထားမှုကနေကျော်ဖြတ်နိုင်ဖို့ အခြေအနေကောင်းနေတာပါ။ လက်ရှိအနေအထားအရလည်း ပရီးမီးယားလိဂ်ကဗန်ပါစီအနေနဲ့အခွင့်အရေးရှိနေပေမယ့် ဂိုးသွင်းခြေမြူးနေတဲ့ စီရော်နယ်လ်ဒို၊ မက်ဆီတို့ကို ကျော်ဖို့မဖြစ်နိုင်တော့လို့လာလီဂါအနေနဲ့စံချိန်သစ်တင်ဖို့သေချာနေပါတယ်။ လာလီဂါရာသီအဆုံးသတ်ပိုင်းက ချန်ပီယံဆုအတွက် စိတ်ဝင်စားစရာမကောင်းတော့ပေမယ့် မက်ဆီ၊ စီရော်နယ်လ်ဒိုတို့ရဲ့ရွှေဖိနပ်ဆုအတွက်ဂိုးသွင်းပြိုင်မှုတွေကို တွေ့မြင်ရဖို့တော့ရှိနေပါတယ်။



### အကြိမ်အများဆုံးဆွတ်ခူးထားသူများ

| အမည် | အကြိမ် | အမည် | အကြိမ် |
|---|---|---|---|
| အူဆီဘီယို (ပေါ်တူဂီ) | ၂ | ဂျာဒယ်လ် (ဘရာဇီးလ်) | ၂ |
| ဂတ်မူလာ (ဂျာမနီ) | ၂ | အွန်နရီ (ပြင်သစ်) | ၂ |
| ဂျော်ဂျီစကူး (ရိုမေးနီးယား) | ၂ | ဖော်လန် (ဥရုဂွေး) | ၂ |
| ဖာနန်ဒိုဂိုးမက်စ် (ပေါ်တူဂီ) | ၂ | စီရော်နယ်လ်ဒို (ပေါ်တူဂီ) | ၂ |
| မက်ကွိုင် (စကော့တလန်) | ၂ | | |

### ယခုနှစ်ရာသီ ရွှေဖိနပ်ဆုအတွက် ရပ်တည်မှုဇယား

| အမည် | ကလပ် | နိုင်ငံ | သွင်းဂိုး | ရမှတ် |
|---|---|---|---|---|
| စီရော်နယ်လ်ဒို | ရီးယဲယ်မက်ဒရစ် | ပေါ်တူဂီ | ၃၂×၂ | ၆၄ |
| မက်ဆီ | ဘာစီလိုနာ | အာဂျင်တီးနား | ၃၀×၂ | ၆၀ |
| ဗန်ပါစီ | အာဆင်နယ် | ဟော်လန် | ၂၆×၂ | ၅၂ |
| စီကူလာယက်ဗ် | နာဗာထရန်းစ် | လတ်ဗီးယား | ၄၆×၁ | ၄၆ |
| ယီလ်မက်ဇ် | ထရတ်ဇွန်စပေါ် | တူရကီ | ၃၀×၁.၅ | ၄၅ |
| ဂိုးမက်ဇ် | ဘေယန်မြူးနစ် | ဂျာမနီ | ၂၁×၂ | ၄၂ |
| ရွန်နီ | မန်ယူ | အင်္ဂလန် | ၂၀×၂ | ၄၀ |
| အီဘရာဟီမိုဗစ် | အေစီမီလန် | ဆွီဒင် | ၁၉×၂ | ၃၈ |
| ဟန်တယ်လာ | ရှော်လ်ကာ | ဟော်လန် | ၁၉×၂ | ၃၈ |
| ဒမ်ဘီယာ | CSKA မော်စကို | အိုင်ဗရီကို့စ် | ၂၅×၁.၅ | ၃၇.၅ |

*ဒီတစ်ပတ် ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက ပွဲအများစုကို FA ဖလားပွဲစဉ်တွေကြောင့်ရွှေ့ဆိုင်းခဲ့ရပါတယ်။ ဒါကြောင့် လာမယ့်စနေ၊ တနင်္ဂနွေနေ့တွေမှာ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက (၄)ပွဲပဲ ယှဉ်ပြိုင်ကစားမှာဖြစ်ပြီး ကျန်(၆)ပွဲကို ကြားရက်တွေကျမှ ကစားသွားမှာပါ။ ဒီတစ်ပတ်ကစားမယ့်(၄)ပွဲမှာ ဝုလ်ဗ်-မန်ယူပွဲက သက်ဆိုင်ရာရည်မှန်းချက်အသီးသီးအတွက် အရေးပါသလို၊ ဝီဂန်ကလည်း ရုန်းကန်ရမယ့်အနေအထားပါ။ ကျန်အသင်းတွေကတော့ အများခံနိုင်တဲ့အနေအထားကို ရောက်နေပါပြီ။*

# မန်ယူအနိုင်သေချာပေမယ့် ဂိုးပြတ်ဖို့ခက်ပြီး နယူးကာဆယ်၊ ဖူလ်ဟမ်တို့ကို ရွေးချယ်ရမယ့်

## ပရီးမီးယားလိဂ်ပွဲစဉ်(၂၉)အကြိုသုံးသပ်ချက်



ပထမအကျော့ ပွဲစဉ်တွင် ရွန်နီ၏ ကန်သွင်းချက်အား တားဆီးရန် ကြိုးစားနေသည့် ဝုလ်ဗ်နောက်ခံလူများ

### ဝုလ်ဗ် နှင့် မန်ယူ

| | ဝုလ်ဗ်နိုင်ပွဲ | သရေ | မန်ယူနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃၁ | ၁၃ | ၃၇ |
| စုစုပေါင်း | ၃၁ | ၁၃ | ၄၀ |

၂၀၀၂ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၃-၀၄ | ဝုလ်ဗ် | ၁-၀ | မန်ယူ |
| ၂၀၀၉-၁၀ | ဝုလ်ဗ် | ၀-၁ | မန်ယူ |
| ၂၀၁၀-၁၁ | ဝုလ်ဗ် | ၂-၁ | မန်ယူ |

Current Form

| | | | | | |
|---|---|---|---|---|---|
| ဝုလ်ဗ် | W(A) | L(H) | D(A) | L(A) | L(H) |
| မန်ယူ | D(A) | W(H) | W(A) | W(A) | W(H) |

ခက်ခက်ခဲခဲရယူထားတဲ့ ထိပ်ဆုံးနေရာကို မန်ယူအလွယ်တကူလက်လွှတ်ခံမှာမဟုတ်ပါဘူး။ သရေကျရင် မန်စီးတီးက ချက်ချင်းပြန်ကျော်တက်သွားနိုင်လို့ သတိထားကစားမှာပါ။ သတိထားကစားမယ်ဆိုတဲ့ အပိုင်းက အနိုင်သေချာအောင်ကစားမှာဖြစ်လို့ စောစောစီးစီး (၂)ဂိုးမရရင် အနိုင်ဂိုးရတာနဲ့ မန်ယူထိန်းကစားမှာပါ။ ဝုလ်ဗ်ကလည်း တန်းဆင်းဇုန်အတွက် ရုန်းကန်နေတဲ့အသင်းဖြစ်လို့ အနိမ့်ဆုံးသရေတစ်မှတ်ရအောင်ကြိုးစားမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် မန်ယူရဲ့အနိုင်ရလဒ်က သေချာသလို၊ ဂိုးပြတ်ဖို့လည်း လုံးဝမလွယ်ပါဘူး။



### ဖူလ်ဟမ် နှင့် ဆွမ်ဆီး

| | ဖူလ်ဟမ်နိုင်ပွဲ | သရေ | ဆွမ်ဆီးနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၀ | ၀ | ၁ |
| စုစုပေါင်း | ၁ | ၁ | ၁ |

Current Form

| | | | | | |
|---|---|---|---|---|---|
| ဖူလ်ဟမ် | L(A) | W(H) | W(A) | W(H) | L(A) |
| ဆွမ်ဆီး | W(A) | L(H) | L(A) | W(A) | W(H) |

ပထမအကျော့ဆွမ်ဆီးကွင်းမှာ ဆွမ်ဆီးက(၂-၀)ဂိုးနဲ့အနိုင်ရခဲ့ပါတယ်။ လက်ရှိအချိန်မှာလည်း ဆွမ်ဆီးက ပုံစံကောင်းပြန်ရနေပါပြီ။ ဒါပေမယ့် ဖူလ်ဟမ်ရဲ့ အိမ်ကွင်းကစားအားကို ယှဉ်နိုင်မှာမဟုတ်ပါဘူး။ ဖူလ်ဟမ်အနိုင်သေချာပါတယ်။

### ဝီဂန် နှင့် ဝက်စ်ဘရွန်း

| | ဝီဂန်နိုင်ပွဲ | သရေ | ဝက်စ်ဘရွန်းနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၄ | ၁ | ၂ |
| စုစုပေါင်း | ၅ | ၁ | ၃ |

၂၀၀၄ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၅-၀၆ | ဝီဂန် | ၀-၁ | ဝက်စ်ဘရွန်း |
| ၂၀၀၈-၀၉ | ဝီဂန် | ၂-၁ | ဝက်စ်ဘရွန်း |
| ၂၀၁၀-၁၁ | ဝီဂန် | ၁-၀ | ဝက်စ်ဘရွန်း |

Current Form

| | | | | | |
|---|---|---|---|---|---|
| ဝီဂန် | D(H) | W(A) | D(H) | L(H) | D(A) |
| ဝက်စ်ဘရွန်း | L(H) | W(A) | W(H) | W(H) | L(A) |

ဝီဂန်အတွက် လက်ကျန်(၁၀)ပွဲက အရမ်းအရေးကြီးပါတယ်။ ဝက်စ်ဘရွန်းက အပေါ်မရောက်၊ အောက်မရောက်အသင်းဖြစ်ပြီးအမှတ်မလိုပါဘူး။ ဝက်စ်ဘရွန်းအားထည့်ကစားရင် ဝီဂန်မလွယ်ပေမယ့် လက်ရှိအနေအထားအရ ဝီဂန်သရေနဲ့ အနိုင်ပါပဲ။

### ပထမအကျော့ရလဒ်များ ၁၀/၁၁-၁၂-၂၀၁၁

| | | |
|---|---|---|
| အာဆင်နယ် | ၁-၀ | အဲဗာတန် |
| ဘော်လ်တန် | ၁-၂ | ဗီလာ |
| ချယ်လ်ဆီး | ၂-၁ | မန်စီးတီး |
| လီဗာပူးလ် | ၁-၀ | QPR |
| မန်ယူ | ၄-၁ | ဝုလ်ဗ် |
| နော့ဝစ်ချ် | ၄-၂ | နယူးကာဆယ် |
| စတုတ်စီးတီး | ၂-၁ | စပါး |
| ဆန်းဒါးလန်း | ၂-၁ | ဘလက်ဘန်း |
| ဆွမ်ဆီး | ၂-၀ | ဖူလ်ဟမ် |
| ဝက်စ်ဘရွန်း | ၁-၂ | ဝီဂန် |

### ဂိုးအများဆုံးသွင်းယူထား သူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဗန်ပါစီ | အာဆင်နယ် | ၂၅ |
| ရွန်နီ | မန်ယူ | ၁၈ |
| ဒမ်ဘာဘား | နယူးကာဆယ် | ၁၆ |
| အဂူရို | မန်စီးတီး | ၁၆ |
| ဇီကို | မန်စီးတီး | ၁၃ |
| ယာကူဘူ | ဘလက်ဘန်း | ၁၃ |



### ဂိုးဖန်တီးမှုအများဆုံးကစားသမားများ

ဆေးလ်ဗား (မန်စီးတီး) - ၁၄ ကြိမ်
အဒီဘာယော(စပါး) - ၁၂ ကြိမ်
ဗလင်စီယာ(မန်ယူ) - ၁၀ ကြိမ်
နာနီ(မန်ယူ) - ၉ ကြိမ်
ဘေးလ် (စပါး) - ၉ ကြိမ်
ဂစ် (မန်ယူ) - ၉ ကြိမ်
မာတာ (ချယ်လ်လ်ဆီး) - ၉ ကြိမ်



### နယူးကာဆယ် နှင့် နော့ဝစ်ချ်

| | နယူးကာဆယ်နိုင်ပွဲ | သရေ | နော့ဝစ်ချ်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၁၀ | ၇ | ၈ |
| စုစုပေါင်း | ၁၁ | ၇ | ၈ |

၁၉၉၂ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၁၉၉၃-၉၄ | နယူးကာဆယ် | ၃-၀ | နော့ဝစ်ချ် |
| ၁၉၉၄-၉၅ | နယူးကာဆယ် | ၃-၀ | နော့ဝစ်ချ် |
| ၂၀၀၄-၀၅ | နယူးကာဆယ် | ၂-၂ | နော့ဝစ်ချ် |

Current Form

| | | | | | |
|---|---|---|---|---|---|
| နယူးကာဆယ် | W(H) | L(A) | D(H) | D(H) | L(A) |
| နော့ဝစ်ချ် | W(H) | W(A) | L(H) | L(A) | D(H) |

နယူးကာဆယ်တို့ ခြေစွမ်းကောင်းသလောက် ရလဒ်တွေမကောင်းပါဘူး။ နော့ဝစ်ချ်ကလည်း အထက်မရောက်၊ အောက်မရောက်အနေအထားမှာ ကစားပုံလျော့လာပြီး အမှတ်တွေဝေနေပါတယ်။ နယူးကာဆယ်က ဥရောပဝင်ခွင့်မျှော်လင့်နိုင်တာ၊ အိမ်ကွင်းဖြစ်နေတာတွေကြောင့် အနိုင်ကစားမှာပါ။

### ပရီးမီးယားလိဂ်အမှတ်ပေးဇယား

| | | စုစုပေါင်း | | | | | | အိမ်ကွင်း | | | | | အဝေးကွင်း | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာခြားမှု | ရမှတ် |
| ၁ | မန်ယူ | ၂၈ | ၂၁ | ၄ | ၃ | ၆၈ | ၂၇ | ၁၁ | ၁ | ၂ | ၃၉ | ၁၅ | ၁၀ | ၃ | ၁ | ၂၉ | ၁၂ | ၄၁ | ၆၇ |
| ၂ | မန်စီးတီး | ၂၈ | ၂၁ | ၃ | ၄ | ၆၉ | ၂၀ | ၁၄ | ၀ | ၀ | ၄၂ | ၆ | ၇ | ၃ | ၄ | ၂၇ | ၁၄ | ၄၉ | ၆၆ |
| ၃ | စပါး | ၂၈ | ၁၆ | ၅ | ၇ | ၅၂ | ၃၄ | ၁၀ | ၂ | ၂ | ၃၀ | ၁၃ | ၆ | ၃ | ၅ | ၂၂ | ၂၁ | ၁၈ | ၅၃ |
| ၄ | အာဆင်နယ် | ၂၈ | ၁၆ | ၄ | ၈ | ၅၇ | ၃၉ | ၁၀ | ၂ | ၂ | ၃၁ | ၁၂ | ၆ | ၂ | ၆ | ၂၆ | ၂၇ | ၁၈ | ၅၂ |
| ၅ | ချယ်လ်ဆီး | ၂၈ | ၁၄ | ၇ | ၇ | ၄၈ | ၃၂ | ၉ | ၂ | ၃ | ၃၁ | ၁၉ | ၅ | ၅ | ၄ | ၁၇ | ၁၃ | ၁၆ | ၄၉ |
| ၆ | နယူးကာဆယ် | ၂၈ | ၁၂ | ၈ | ၈ | ၄၀ | ၄၁ | ၇ | ၅ | ၂ | ၂၁ | ၁၅ | ၅ | ၃ | ၆ | ၁၉ | ၂၆ | -၁ | ၄၄ |
| ၇ | လီဗာပူးလ် | ၂၈ | ၁၁ | ၉ | ၈ | ၃၃ | ၂၆ | ၅ | ၈ | ၁ | ၁၈ | ၁၀ | ၆ | ၁ | ၇ | ၁၅ | ၁၆ | ၇ | ၄၂ |
| ၈ | ဆန်းဒါးလန်း | ၂၈ | ၁၀ | ၇ | ၁၁ | ၃၆ | ၃၁ | ၆ | ၄ | ၄ | ၂၁ | ၁၃ | ၄ | ၃ | ၇ | ၁၅ | ၁၈ | ၅ | ၃၇ |
| ၉ | အဲဗာတန် | ၂၈ | ၁၀ | ၇ | ၁၁ | ၂၈ | ၃၁ | ၆ | ၃ | ၅ | ၁၅ | ၁၃ | ၄ | ၄ | ၆ | ၁၃ | ၁၈ | -၃ | ၃၇ |
| ၁၀ | ဖူလ်ဟမ် | ၂၈ | ၉ | ၉ | ၁၀ | ၃၇ | ၃၇ | ၇ | ၄ | ၃ | ၂၉ | ၁၉ | ၂ | ၅ | ၇ | ၈ | ၁၈ | ၀ | ၃၆ |
| ၁၁ | ဆွမ်ဆီး | ၂၈ | ၉ | ၉ | ၁၀ | ၃၁ | ၃၄ | ၆ | ၆ | ၂ | ၁၉ | ၁၀ | ၃ | ၃ | ၈ | ၁၂ | ၂၄ | -၃ | ၃၆ |
| ၁၂ | နော့ဝစ်ချ် | ၂၈ | ၉ | ၉ | ၁၀ | ၃၉ | ၄၅ | ၅ | ၅ | ၄ | ၂၁ | ၁၈ | ၄ | ၄ | ၆ | ၁၈ | ၂၇ | -၆ | ၃၆ |
| ၁၃ | စတုတ်စီးတီး | ၂၈ | ၁၀ | ၆ | ၁၂ | ၂၇ | ၃၉ | ၆ | ၄ | ၄ | ၁၈ | ၁၄ | ၄ | ၂ | ၈ | ၉ | ၂၅ | -၁၂ | ၃၆ |
| ၁၄ | ဝက်စ်ဘရွန်း | ၂၈ | ၁၀ | ၅ | ၁၃ | ၃၄ | ၃၇ | ၄ | ၂ | ၈ | ၁၄ | ၁၆ | ၆ | ၃ | ၅ | ၂၀ | ၂၁ | -၃ | ၃၅ |
| ၁၅ | ဗီလာ | ၂၈ | ၇ | ၁၂ | ၉ | ၃၁ | ၃၅ | ၄ | ၄ | ၆ | ၁၅ | ၁၇ | ၃ | ၈ | ၃ | ၁၆ | ၁၈ | -၄ | ၃၃ |
| ၁၆ | ဘလက်ဘန်း | ၂၈ | ၆ | ၇ | ၁၅ | ၄၀ | ၆၀ | ၄ | ၁ | ၉ | ၂၀ | ၂၇ | ၂ | ၆ | ၆ | ၂၀ | ၃၃ | -၂၀ | ၂၅ |
| ၁၇ | ဘော်လ်တန် | ၂၈ | ၇ | ၂ | ၁၉ | ၃၁ | ၅၇ | ၃ | ၂ | ၉ | ၁၇ | ၂၈ | ၄ | ၀ | ၁၀ | ၁၄ | ၂၉ | -၂၆ | ၂၃ |
| ၁၈ | QPR | ၂၈ | ၅ | ၇ | ၁၆ | ၂၉ | ၄၈ | ၂ | ၅ | ၇ | ၁၄ | ၂၂ | ၃ | ၂ | ၉ | ၁၅ | ၂၆ | -၁၉ | ၂၂ |
| ၁၉ | ဝုလ်ဗ် | ၂၈ | ၅ | ၇ | ၁၆ | ၃၀ | ၅၈ | ၃ | ၂ | ၉ | ၁၇ | ၃၀ | ၂ | ၅ | ၇ | ၁၃ | ၂၈ | -၂၈ | ၂၂ |
| ၂၀ | ဝီဂန် | ၂၈ | ၄ | ၉ | ၁၅ | ၂၄ | ၅၃ | ၁ | ၆ | ၇ | ၁၁ | ၂၄ | ၃ | ၃ | ၈ | ၁၃ | ၂၉ | -၂၉ | ၂၁ |

*ဒီတစ်ပတ်ကစားမယ့် FAဖလားပွဲစဉ်တွေမှာ ပရီးမီးယားလိဂ်အသင်း အများစုပါဝင်နေပြီး လိဂ်ချန်ပီယံရှစ်က လက်စတာတစ်သင်းပဲ ပါလာပါတယ်။ လက်စတာက အဝေးကွင်းမှာ ချယ်လ်ဆီးအသင်းနဲ့ဆုံတွေ့နေလို့ နောက်တစ်ဆင့်တက်ဖို့မဖြစ်နိုင်တော့တဲ့အနေအထားဖြစ်ပြီး ဆီမီးဖိုင်နယ်မှာတော့ပရီးမီးယားလိဂ်အသင်းတွေကိုပဲ မြင်တွေ့ရဖို့ရှိပါတယ်။ ကျန်ပွဲတွေမှာတော့ စပါးတစ်သင်းပဲ ရလဒ်ပြတ်သားနိုင်ပြီး လီဗာပူးလ်၊ အဲဗာတန်တို့ကတော့ အိမ်ကွင်းမှာ ပွဲကျပ်တွေနဲ့ရှုန်းကန်ရမှာပါ။*

# ချယ်လ်ဆီးနဲ့ စပါးတို့ အနိုင်သေချာပြီး လီဗာပူးလ်၊ အဲဗာတန်တို့ပွဲကျပ်ကစားရမယ့်

## FA ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များအကြိုသုံးသပ်ချက်



ပရီးမီးယားလိဂ်တွင်ဆုံတွေ့ခဲ့စဉ်က စတုတ်စီးတီးဘက်သို့ ဟန်ဒါဆန် ကန်သွင်းနေစဉ်

### ချယ်လ်ဆီး နှင့် လက်စတာ

| | ချယ်လ်ဆီးနိုင်ပွဲ | သရေ | လက်စတာနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃၃ | ၂၂ | ၁၇ |
| ကားလင်းဖလား | ၁ | ၀ | ၀ |
| အခြား | ၁ | ၀ | ၁ |
| စုစုပေါင်း | ၃၅ | ၂၂ | ၁၈ |

၁၉၉၈ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | | |
|---|---|---|---|---|
| ၁၉၉၉-၀၀ | ချယ်လ်ဆီး | ၁-၁ | လက်စတာ | ပရီးမီးယားလိဂ် |
| ၂၀၀၀-၀၁ | ချယ်လ်ဆီး | ၀-၂ | လက်စတာ | ပရီးမီးယားလိဂ် |
| ၂၀၀၁-၀၂ | ချယ်လ်ဆီး | ၂-၀ | လက်စတာ | ပရီးမီးယားလိဂ် |
| ၂၀၀၃-၀၄ | ချယ်လ်ဆီး | ၂-၁ | လက်စတာ | ပရီးမီးယားလိဂ် |
| ၂၀၀၇-၀၈ | ချယ်လ်ဆီး | ၄-၃ | လက်စတာ | ကားလင်း |



နှစ်သင်းဖြတ်ကျော်ခဲ့သမျှ

**ချယ်လ်ဆီး**

| | | | |
|---|---|---|---|
| တတိယအဆင့် | ချယ်လ်ဆီး | ၄-၀ | ပို့စ်မောက် |
| စတုတ္ထအဆင့် | QPR | ၀-၁ | ချယ်လ်ဆီး |
| ပဥ္စမအဆင့် | ချယ်လ်ဆီး | ၁-၁ | ဘာမင်ဂမ် |
| | ဘာမင်ဂမ် | ၀-၂ | ချယ်လ်ဆီး |

**လက်စတာ**

| | | | |
|---|---|---|---|
| တတိယအဆင့် | နော်တင်ဟမ် | ၀-၀ | လက်စတာ |
| | လက်စတာ | ၄-၀ | နော်တင်ဟမ် |
| စတုတ္ထအဆင့် | လက်စတာ | ၂-၀ | ဆွမ်ဒန်တောင်း |
| ပဥ္စမအဆင့် | နော၀စ်ချ် | ၁-၂ | လက်စတာ |

Current Form

| | | | | | |
|---|---|---|---|---|---|
| ချယ်လ်ဆီး | L(A) | W(H) | L(A) | W(A) | W(H) |
| လက်စတာ | W(A) | W(H) | L(A) | L(A) | W(H) |

ချယ်လ်ဆီးက ဒီပြိုင်ပွဲမှာ ခပ်မာမာအသင်းတွေနဲ့ တောက်လျှောက်ကစားခဲ့ရပါတယ်။ ပို့စ်မောက်၊ ဘာမင်ဂမ်၊ QPR တို့က လက်စတာထက် မသာရင်တောင် မနိမ့်တဲ့အသင်းတွေပါ။ လက်စတာရဲ့ ဖြတ်သန်းမှုကို ကြည့်ရင် နော၀စ်ချ်တစ်သင်းပဲ လောက်လောက်လားလားရှိပါတယ်။ ဒါတောင် နော၀စ်ချ်ဂိုးကံခေလို့ ဒီအဆင့်အထိရောက်လာတာပါ။ ချယ်လ်ဆီးလိုအသင်းကိုတော့ အဝေးကွင်းမှာလည်း ကစားရမှာဖြစ်လို့ ရှုံးဖို့သေချာပြီး မထင်မှတ်ဘဲ ဂိုးများများပြတ်သွားနိုင်တဲ့ပွဲပါ။

### လီဗာပူးလ် နှင့် စတုတ်စီးတီး

| | လီဗာပူးလ်နိုင်ပွဲ | သရေ | စတုတ်စီးတီးနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၄၉ | ၂၈ | ၂၁ |
| ကားလင်းဖလား | ၁ | ၀ | ၀ |
| စုစုပေါင်း | ၅၀ | ၂၈ | ၂၁ |

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | | |
|---|---|---|---|---|
| ၂၀၀၈-၀၉ | လီဗာပူးလ် | ၀-၀ | စတုတ်စီးတီး | ပရီးမီးယားလိဂ် |
| ၂၀၀၉-၁၀ | လီဗာပူးလ် | ၄-၀ | စတုတ်စီးတီး | ပရီးမီးယားလိဂ် |
| ၂၀၁၀-၁၁ | လီဗာပူးလ် | ၂-၀ | စတုတ်စီးတီး | ပရီးမီးယားလိဂ် |
| ၂၀၁၁-၁၂ | လီဗာပူးလ် | ၀-၀ | စတုတ်စီးတီး | ပရီးမီးယားလိဂ် |

နှစ်သင်းဖြတ်ကျော်ခဲ့သမျှ

**လီဗာပူးလ်**

| | | | |
|---|---|---|---|
| တတိယအဆင့် | လီဗာပူးလ် | ၅-၁ | အိုးလ်ဟမ်း |
| စတုတ္ထအဆင့် | လီဗာပူးလ် | ၂-၁ | မန်ယူ |
| ပဥ္စမအဆင့် | လီဗာပူးလ် | ၆-၁ | ဘရိုက်တန် |

**စတုတ်စီးတီး**

| | | | |
|---|---|---|---|
| တတိယအဆင့် | ဂီလင်ဟမ် | ၁-၃ | စတုတ်စီးတီး |
| စတုတ္ထအဆင့် | ဒါဘီ | ၀-၂ | စတုတ်စီးတီး |
| ပဥ္စမအဆင့် | ခရော်လေ | ၀-၂ | စတုတ်စီးတီး |

Current Form

| | | | | | |
|---|---|---|---|---|---|
| လီဗာပူးလ် | W(H) | W(A) | L(H) | L(A) | W(H) |
| စတုတ်စီးတီး | W(A) | L(A) | W(H) | W(H) | L(A) |

စတုတ်စီးတီးက မနှစ်က FA ဖလားမှာ ဗိုလ်လုပွဲရောက်ခဲ့တဲ့အသင်းပါ။ ဒါကြောင့် လီဗာပူးလ်အတွက် မလွယ်ကူတဲ့ပွဲစဉ်လို့ ပြောနိုင်ပါတယ်။ နှစ်သင်းစလုံးက ဒီနှစ်ပြိုင်ပွဲမှာလည်း ပြိုင်ဘက်တွေကို ပြန်ကန်ပွဲမကစားဘဲ ပြတ်သားတဲ့ရလဒ်တွေနဲ့ နောက်တစ်ဆင့်တက်လာတာပါ။ လီဗာပူးလ်နိုင်ဖို့များပေမယ့် သရေကျပြီး ပြန်ကန်ပွဲကစားရဖို့လည်းရှိပါတယ်။

### စပါး နှင့် ဘော်လ်တန်

| | စပါးနိုင်ပွဲ | သရေ | ဘော်လ်တန်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃၆ | ၁၄ | ၃၃ |
| FA ဖလား | ၁ | ၁ | ၀ |
| ကားလင်းဖလား | ၁ | ၀ | ၀ |
| စုစုပေါင်း | ၃၈ | ၁၅ | ၃၃ |

၂၀၀၆ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | | |
|---|---|---|---|---|
| ၂၀၀၇-၀၈ | စပါး | ၁-၁ | ဘော်လ်တန် | ပရီးမီးယားလိဂ် |
| ၂၀၀၈-၀၉ | စပါး | ၂-၀ | ဘော်လ်တန် | ပရီးမီးယားလိဂ် |
| ၂၀၀၉-၁၀ | စပါး | ၁-၀ | ဘော်လ်တန် | ပရီးမီးယားလိဂ် |
| ၂၀၁၀-၁၁ | စပါး | ၂-၁ | ဘော်လ်တန် | ပရီးမီးယားလိဂ် |
| ၂၀၁၁-၁၂ | စပါး | ၃-၀ | ဘော်လ်တန် | ပရီးမီးယားလိဂ် |

နှစ်သင်းဖြတ်ကျော်ခဲ့သမျှ

**စပါး**

| | | | |
|---|---|---|---|
| တတိယအဆင့် | စပါး | ၃-၀ | ချယ်လ်တင်ဟမ် |
| စတုတ္ထအဆင့် | ဝက်ဖို့ဒ် | ၀-၁ | စပါး |
| ပဥ္စမအဆင့် | စတီဗန်နေ့ချ် | ၀-၀ | စပါး |
| | စပါး | ၃-၁ | စတီဗန်နေ့ချ် |

**ဘော်လ်တန်**

| | | | |
|---|---|---|---|
| တတိယအဆင့် | မက္ကလက်ဖီးလ် | ၂-၂ | ဘော်လ်တန် |
| | ဘော်လ်တန် | ၂-၀ | မက္ကလက်ဖီးလ် |
| စတုတ္ထအဆင့် | ဘော်လ်တန် | ၂-၁ | ဆွမ်ဆီး |
| ပဥ္စမအဆင့် | မီဝေါလ် | ၀-၂ | ဘော်လ်တန် |

Current Form

| | | | | | |
|---|---|---|---|---|---|
| စပါး | D(A) | L(A) | L(H) | W(H) | L(A) |
| ဘော်လ်တန် | L(H) | W(A) | L(A) | L(A) | W(H) |

ဘော်လ်တန် ဒီရာသီမှာအသင်းကြီးတွေနဲ့တွေ့တိုင်း ဂိုးအလျှုပေးနေတာဖြစ်ပါတယ်။ စပါးကလည်း အိမ်ကွင်းမှာဂိုးသွင်းခြေစွမ်းပြနေတဲ့အသင်းဖြစ်ပြီး တိုက်စစ်ပိုင်းကောင်းမွန်ပါတယ်။ အမြန်နှုန်းနဲ့ ထိုးဖောက်တဲ့အသင်းတွေကို ဘော်လ်တန်ခံစစ်ကထိန်းချုပ်နိုင်ခြင်းမရှိတာကြောင့်လည်း ဘေးလ်၊ လန်နွန်တို့ရဲ့ တောင်ပံတွေနဲ့ အဒီဘာယော၊ ဒီဖိုးတို့ရဲ့တိုက်စစ်ပိုင်းကို (၂)ဂိုးနဲ့အထက်ပေးရဖို့သေချာပါတယ်။ ဘော်လ်တန်တိုက်စစ်ကလည်း စပါးခံစစ်ကြောင်းကို ဂိုးသွင်းနိုင်ဖို့မလွယ်ပါဘူး။ စပါးနိုင်ဖို့သေချာပြီး ဂိုးပြတ်၊ မပြတ်ဘဲစောင့်ကြည့်ရမှာပါ။

### အဲဗာတန် နှင့် ဆန်းဒါးလန်း

| | အဲဗာတန်နိုင်ပွဲ | သရေ | ဆန်းဒါးလန်းနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၆၇ | ၂၅ | ၆၁ |
| FA ဖလား | ၁ | ၀ | ၀ |
| စုစုပေါင်း | ၆၈ | ၂၅ | ၆၁ |

၂၀၀၄ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | | |
|---|---|---|---|---|
| ၂၀၀၅-၀၆ | အဲဗာတန် | ၂-၂ | ဆန်းဒါးလန်း | ပရီးမီးယားလိဂ် |
| ၂၀၀၇-၀၈ | အဲဗာတန် | ၇-၁ | ဆန်းဒါးလန်း | ပရီးမီးယားလိဂ် |
| ၂၀၀၈-၀၉ | အဲဗာတန် | ၃-၀ | ဆန်းဒါးလန်း | ပရီးမီးယားလိဂ် |
| ၂၀၀၉-၁၀ | အဲဗာတန် | ၂-၀ | ဆန်းဒါးလန်း | ပရီးမီးယားလိဂ် |
| ၂၀၁၀-၁၁ | အဲဗာတန် | ၂-၀ | ဆန်းဒါးလန်း | ပရီးမီးယားလိဂ် |

နှစ်သင်းဖြတ်ကျော်ခဲ့သမျှ

**အဲဗာတန်**

| | | | |
|---|---|---|---|
| တတိယအဆင့် | အဲဗာတန် | ၂-၀ | တမ်းဝေါ့ |
| စတုတ္ထအဆင့် | အဲဗာတန် | ၂-၁ | ဖူလ်ဟမ် |
| ပဥ္စမအဆင့် | အဲဗာတန် | ၂-၀ | ဘလက်ပူးလ် |

**ဆန်းဒါးလန်း**

| | | | |
|---|---|---|---|
| တတိယအဆင့် | ပီတာဘရော့ | ၀-၂ | ဆန်းဒါးလန်း |
| စတုတ္ထအဆင့် | ဆန်းဒါးလန်း | ၁-၁ | မစ်ဒယ်ဘရော့ |
| | မစ်ဒယ်ဘရော့ | ၁-၂ | ဆန်းဒါးလန်း |
| ပဥ္စမအဆင့် | ဆန်းဒါးလန်း | ၂-၀ | အာဆင်နယ် |

Current Form

| | | | | | |
|---|---|---|---|---|---|
| အဲဗာတန် | W(H) | W(H) | D(A) | W(H) | L(A) |
| ဆန်းဒါးလန်း | L(H) | W(H) | L(A) | D(A) | W(H) |

မာကျောတဲ့အသင်းတွေဖြစ်ပြီး နှစ်သင်းစလုံးအတွက်မလွယ်ကူတဲ့ပွဲပါ။ ဒီနှစ်သင်းကြား တူညီတဲ့အချက်အတော်များများရှိပါတယ်။ နှစ်သင်းစလုံးက တိုက်စစ်ပိုင်းအားနည်းပြီး ကွင်းလယ်တောင့်တင်းတာ၊ ခံစစ်မာကျောတာဆိုတဲ့ အပိုင်းတွေမှာ ထပ်တူနီးပါးတူညီနေပြီးအသင်းလိုက်စုစည်းမှုရှိပုံချင်းလည်းတူပါတယ်။ အဲဗာတန်က ဒီပြိုင်ပွဲမှာ အိမ်ကွင်းပွဲစဉ်တွေ ဆက်တိုက်ကစားနေရပြီး နိုင်သင့်တဲ့ပွဲတွေကို အနိုင်ကစားခဲ့ပါတယ်။ ဆန်းဒါးလန်းကလည်း အာဆင်နယ်ကိုကျော်ဖြတ်လာခဲ့သလို၊ ပီတာဘရော့၊ မစ်ဒယ်ဘရော့တို့ကို အဝေး ကွင်းမှာကျော်ဖြတ်ခဲ့ပါတယ်။ ဒါကြောင့်ဒီပွဲမှာလည်း အဲဗာတန်ကို သရေခံကစားဖို့ ကြိုးစားဦးမှာပါ။ အဲဗာတန်မရှုံးနိုင်ပေမယ့်နိုင်ဖို့လည်း ခက်ခက်ခဲခဲရုန်းကန်ရမှာဖြစ်ပြီး သရေကျသွားဖို့များပါတယ်။

*အခုဆိုရင် လာလီဂါမှာ တစ်သင်းကို (၂၆)ပွဲစီကစားပြီးသွားပါပြီ။ နောက်ထပ်ကစားဖို့(၁၂)ပွဲစီပဲကျန်တော့တယ်။ ဒီအချိန်ထိ ထိပ်ဆုံး(၂)သင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်နဲ့ဘာစီလိုနာကြားမှာ အပြောင်းအလဲဘာမှမရှိသေးဘူး။ ရီးယဲလ်က(၁၀)မှတ်ဖြတ်ပြီးဦးဆောင်နေဆဲပါပဲ။ ဒီလိုပုံဆိုရင်တော့ ဘာစီလိုနာရဲ့ဒီရာသီမျှော်လင့်နေရတဲ့ချန်ပီယံမျှော်လင့်ချက်ကလည်း တဖြည်းဖြည်းနဲ့အားနည်းသထက်အားနည်းလာနေသလိုပါပဲ။ အခုအချိန်ထိ ရီးယဲလ်ရဲ့ခြေစွမ်းအရ လက်ကျန်(၁၂)ပွဲမှာ (၄)ပွဲရှုံးမယ့်အနေအထားမျိုးကိုသိပ်မတွေ့ရဘူး။ ဒါကြောင့် ဘာစီလိုနာအတွက်တော့ ချန်ပီယံဆုကို တဖြည်းဖြည်းလက်လျှော့လာနေရတဲ့အနေအထားမျိုးနဲ့ကြုံနေရပြီလို့ဆိုနိုင်တယ်။ ဒီတစ်ပတ်ဆိုလည်း ရီးယဲလ်က အိမ်ကွင်းမှာ မာလာဂါကိုလက်ခံကစားရမယ့်အချိန်မှာ ဘာစီလိုနာကတော့ အဝေးကွင်းမှာ ဆီဗီလာလိုအသင်းနဲ့ကစားရဖို့ရှိနေလို့ ဒီ(၂)သင်းကြားမှာအမှတ်ကွာဟမှုအပြောင်းအလဲဖြစ်သွားဦးမလားဆိုတာ စောင့်ကြည့်ချင်စရာကောင်းနေတယ်။ ။ ။*

# အဝေးကွင်းမှာ အသင်းကြီးတွေရုန်းကန်ရဖို့ရှိပြီး အိမ်ကွင်းမှာ အက်စ်ပန်ညိုနိုင်ပွဲဆက်ဖို့သေချာနေတဲ့

## လာ လီ ဂါ ပွဲ စဉ် (၂၈) အ ကြို သုံး သပ် ချက်

လှသန့်အေး



ပထမအကျော့ဆုံတွေ့ခဲ့စဉ်က အင်နီယေစတာ၏ထိုးဖောက်မှုကို ဆီဗီလာနောက်ခံလူဖာဇီယိုတားဆီးနေစဉ်

### ဆီဗီလာ နှင့် ဘာစီလိုနာ

| | ဆီဗီလာနိုင်ပွဲ | သရေ | ဘာစီလိုနာနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃၅ | ၃၀ | ၇၀ |
| စုစုပေါင်း | ၃၈ | ၃၃ | ၇၄ |

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၈-၀၉ | ဆီဗီလာ | ၀-၃ | ဘာစီလိုနာ |
| ၂၀၀၉-၁၀ | ဆီဗီလာ | ၂-၃ | ဘာစီလိုနာ |
| ၂၀၁၀-၁၁ | ဆီဗီလာ | ၁-၁ | ဘာစီလိုနာ |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဆီဗီလာ | L(A) | W(H) | W(A) | D(H) | L(A) |
| ဘာစီလိုနာ | L(A) | W(H) | W(A) | W(H) | W(A) |



ဘာစီလိုနာအတွက်တော့ ဆီဗီလာဟာ တကယ့်ပြိုင်ဘက်ကောင်းပါပဲ။ ပြီးခဲ့တဲ့ရာသီက ဆီဗီလာကွင်းမှာလည်း ဘာစီလိုနာအနိုင်မရခဲ့သလို၊ ဒီရာသီ ဘာစီလိုနာကို နူးကမ့်မှာ သရေရအောင်ခံကစားပြနိုင်တဲ့ တစ်သင်းတည်းသောအသင်းကလည်း ဆီဗီလာဖြစ်နေတယ်။ နောက်ပြီး ဆီဗီလာဟာ အခုနောက်ပိုင်း ဥရောပပွဲဝင်ခွင့်မျှော်လင့်ချက်နဲ့ပြန်ကြိုးစားကစားနေပြီး အသင်းကစားပုံလည်း ပြန်တက်လာနေသလိုတွေ့ရတယ်။ အဝေးကွင်းခြေစွမ်းပုံမှန်မရသေးပေမယ့် (၂)ပွဲဆက်ရှုံးပွဲမရှိခဲ့ဘူး။ အိမ်ကွင်းမှာ အက်သလက်တီကို ကိုသရေ၊ အိုဆာဆူနာကိုအနိုင်ရအောင်ကစားထားတဲ့ ဆီဗီလာဟာ အိမ်ကွင်းဆိုရင် ပိုအားစိုက်ကစားနေသလို၊ ဘာစီလိုနာနဲ့တွေ့ရင်လည်း အကောင်းဆုံးရင်ဆိုင်ပြနိုင်ဖို့ကြိုးစားလေ့ရှိတယ်။

ဘာစီလိုနာကလည်း အဝေးကွင်းဆိုရင် ဂိုးရဖို့ရုန်းကန်နေရဆဲပါပဲ။ အခုလည်း ဘာစီလိုနာအနေနဲ့ ဆီဗီလာရဲ့ခံစစ်ပိတ်ကစားမှုကိုခံရဖွယ်ရှိနေပြန်လို့ ဂိုးတွေရဖို့လွယ်ပါ့မလားစဉ်းစားရတော့မယ်။ ဆီဗီလာဟာ တိုက်စစ်ပိုင်းပုံမှန်မရှိသေးပေမယ့်လည်း ခံစစ်ကစားပုံကမဆိုးဘူးပြောနိုင်တယ်။ ပထမအကျော့ နူးကမ့်မှာလည်း ဘာစီလိုနာကိုခံစစ်ပိတ်ကစားပြီး အမှတ်ယူသွားသလိုမျိုး ဒီပွဲမှာလည်း ထပ်ကစားဖို့များနေတယ်။ ဘာစီလိုနာကတော့ အခုနောက်ပိုင်း လူငယ်တချို့ကိုပွဲထုတ်ပြီး ခံစစ်(၃)ယောက်နဲ့တိုက်စစ်အားပြုပုံစံကိုပိုအသုံးပြုကစားနေပေမယ့် အဝေးကွင်းမှာတော့ ဂိုးရဖို့ပုံမှန်စွမ်းဆောင်နိုင်လေ့မရှိဘူး။ အဝေးကွင်းပွဲအများစုမှာ (၂)ဂိုးရအောင်မနည်းကစားနေရတဲ့ ဘာစီလိုနာဟာ အခုပွဲမှာလည်း အိမ်ရှင်ရဲ့မခံချင်စိတ်နဲ့တုံ့ပြန်ကစားမှုအောက်မှာ အခက်တွေ့ဦးမယ်နဲ့တူတယ်။ ဆီဗီလာနဲ့ဂိုးအနည်းပဲရွေးထားချင်တယ်။

### ရီးယဲလ်မက်ဒရစ် နှင့် မာလာဂါ

| | ရီးယဲလ်နိုင်ပွဲ | သရေ | မာလာဂါနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃၉ | ၁၃ | ၉ |
| စုစုပေါင်း | ၄၁ | ၁၃ | ၉ |

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၈-၀၉ | ရီးယဲလ် | ၄-၃ | မာလာဂါ |
| ၂၀၀၉-၁၀ | ရီးယဲလ် | ၂-၀ | မာလာဂါ |
| ၂၀၁၀-၁၁ | ရီးယဲလ် | ၇-၀ | မာလာဂါ |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ရီးယဲလ်မက်ဒရစ် | W(H) | W(H) | W(A) | W(H) | W(A) |
| မာလာဂါ | W(H) | L(A) | W(H) | W(A) | W(H) |

ဒီရာသီ(၄)ပွဲမြောက်အတွေ့မှာ ရီးယဲလ်နိုင်ပွဲဆက်ပါဦးမလား စိတ်ဝင်စားစရာပါပဲ။ ပထမအကျော့ အဝေးကွင်းမှာ (၄-၀)ဂိုးနဲ့ဂိုးပြတ်အနိုင်ရထားပေမယ့် စပိန်ဘုရင့်ဖလား(၂)ပွဲမှာ ရီးယဲလ်နိုင်မယ့်သာနိုင်တယ် အတော်လေးကိုခက်ခက်ခဲခဲကစားခဲ့ရတယ်။ အခုလည်း မာလာဂါဟာ ချန်ပီယံလိဂ်လက်ကျန်ခြေစစ်ပွဲဝင်ခွင့်တစ်နေရာဖြစ်တဲ့ အဆင့်(၄)နေရာကိုမျှော်လင့်လို့ရနေပြီဖြစ်လို့ သေချာအားထည့်ပြီးပြန်ကစားနေတာတွေ့ရတယ်။ နောက်ဆုံး(၃)ပွဲမှာ (၃)ပွဲစလုံးနိုင်၊ (၉)ဂိုးအထိသွင်းထားနိုင်တဲ့ မာလာဂါရဲ့တိုက်စစ်ကလည်း ခံစစ်မငြိမ်တဲ့ ရီးယဲလ်ကို စပိန်ဘုရင့်ဖလားပထမအကျော့ကလို ဒုက္ခပေးနိုင်ဦးမယ့်ပုံပဲ။ အထူးသဖြင့် ရီးယဲလ်ဟာ ကြားမှာ CSKA မော်စကိုနဲ့ ချန်ပီယံလိဂ်အဆုံးအဖြတ်ပွဲကစားထားရတဲ့အချိန်မှာ မာလာဂါအတွက်ကတော့ ဒီပွဲအပေါ်ပြင်ဆင်ချိန်ပိုရပြီး ကြံ့ခိုင်မှုပိုင်းပါ ပိုအားကောင်းနေနိုင်တာကိုလည်း ထည့်တွက်ထားရမယ်ထင်တယ်။ ဒါပေမယ့် မာလာဂါရဲ့အဝေးကွင်း(၆)ပွဲမှာ ပြီးခဲ့တဲ့ဂီတာဖေးနဲ့ပွဲရောက်မှ နိုင်ပွဲ(၁)ပွဲပြန်ရတာ၊ အဝေးကွင်းမှာ ခံစစ်ပိုင်း တည်ငြိမ်မှုအားနည်းတတ်တာတွေက ရီးယဲလ်ရဲ့အိမ်ကွင်းဖိအားဒဏ်ကို တောင့်ခံဖို့ခက်ခဲနိုင်မယ့် အားနည်းမှုတွေပဲဖြစ်တယ်။ ဒီ(၂)သင်းရဲ့လက်ရှိခြေစွမ်းတွေအရတော့ ဂိုးတွေအပြန်အလှန်သွင်းနိုင်မယ့်ပုံမျိုးရှိလို့ ဂိုးများသွားနိုင်တဲ့အနေအထားမှာတော့ရှိနေတယ်။ ဥရောပဝင်ခွင့်မျှော်လင့်ချက်လည်းရှိနေပြီး အပြိုင်အသင်းတွေလည်းများနေတဲ့အချိန်မှာ မာလာဂါဟာ ရီးယဲလ်ထက်စာရင် အမှတ်ရရေးပိုပြီးစိတ်ဓာတ်ထည့်ကစားဖို့ရှိမယ်ထင်တယ်။ ဒါကြောင့် အခုပွဲအတွက် ဘာနေဗျူးမှာဆိုပေမယ့် မာလာဂါကိုပဲပိုကြိုက်နေမိတယ်။

### ဗီလ်ဘာအို နှင့် ဗလင်စီယာ

| | ဗီလ်ဘာအိုနိုင်ပွဲ | သရေ | ဗလင်စီယာနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၅၇ | ၃၅ | ၆၁ |
| စုစုပေါင်း | ၅၉ | ၃၅ | ၆၃ |

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၈-၀၉ | ဗီလ်ဘာအို | ၃-၂ | ဗလင်စီယာ |
| ၂၀၀၉-၁၀ | ဗီလ်ဘာအို | ၁-၂ | ဗလင်စီယာ |
| ၂၀၁၀-၁၁ | ဗီလ်ဘာအို | ၁-၂ | ဗလင်စီယာ |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဗီလ်ဘာအို | L(A) | W(H) | D(A) | W(H) | L(A) |
| ဗလင်စီယာ | W(H) | L(A) | L(H) | W(A) | D(H) |

နှစ်သင်းစလုံး ယူရိုပါလိဂ်ပွဲတွေအပြီး ဒီပွဲကိုကစားရမှာဖြစ်လို့ ပွဲပန်းနေကြတာချင်းတူကြတယ်။ ဒါပေမယ့် ဗီလ်ဘာအိုကတော့ အိမ်ကွင်းမှာပဲနှစ်ပွဲဆက်ကစားရမှာဖြစ်လို့ ဗလင်စီယာလောက်ပွဲမပန်းလောက်ဘူး။ အထူးသဖြင့် ယူရိုပါလိဂ်မှာ မန်ယူကိုချန်ထားနိုင်ခဲ့ရင် ဗီလ်ဘာအိုစိတ်ဓာတ်အားပါပိုကောင်းနေနိုင်တယ်။ ဗလင်စီယာကလည်း အခုတလောအဝေးကွင်းမှာရုန်းကန်နေရသလို၊ ခံစစ်ပိုင်းကလည်း စိတ်မချရဘူး။ ဒါကြောင့် ဥရောပဝင်ခွင့်မျှော်လင့်ချက်နဲ့အားထည့်ကစားမယ့် ဗီလ်ဘာအိုရဲ့အိမ်ကွင်းဂိုးသွင်းအားကိုတောင့်ခံနိုင်ဖို့ခက်မယ်ထင်တယ်။ ဗီလ်ဘာအိုနဲ့ဂိုးအများပဲရွေးထားချင်တယ်။

### မာယော့ကာ နှင့် အက်သလက်တီကို

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| မာယော့ကာ | L(A) | W(H) | L(A) | D(H) | D(A) |
| အက်သလက်တီကို | D(A) | D(A) | L(H) | D(A) | W(H) |

မာယော့ကာ အခုနောက်ပိုင်းတန်းဆင်းဇုန်နားကလွတ်ဖို့ရုန်းနေတယ်။ ကစားပုံ၊ ကစားအားလည်းပြန်ကောင်းလာနေပြီးစိတ်ဓာတ်ပိုင်းလည်းမဆိုးလှတာကိုဗလင်စီယာနဲ့(၂-၂)ဂိုးသရေကျတဲ့ပွဲမှာ (၂)ဂိုးအရှုံးကိုလိုက်ချေပနိုင်ခဲ့တာကသက်သေပါပဲ။ အခုလည်း အိမ်ကွင်းအားနဲ့ ယူရိုပါလိဂ်ကပြန်လာတဲ့ အက်သလက်တီကိုကိုဖိအားပေးနိုင်ဦးမှာသေချာတယ်။ ဒီပွဲမှာ အက်သလက်တီကိုသရေထိန်းနိုင်စွမ်းရှိ၊ မရှိကိုပဲ အဓိကစဉ်းစားရမှာဖြစ်ပြီး ပွဲပန်း၊ ခရီးပန်းလာနိုင်တဲ့ အက်သလက်တီကိုရဲ့အနေအထားအရ မာယော့ကာကိုပဲ ပိုကြိုက်နေမိတယ်။ ဂိုးများနိုင်တယ်။

### လီဗန်တေး နှင့် ဗီလာရီးယဲယ်

| | လီဗန်တေးနိုင်ပွဲ | သရေ | ဗီလာရီးယဲယ်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၂ | ၁ | ၆ |
| စုစုပေါင်း | ၂ | ၁ | ၆ |

၂၀၀၅ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၆-၀၇ | လီဗန်တေး | ၀-၂ | ဗီလာရီးယဲယ် |
| ၂၀၀၇-၀၈ | လီဗန်တေး | ၁-၂ | ဗီလာရီးယဲယ် |
| ၂၀၁၀-၁၁ | လီဗန်တေး | ၁-၂ | ဗီလာရီးယဲယ် |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| လီဗန်တေး | L(A) | L(H) | W(A) | W(H) | L(A) |
| ဗီလာရီးယဲယ် | W(H) | L(A) | D(H) | L(A) | L(H) |

လီဗန်တေးဟာ အဆင့်(၄)နေရာအတွက်အားထည့်ပြီးပြန်ကစားနေတယ်။အိမ်ကွင်းကစားပုံလည်းမာကျောမှုရှိတတ်လို့ အဝေးကွင်းအားနည်းနေသေးတဲ့ဗီလာရီးယဲယ်ကိုဖိအားပေးနိုင်မယ့်ပုံပါပဲ။ အထူးသဖြင့် ဗီလာရီးယဲယ်ရဲ့အဝေးကွင်းတိုက်စစ်ပုံမှန်မရှိမှုကလည်း ဂိုးရဖို့ခက်မယ့်ပုံရှိနေလို့ လီဗန်တေးနဲ့ဂိုးအနည်းပဲရွေးထားချင်တယ်။

### ဗယ်လက်ကာနို နှင့် ဘက်တစ်

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဗယ်လက်ကာနို | W(H) | W(A) | L(H) | W(H) | L(A) |
| ဘက်တစ် | W(H) | W(A) | D(H) | L(A) | L(H) |

ဗယ်လက်ကာနို အိမ်ကွင်းကောင်းသလို တိုက်စစ်ကလည်း ဂိုးတွေရလေ့ရှိတယ်။ အခုနောက်ပိုင်း ဘက်တစ်ကလည်း တိုက်စစ်ဖွင့်ကစားနေပြီးဂိုးတွေလည်းရနေတယ်။ (၃)ပွဲဆက်နိုင်ပွဲပျောက်နေတဲ့ဘက်တစ် ဒီပွဲမှာ နိုင်ပွဲပြန်ရဖို့ ပိုအားထည့်ကစားလာဖို့လည်းရှိနေလို့ ခံစစ်မငြိမ်တဲ့ဗယ်လက်

စာမျက်နှာ(၇)သို့ ➤➤➤

### ပထမအကျော့ရလဒ်များ

၂၂/၂၃-၁၀-၂၀၁၁

| | | |
|---|---|---|
| ဘာစီလိုနာ | ၀-၀ | ဆီဗီလာ |
| ဗလင်စီယာ | ၁-၁ | ဗီလ်ဘာအို |
| မာလာဂါ | ၀-၄ | ရီးယဲယ်မက်ဒရစ် |
| အက်သလက်တီကို | ၁-၁ | မာယော့ကာ |
| ဗီလာရီးယဲယ် | ၀-၃ | လီဗန်တေး |
| ဆိုစီဒက် | ၀-၀ | ဂီတာဖေး |
| စပို့တင်းဂီဂျွန် | ၂-၀ | ဂရန်နာဒါ |
| အိုဆာဆူနာ | ၃-၀ | ဇာရာဂိုဇာ |
| ဘက်တစ် | ၀-၂ | ဗယ်လက်ကာနို |
| ရေးဆင်း | ၀-၁ | အက်စ်ပန်ညို |

### လာလီဂါပွဲစဉ်(၂၈)

၂၀/၂၁-၃-၂၀၁၂

| | | |
|---|---|---|
| အက်သလက်တီကို | - | ဗီလ်ဘာအို |
| ဘာစီလိုနာ | - | ဂရန်နာဒါ |
| ဘက်တစ် | - | အက်စ်ပန်ညို |
| မာလာဂါ | - | ဗယ်လက်ကာနို |
| ဆိုစီဒက် | - | လီဗန်တေး |
| ရေးဆင်း | - | ဆီဗီလာ |
| စပို့တင်းဂီဂျွန် | - | မာယော့ကာ |
| ဗလင်စီယာ | - | ဇာရာဂိုဇာ |
| ဗီလာရီးယဲယ် | - | ရီးယဲယ်မက်ဒရစ် |
| အိုဆာဆူနာ | - | ဂီတာဖေး |

*ဒီတစ်ပတ်ဘွန်ဒစ်လီဂါပွဲစဉ်တွေကိုကြည့်ရင် ခြေရည်တူအသင်းတွေထိပ်တိုက်တွေ့ဆုံနေတာများပါတယ်။ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ကစားထားရမယ့် အသင်းတွေရဲ့ခြေစွမ်းကိုတော့ သတိပြုရပါလိမ့်မယ်။ ဘေယန်မြူးနစ်၊ ရှော်လ်ကာ၊ မိုချန်ဂလာဘတ်တို့ ရုန်းကန်ရဖို့ရှိပြီး ဒေါ့မွန်၊ ဟန်နိုဗာတို့ အခြေအနေကောင်းဖို့ရှိပါတယ်။*

# ဘေယန်မြူးနစ်၊ ရှော်လ်ကာတို့ ရုန်းကန်ရမယ့်

## ဘွန် ဒစ် လီ ဂါ ပွဲ စဉ် (၂၆) အ ကြို သုံး သပ် ချက်



ပြီးခဲ့သည့်ရာသီက လေဗာကူဆင်ကွင်းတွင် လေဗာကူဆင်နှင့် မိုချန်ဂလာဘတ်တို့ တွေ့ဆုံခဲ့စဉ် (ယင်းပွဲတွင် မိုချန်ဂလာဘတ်က ၆-၃ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်)

စာမျက်နှာ(၆)မှ ➤➤➤

ကာနီကို ဖိအားပေးနိုင်မယ့်ပုံပါပဲ။ ဘက်တစ်နဲ့ ဂိုးအများပဲကောင်းမယ်ထင်တယ်။

### အက်စ်ပန်ညို နှင့် ရေးဆင်း

| | အက်စ်ပန်ညိုနိုင်ပွဲ | သရေ | ရေးဆင်းနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃၈ | ၂၀ | ၂၇ |
| စုစုပေါင်း | ၃၈ | ၂၀ | ၂၇ |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| အက်စ်ပန်ညို | L(H) | D(A) | L(H) | L(A) | W(H) |
| ရေးဆင်း | D(H) | L(A) | D(H) | L(A) | L(H) |

အက်စ်ပန်ညိုက ဥရောပဝင်ခွင့်၊ ရေးဆင်းက တန်းမဆင်းရရေးအတွက်ရုန်းနေကြရလို့ ဒီပွဲဟာ အကြိတ်အနယ်ရှိမယ့်ပွဲမျိုးပဲ။ ဒါပေမယ့် အခုနောက်ပိုင်း ရေးဆင်းကစားပုံပြန်ကျနေပြီး အက်စ်ပန်ညိုကလည်း အိမ်ကွင်းမှာပြန်ရုန်းနေတဲ့အချိန်ဖြစ်လို့ အက်စ်ပန်ညိုရဲ့အိမ်ကွင်းအားကိုရေးဆင်းတောင့်ခံနိုင်ဖို့မလွယ်ဘူး။ အက်စ်ပန်ညိုနဲ့ ဂိုးအများပဲရွေးထားလိုက်တယ်။

### ဂီတာဖေး နှင့် ဆိုစီဒက်

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဂီတာဖေး | L(A) | D(H) | D(A) | L(H) | W(A) |
| ဆိုစီဒက် | W(H) | L(A) | W(H) | L(A) | W(H) |

ဂီတာဖေး အိမ်ကွင်းမှာ နိုင်ပွဲပြန်ရှာပြရမယ့် အချိန်ရောက်နေပါပြီ။ ဆိုစီဒက်ကလည်း အိမ်ကွင်းကစားပုံကောင်းသလောက် အဝေးကွင်းမှာတော့ ပုံမှန်ခြေစွမ်းမရတတ်လို့ နိုင်ပွဲပြန်ရှာမယ့် ဂီတာဖေးကိုပဲကြိုက်တယ်။ ဂိုးများမယ့်ပွဲလို့ထင်တယ်။

### ဇာရာဂိုဇာ နှင့် အိုဆာဆူနာ

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဇာရာဂိုဇာ | W(A) | L(H) | L(A) | W(H) | L(A) |
| အိုဆာဆူနာ | W(H) | L(A) | W(H) | D(A) | W(H) |

ဇာရာဂိုဇာဟာ အခုချိန်ထိတည်ငြိမ်မှုမရှိသေးဘူး။တစ်ပွဲနဲ့တစ်ပွဲခြေစွမ်းအပြောင်းအလဲမြန်တယ်။ ဒါပေမယ့် အိမ်ကွင်းမှာတော့ ကြိုးစားကစားတတ်ပြီး တိုက်စစ်ကလည်း ဂိုးရတတ်လို့ အဝေးကွင်းအားနည်းနေတတ်တဲ့ အိုဆာဆူနာကို ဖိအားပေးနိုင်ဖို့များမယ်ထင်တယ်။ ဒါပေမယ့် အိုဆာဆူနာကလည်း အဝေးကွင်းမှာပိတ်ဆို့ကစားပြီး အမှတ်ယူတတ်လို့ ဒီပွဲကိုသရေလောက်ပဲမှန်းထားချင်တယ်။ ဂိုးနည်းနိုင်တယ်။

### ဂရန်နာဒါ နှင့် စပိုတင်းဂီဂျွန်

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဂရန်နာဒါ | L(A) | W(H) | L(A) | L(H) | L(A) |
| စပိုတင်းဂီဂျွန် | L(A) | D(H) | D(A) | L(A) | W(H) |

ဂီဂျွန်ရဲ့အဝေးကွင်းကစားပုံက မငြိမ်သေးဘူး။ ဂရန်နာဒါကလည်း အိမ်ကွင်းမှာမထင်မှတ်တာတွေလုပ်ပြတတ်တယ်။ နောက်ဆုံးကစားခဲ့တဲ့(၃)ပွဲစလုံးကိုလည်းရှုံးပွဲကြုံထားလို့ ဒီပွဲမှာ ဂရန်နာဒါ အိမ်ကွင်းအားနဲ့ပြန်ရုန်းဖို့ရှိတယ်။ ဂီဂျွန်ကလည်း တန်းဆင်းအန္တရာယ်ကနေရုန်းနေရတဲ့အသင်းဖြစ်လို့ အများခံမယ် မထင်ဘူး။ ဂရန်နာဒါ အခုတလော ဂိုးပေါက်ပျောက်နေမှုကိုအခွင့်ကောင်းယူပြီး ဂီဂျွန် အဝေးကွင်းမှာဂိုးမပေးရရေးအဓိကထားကစားသွားဖို့များနေတယ်။ သရေကျဖို့များပြီး ဂိုးနည်းမယ့်ပွဲလို့ထင်တယ်။

### လာလီဂါ အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | စုစုပေါင်း နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | အိမ်ကွင်း နိုင် | သရေ | ရှုံး | အဝေးကွင်း နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ် | ၂၆ | ၂၃ | ၁ | ၂ | ၈၈ | ၂၃ | ၁၂ | ၀ | ၁ | ၁၁ | ၁ | ၁ | ၇၀ |
| ၂ | ဘာစီလိုနာ | ၂၆ | ၁၈ | ၆ | ၂ | ၇၅ | ၁၉ | ၁၂ | ၁ | ၀ | ၆ | ၅ | ၂ | ၆၀ |
| ၃ | ဗလင်စီယာ | ၂၆ | ၁၂ | ၈ | ၆ | ၄၀ | ၃၁ | ၇ | ၃ | ၃ | ၅ | ၅ | ၃ | ၄၄ |
| ၄ | မာလာဂါ | ၂၆ | ၁၂ | ၄ | ၁၀ | ၃၇ | ၃၇ | ၉ | ၂ | ၂ | ၃ | ၂ | ၈ | ၄၀ |
| ၅ | လီဗန်တေး | ၂၆ | ၁၁ | ၅ | ၁၀ | ၃၇ | ၃၇ | ၇ | ၃ | ၃ | ၄ | ၂ | ၇ | ၃၈ |
| ၆ | အိုဆာဆူနာ | ၂၆ | ၉ | ၁၁ | ၆ | ၃၁ | ၄၀ | ၈ | ၄ | ၂ | ၁ | ၇ | ၄ | ၃၈ |
| ၇ | ဘီလ်ဘာအို | ၂၆ | ၉ | ၁၀ | ၇ | ၄၂ | ၃၄ | ၆ | ၅ | ၂ | ၃ | ၅ | ၅ | ၃၇ |
| ၈ | အက်သလက်တီကို | ၂၆ | ၉ | ၉ | ၈ | ၃၆ | ၃၁ | ၇ | ၄ | ၂ | ၂ | ၅ | ၆ | ၃၆ |
| ၉ | အက်စ်ပန်ညို | ၂၆ | ၁၀ | ၆ | ၁၀ | ၃၂ | ၃၅ | ၇ | ၂ | ၄ | ၃ | ၄ | ၆ | ၃၆ |
| ၁၀ | ဗယ်လက်ကာနို | ၂၆ | ၁၀ | ၄ | ၁၂ | ၃၇ | ၄၃ | ၅ | ၁ | ၇ | ၅ | ၃ | ၅ | ၃၄ |
| ၁၁ | ဆီဗီလာ | ၂၆ | ၈ | ၉ | ၉ | ၂၇ | ၂၉ | ၆ | ၃ | ၄ | ၂ | ၆ | ၅ | ၃၃ |
| ၁၂ | ဆိုစီဒက် | ၂၆ | ၉ | ၆ | ၁၁ | ၃၀ | ၃၆ | ၆ | ၄ | ၃ | ၃ | ၂ | ၈ | ၃၃ |
| ၁၃ | ဂီတာဖေး | ၂၆ | ၈ | ၈ | ၁၀ | ၂၇ | ၃၅ | ၄ | ၅ | ၃ | ၄ | ၃ | ၇ | ၃၂ |
| ၁၄ | မာယော့ကာ | ၂၆ | ၇ | ၉ | ၁၀ | ၂၆ | ၃၂ | ၅ | ၄ | ၄ | ၂ | ၅ | ၆ | ၃၀ |
| ၁၅ | ဘက်တစ် | ၂၆ | ၉ | ၃ | ၁၄ | ၃၁ | ၃၈ | ၅ | ၃ | ၅ | ၄ | ၀ | ၉ | ၃၀ |
| ၁၆ | ဂရန်နာဒါ | ၂၆ | ၈ | ၄ | ၁၄ | ၂၂ | ၃၇ | ၅ | ၄ | ၄ | ၃ | ၀ | ၁၀ | ၂၈ |
| ၁၇ | ဗီလာရီးယဲလ် | ၂၆ | ၆ | ၉ | ၁၁ | ၂၇ | ၄၀ | ၅ | ၆ | ၂ | ၁ | ၃ | ၉ | ၂၇ |
| ၁၈ | ရေးဆင်း | ၂၆ | ၄ | ၁၂ | ၁၀ | ၂၁ | ၃၇ | ၃ | ၇ | ၄ | ၁ | ၅ | ၆ | ၂၄ |
| ၁၉ | စပိုတင်းဂီဂျွန် | ၂၆ | ၆ | ၆ | ၁၄ | ၂၄ | ၄၈ | ၄ | ၄ | ၅ | ၂ | ၂ | ၉ | ၂၄ |
| ၂၀ | ဇာရာဂိုဇာ | ၂၆ | ၄ | ၆ | ၁၆ | ၂၁ | ၄၉ | ၃ | ၃ | ၆ | ၁ | ၃ | ၁၀ | ၁၈ |

### ဒေါ့မွန် နှင့် ဝါဒါဘရီမင်

| | ဒေါ့မွန်နိုင်ပွဲ | သရေ | ဝါဒါဘရီမင်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၃၂ | ၁၆ | ၃၉ |
| စုစုပေါင်း | ၃၃ | ၁၆ | ၄၀ |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဒေါ့မွန် | W(H) | W(A) | W(H) | W(H) | D(A) |
| ဝါဒါဘရီမင် | D(H) | W(A) | L(H) | L(A) | W(H) |

ဒီရာသီမှာ ဒေါ့မွန်တို့ အိမ်ကွင်းရှုံးပွဲတစ်ပွဲပဲရှိပါသေးတယ်။ဒေါ့မွန်ကွင်းမှာနောက်ဆုံးတွေ့ဆုံထားတဲ့(၇)ပွဲကိုကြည့်ရင် ဒေါ့မွန်တို့ (၅)ကြိမ်အနိုင်ရပြီး (၂)ကြိမ်ရှုံးထားပါတယ်။ အိမ်ရှင်အနိုင်ပါ။

### ကိုင်ဇာစလော့တန် နှင့် ရှော်လ်ကာ

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ကိုင်ဇာစလော့တန် | L(A) | L(H) | L(A) | D(H) | D(A) |
| ရှော်လ်ကာ | L(A) | W(H) | L(A) | L(A) | W(H) |

အမှတ်ပေးဇယားအောက်ဆုံးက ကိုင်ဇာစလော့တန်တို့ အိမ်ကွင်းအားကိုးနဲ့ ဒီပွဲကိုရုန်းကန်ပါလိမ့်မယ်။ ကိုင်ဇာစလော့တန်ရဲ့ ဒီရာသီအိမ်ကွင်းရလဒ်က သိပ်အကောင်းကြီးမဟုတ်ပေမယ့် အိမ်ရှင်ရှုံးဖို့မရှိပါဘူး။

### လေဗာကူဆင် နှင့် မိုချန်ဂလာဘတ်

| | လေဗာကူဆင်နိုင်ပွဲ | သရေ | မိုချန်ဂလာဘတ်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၂၂ | ၂၃ | ၁၄ |
| စုစုပေါင်း | ၂၂ | ၂၄ | ၁၄ |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| လေဗာကူဆင် | L(A) | W(H) | W(A) | W(H) | L(A) |
| မိုချန်ဂလာဘတ် | W(H) | W(A) | D(H) | L(A) | D(H) |

မိုချန်တို့ရဲ့အဝေးကွင်းရလဒ်က သိပ်အကောင်းကြီးမဟုတ်ပါဘူး။ လေဗာကူဆင်ကတော့ အိမ်ကွင်းဆိုရင်ကစားပုံကောင်းပါတယ်။ အစဉ်အလာအရလည်း လေဗာကူဆင်ကွင်းမှာ မိုချန်တို့ ကစားရခအမြဲခက်လေ့ရှိပါတယ်။ သရေနဲ့အနိုင်ဟာအိမ်ရှင်ပါ။

### ဟန်နိုဗာ နှင့် ကိုလုံး

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဟန်နိုဗာ | D(A) | W(H) | L(A) | D(H) | L(A) |
| ကိုလုံး | L(H) | L(A) | L(H) | D(A) | W(H) |

ဒီရာသီမှာ ဟန်နိုဗာတို့ အိမ်ကွင်းရှုံးပွဲလုံးဝမရှိသေးပါဘူး။ ကိုလုံးရဲ့ ဒီရာသီအဝေးကွင်းရလဒ်ကလည်း ညံ့ပါတယ်။ (၃)ပွဲဆက်နိုင်ပွဲပျောက်နေတဲ့ အိမ်ရှင်ဟန်နိုဗာတို့ သေချာပေါက်အနိုင်ရပါလိမ့်မယ်။

### ဟာသာဘာလင် နှင့် ဘေယန်မြူးနစ်

| | ဟာသာဘာလင်နိုင်ပွဲ | သရေ | ဘေယန်မြူးနစ်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၉ | ၁၆ | ၃၀ |
| စုစုပေါင်း | ၉ | ၁၆ | ၃၀ |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဟာသာဘာလင် | L(A) | L(H) | L(A) | W(H) | L(A) |
| ဘေယန်မြူးနစ် | W(H) | D(A) | W(H) | L(A) | W(H) |

ချန်ပီယံလိဂ်ကစားထားတဲ့ဘေယန်တို့ ပွဲပန်းမယ့်ဒဏ်ရှိပါတယ်။ ဘေယန်မြူးနစ်ရဲ့ ဒီရာသီအဝေးကွင်းရလဒ်ကလည်း မငြိမ်ပါဘူး။ သရေကျဖို့များပါတယ်။

### ဟော်ဖန်ဟင်မ် နှင့် စတုဂတ်

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဟော်ဖန်ဟင်မ် | D(A) | D(H) | W(A) | D(H) | L(A) |
| စတုဂတ် | W(H) | L(A) | W(H) | W(A) | D(H) |

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုကိုကြည့်ရင် ဟော်ဖန်ဟင်မ်တို့ စတုဂတ်ကို တစ်ကြိမ်မှအနိုင်ရထားခြင်းမရှိပါဘူး။ ဒါပေမယ့် ဟော်ဖန်ဟင်မ်ရဲ့ ဒီရာသီအိမ်ကွင်းရလဒ်ကိုကြည့်ရင် တစ်ကြိမ်သာရှုံးထားဖူးပါတယ်။ အိမ်ရှင်တို့ သရေခံကစားသွားပါလိမ့်မယ်။

### နုရင်ဘတ် နှင့် ဝုလ်ဖ်ဘတ်

| | နုရင်ဘတ်နိုင်ပွဲ | သရေ | ဝုလ်ဖ်ဘတ်နိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၉ | ၆ | ၄ |
| စုစုပေါင်း | ၉ | ၉ | ၅ |

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| နုရင်ဘတ် | D(A) | W(H) | W(A) | W(H) | L(A) |
| ဝုလ်ဖ်ဘတ် | W(H) | L(A) | L(H) | D(A) | W(H) |

နုရင်ဘတ်ကွင်းမှာ ဝုလ်ဖ်ဘတ်တို့ တစ်ကြိမ်သာအနိုင်ရထားဖူးပါတယ်။ ဒီရာသီဝုလ်ဖ်ဘတ်ရဲ့ အဝေးကွင်းရလဒ်ကိုကြည့်ရင် တစ်ကြိမ်သာနိုင်ပွဲတွေ့ထားပါတယ်။ သရေကျဖို့များပြီး အနိုင်ဆိုရင် အိမ်ရှင်ပါ။

### အော့စ်ဘတ် နှင့် မိန့်ဇ်

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| အော့စ်ဘတ် | D(H) | L(A) | W(H) | D(A) | D(H) |
| မိန့်ဇ် | D(H) | D(A) | W(H) | L(A) | W(H) |

ဒီရာသီမိန့်ဇ်ရဲ့ အဝေးကွင်းရလဒ်ကိုကြည့်ရင် တစ်ကြိမ်သာအနိုင်ရထားဖူးပါတယ်။ အိမ်ကွင်းကစားရခက်တဲ့အသင်းတွေထဲမှာ တန်းတက်အော့စ်ဘတ်လည်းပါပါတယ်။ နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုကိုကြည့်ရင် ရလဒ်ပိုင်းမကွာပါဘူး။ မိန့်ဇ်တို့ သရေမျှော်လင့်နိုင်စရာရှိပါတယ်။

| ပထမအကျော့ရလဒ်များ | ဘွန်ဒစ်လီဂါပွဲစဉ်(၂၇) |
|---|---|
| ၁၄/၁၅/၁၆-၁၀-၂၀၁၁ | ၂၃/၂၄/၂၅-၃-၂၀၁၂ |
| ဘေယန်မြူးနစ် ၄-၀ ဟာသာဘာလင် | ဝုလ်ဖ်ဘတ် - ဟမ်းဘတ် |
| ရှော်လ်ကာ ၁-၂ ကိုင်ဇာစလော့တန် | ဘေယန်မြူးနစ် - ဟန်နိုဗာ |
| ကိုလုံး ၂-၀ ဟန်နိုဗာ | ဖရိုင်းဘတ် - ကိုင်ဇာစလော့တန် |
| ဖရိုင်းဘတ် ၁-၂ ဟမ်းဘတ် | မိုချန်ဂလာဘတ် - ဟော်ဖန်ဟင်မ် |
| ဝုလ်ဖ်ဘတ် ၂-၁ နုရင်ဘတ် | ဝါဒါဘရီမင် - အော့စ်ဘတ် |
| မိုချန်ဂလာဘတ် ၂-၂ လေဗာကူဆင် | မိန့်ဇ် - ဟာသာဘာလင် |
| စတုဂတ် ၂-၀ ဟော်ဖန်ဟင်မ် | ရှော်လ်ကာ - လေဗာကူဆင် |
| ဝါဒါဘရီမင် ၀-၂ ဒေါ့မွန် | စတုဂတ် - နုရင်ဘတ် |
| မိန့်ဇ် ၀-၁ အော့စ်ဘတ် | ကိုလုံး - ဒေါ့မွန် |

### ဟမ်းဘတ် နှင့် ဖရိုင်းဘတ်

CURRENT FORM

| | | | | | |
|---|---|---|---|---|---|
| ဟမ်းဘတ် | W(A) | L(H) | D(A) | L(H) | L(A) |
| ဖရိုင်းဘတ် | L(A) | D(H) | L(A) | W(H) | D(A) |

ဖရိုင်းဘတ်ရဲ့ ဒီရာသီအဝေးကွင်းရလဒ်က ညံ့ပါတယ်။ ဟမ်းဘတ်ကွင်းမှာဆိုရင် ဖရိုင်းဘတ်တို့ ရုန်းကန်ရတတ်တဲ့ အစဉ်အလာရှိပါတယ်။ အိမ်ရှင်အနိုင်ပါ။

### ဘွန်ဒစ်လီဂါအမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | စုစုပေါင်း နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | အိမ်ကွင်း နိုင် | သရေ | ရှုံး | အဝေးကွင်း နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ဒေါ့မွန် | ၂၅ | ၁၇ | ၅ | ၃ | ၅၂ | ၁၆ | ၁၀ | ၁ | ၁ | ၇ | ၄ | ၂ | ၅၆ |
| ၂ | ဘေယန်မြူးနစ် | ၂၅ | ၁၆ | ၃ | ၆ | ၅၈ | ၁၇ | ၁၁ | ၀ | ၂ | ၅ | ၃ | ၄ | ၅၁ |
| ၃ | မိုချန်ဂလာဘတ် | ၂၅ | ၁၄ | ၆ | ၅ | ၃၇ | ၁၅ | ၈ | ၅ | ၀ | ၆ | ၁ | ၅ | ၄၈ |
| ၄ | ရှော်လ်ကာ | ၂၅ | ၁၅ | ၂ | ၈ | ၅၄ | ၃၃ | ၁၀ | ၁ | ၂ | ၅ | ၁ | ၆ | ၄၇ |
| ၅ | လေဗာကူဆင် | ၂၅ | ၁၁ | ၇ | ၇ | ၃၈ | ၃၂ | ၆ | ၃ | ၃ | ၅ | ၄ | ၄ | ၄၀ |
| ၆ | ဝါဒါဘရီမင် | ၂၅ | ၁၁ | ၆ | ၈ | ၄၀ | ၃၈ | ၈ | ၂ | ၂ | ၃ | ၄ | ၆ | ၃၉ |
| ၇ | ဟန်နိုဗာ | ၂၅ | ၈ | ၁၁ | ၆ | ၃၀ | ၃၅ | ၆ | ၆ | ၀ | ၂ | ၅ | ၆ | ၃၅ |
| ၈ | စတုဂတ် | ၂၅ | ၉ | ၆ | ၁၀ | ၄၁ | ၃၃ | ၆ | ၃ | ၄ | ၃ | ၃ | ၆ | ၃၃ |
| ၉ | နုရင်ဘတ် | ၂၅ | ၉ | ၄ | ၁၂ | ၂၄ | ၃၄ | ၅ | ၃ | ၄ | ၄ | ၁ | ၈ | ၃၁ |
| ၁၀ | ဝုလ်ဖ်ဘတ် | ၂၅ | ၉ | ၄ | ၁၂ | ၃၁ | ၄၆ | ၈ | ၂ | ၃ | ၁ | ၂ | ၉ | ၃၁ |
| ၁၁ | မိန့်ဇ် | ၂၅ | ၇ | ၉ | ၉ | ၃၇ | ၃၉ | ၆ | ၂ | ၅ | ၁ | ၇ | ၄ | ၃၀ |
| ၁၂ | ဟော်ဖန်ဟင်မ် | ၂၅ | ၇ | ၉ | ၉ | ၂၈ | ၃၅ | ၃ | ၈ | ၁ | ၄ | ၁ | ၈ | ၃၀ |
| ၁၃ | ကိုလုံး | ၂၅ | ၈ | ၄ | ၁၃ | ၃၂ | ၄၆ | ၅ | ၂ | ၆ | ၃ | ၂ | ၇ | ၂၈ |
| ၁၄ | ဟမ်းဘတ် | ၂၅ | ၆ | ၉ | ၁၀ | ၂၉ | ၄၅ | ၂ | ၅ | ၆ | ၄ | ၄ | ၄ | ၂၇ |
| ၁၅ | အော့စ်ဘတ် | ၂၅ | ၄ | ၁၁ | ၁၀ | ၂၅ | ၃၉ | ၃ | ၆ | ၃ | ၁ | ၅ | ၇ | ၂၃ |
| ၁၆ | ဟာသာဘာလင် | ၂၅ | ၅ | ၈ | ၁၂ | ၂၆ | ၄၁ | ၃ | ၃ | ၆ | ၂ | ၅ | ၆ | ၂၃ |
| ၁၇ | ဖရိုင်းဘတ် | ၂၅ | ၅ | ၇ | ၁၃ | ၃၀ | ၅၂ | ၄ | ၄ | ၅ | ၁ | ၃ | ၈ | ၂၂ |
| ၁၈ | ကိုင်ဇာစလော့တန် | ၂၅ | ၃ | ၁၁ | ၁၁ | ၁၆ | ၃၂ | ၂ | ၅ | ၅ | ၁ | ၆ | ၆ | ၂၀ |

*အမှတ်ပေးဇယားထိပ်ပိုင်းက အေစီမီလန်နဲ့ ဂျူဗင်တပ်စ်ရဲ့ အမှတ်ကွာဟချက်က(၄)မှတ်ရှိသွားပါပြီ။ သိပ်မများပေမယ့် ရာသီအဆုံးသတ်ကာလကို ရောက်လာပြီဖြစ်လို့ လိုက်မီဖို့ထင်သလောက် မလွယ်တဲ့ အနေအထားပါ။ ဒီတစ်ပတ်ပွဲစဉ်တွေမှာ နှစ်သင်းစလုံးအိမ်ကွင်းမှာတဲ့အသင်းတွေနဲ့ ရင်ဆိုင်ရမှာဖြစ်ပြီး အေစီမီလန်အတွက်အမှတ်ဖြတ်နိုင်ဖို့ အခွင့်အရေးဖြစ်သလို၊ ဂျူဗင်တပ်စ်အတွက်လည်း အမှတ်ကပ်နိုင်ဖို့ အခွင့်အရေးဖြစ်ပါတယ်။ ပွဲစဉ်အနေအထားအရ အိမ်ရှင်အသင်းအများစုကို ရွေးချယ်ရမှာဖြစ်ပြီး အသင်းကြီးတွေအတွက်လည်း မချောင်လည်တဲ့ ရက်သတ္တပတ်ပါ။*

# ဇယားထိပ်ပိုင်းက အသင်းကြီးအများစုရုန်းကန်ရနိုင်ပြီး အိမ်ရှင်အသင်းတွေကို ဦးစားပေးရွေးချယ်ရမယ့်

## စီး ရီး အေ ပွဲ စဉ် (၂၈) အ ကြို သုံး သပ် ချက်



နာပိုလီတိုက်စစ်မှူး ဟမ်ဆစ် အူဒီးနီးစ်ဘက်သို့ခေါင်းတိုက်ဂိုးသွင်းယူရန် ကြိုးစားနေစဉ်

### အူဒီးနီးစ် နှင့် နာပိုလီ

| | အူဒီးနီးစ်နိုင်ပွဲ | သရေ | နာပိုလီနိုင်ပွဲ |
|---|---|---|---|
| အမှတ်ပေးပွဲ | ၁၅ | ၂၄ | ၂၀ |
| စုစုပေါင်း | ၁၅ | ၂၄ | ၂၀ |

၂၀၀၆ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၇-၀၈ | အူဒီးနီးစ် | ၀-၅ | နာပိုလီ |
| ၂၀၀၈-၀၉ | အူဒီးနီးစ် | ၀-၀ | နာပိုလီ |
| ၂၀၀၉-၁၀ | အူဒီးနီးစ် | ၃-၁ | နာပိုလီ |
| ၂၀၁၀-၁၁ | အူဒီးနီးစ် | ၃-၁ | နာပိုလီ |

Current Form

| | | | | | |
|---|---|---|---|---|---|
| အူဒီးနီးစ် | L(H) | D(H) | W(A) | D(H) | L(A) |
| နာပိုလီ | W(H) | W(A) | W(H) | W(A) | W(H) |



နာပိုလီတို့ ချယ်လ်ဆီးနဲ့ချန်ပီယံလိဂ်ပွဲကျပ်ကစားထားရမှာဖြစ်လို့ ပွဲပန်းနေနိုင်ပါတယ်။ အူဒီးနီးစ်က လူအင်အားအရနာပိုလီကိုယှဉ်နိုင်စွမ်းရှိသလို၊ အိမ်ကွင်းရလဒ်နဲ့ခြေစွမ်းပိုင်းကလည်း ကောင်းမွန်ပါတယ်။ ပြဿနာက အူဒီးနီးစ်ရဲ့လက်ရှိခြေစွမ်းကတည်ငြိမ်မှုပျောက်ဆုံးနေတာဖြစ်ပြီး ဒီအပိုင်းမှာ နာပိုလီကအပြတ်အသတ်အသာရပါတယ်။ ပုံမှန်အတိုင်းဆိုရင်တော့ သရေကျဖို့များပြီး အနိုင်ဆိုရင်အူဒီးနီးစ်ပါ။

### ကာဂလီယာရီ နှင့် စီဆီနာ

Current Form

| | | | | | |
|---|---|---|---|---|---|
| ကာဂလီယာရီ | W(H) | D(A) | L(H) | L(A) | L(A) |
| စီဆီနာ | L(H) | L(A) | L(A) | D(H) | L(H) |

နည်းပြအပြောင်းအလဲကြောင့် ကာဂလီယာရီတည်ငြိမ်မှုပျောက်ဆုံးနေနိုင်ပါတယ်။ စီဆီနာကလည်း လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအဆိုးရွားဆုံးအနေအထားကို ရောက်နေပါပြီ။ ကာဂလီယာရီနိုင်ဖို့များပြီး ဂိုးပြတ်ဖို့တော့မလွယ်ပါဘူး။

### ဘိုလောဂ်နာ နှင့် ချီယေဗို

Current Form

| | | | | | |
|---|---|---|---|---|---|
| ဘိုလောဂ်နာ | W(H) | L(H) | W(H) | D(H) | W(A) |
| ချီယေဗို | L(A) | W(A) | W(H) | D(A) | L(H) |

ဘိုလောဂ်နာရဲ့ ခြေစွမ်းကအကောင်းဆုံးပုံစံမှာရှိပါတယ်။ ချီယေဗိုကလည်း အသင်းကောင်းတစ်သင်းဖြစ်ပြီး မထင်မှတ်တာတွေလုပ်ပြတတ်တဲ့အသင်းပါ။ သရေကျဖို့များပါတယ်။

### ဆီနာ နှင့် နိုဗာရာ

Current Form

| | | | | | |
|---|---|---|---|---|---|
| ဆီနာ | L(A) | L(H) | W(H) | W(H) | W(A) |
| နိုဗာရာ | W(A) | D(H) | L(A) | L(A) | W(H) |

ဆီနာရဲ့အိမ်ကွင်းခြေစွမ်းက အသင်းကြီးတွေကိုတောင် ဒုက္ခပေးနိုင်စွမ်းရှိပါတယ်။ နိုဗာရာကလည်း အူဒီးနီးစ်ကိုအနိုင်ကစားထားသလို၊ ရှုံးတဲ့ပွဲတွေမှာလည်းဂိုးပြတ်ခဲ့ပါတယ်။ဆီနာဂိုးမပြတ်ဘဲ အနိုင်ရမှာပါ။

### ရိုးမား နှင့် ဂျီနိုအာ

၂၀၀၈ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | ရိုးမား | ၃-၀ | ဂျီနိုအာ |
| ၂၀၁၀-၁၁ | ရိုးမား | ၂-၁ | ဂျီနိုအာ |

Current Form

| | | | | | |
|---|---|---|---|---|---|
| ရိုးမား | L(A) | W(H) | L(A) | L(H) | W(A) |
| ဂျီနိုအာ | L(A) | L(H) | D(H) | D(A) | D(H) |

ဂျီနိုအာတို့နိုင်ပွဲပျောက်နေတာအတော်ကြာပါပြီ။ လက်ရှိခြေစွမ်းအတိုင်းဆိုရင် နိုင်ပွဲပြန်ရဖို့လည်းမလွယ်သေးပါဘူး။ ရိုးမားကဂျီနိုအာထက်ရလဒ်ကောင်းပေမယ့် နိုင်ပွဲနည်းပါတယ်။ ဒီပွဲလည်းသရေကျသွားနိုင်ပါတယ်။

### ဖီအိုရင်တီးနား နှင့် ဂျူဗင်တပ်စ်

၂၀၀၇ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၈-၀၉ | ဖီအိုရင်တီးနား | ၁-၁ | ဂျူဗင်တပ်စ် |
| ၂၀၀၉-၁၀ | ဖီအိုရင်တီးနား | ၁-၂ | ဂျူဗင်တပ်စ် |
| ၂၀၁၀-၁၁ | ဖီအိုရင်တီးနား | ၀-၀ | ဂျူဗင်တပ်စ် |

Current Form

| | | | | | |
|---|---|---|---|---|---|
| ဖီအိုရင်တီးနား | L(A) | L(A) | W(H) | D(A) | L(A) |
| ဂျူဗင်တပ်စ် | W(H) | D(A) | D(H) | D(A) | D(A) |

သရေပွဲတွေဆက်နေတဲ့ ဂျူဗင်တပ်စ်အမှတ်ပေးဇယားထိပ်ဆုံးနေရာကိုပြန်ရောက်ဖို့ ရုန်းကန်ရတော့မှာပါ။ ဖီအိုရင်တီးနားကလည်း အရင်လိုခြေစွမ်းမျိုးမဟုတ်ပါဘူး။ ဒါပေမယ့် အသင်းကြီးတွေနဲ့တွေ့ရင် ခြေစွမ်းပြတတ်တာကြောင့် ဂျူဗင်တပ်စ်မလွယ်ပါဘူး။ ဖီအိုရင်တီးနားသရေကစားနိုင်မှာပါ။

### လက်ချီ နှင့် ပါလာမို

Current Form

| | | | | | |
|---|---|---|---|---|---|
| လက်ချီ | D(A) | W(H) | W(A) | D(H) | L(A) |
| ပါလာမို | L(A) | W(H) | L(A) | L(H) | L(H) |

လက်ချီရဲ့ အိမ်ကွင်းခြေစွမ်းကိုလျှော့တွက်လို့မရပါဘူး။ ပါလာမိုက အဝေးကွင်းညံ့သလို၊ ခြေစွမ်းလည်းကျဆင်းနေပါတယ်။ လက်ချီသရေနဲ့အနိုင်ပါပဲ။

| ပထမအကျော့ရလဒ်များ ၂၆/၂၇/၂၈-၁၀-၂၀၁၁ | စီးရီးအေပွဲစဉ်(၂၈) ၂၅-၃-၂၀၁၂ |
|---|---|
| ဂျူဗင်တပ်စ် ၂-၁ ဖီအိုရင်တီးနား | အတ္တလန်တာ - ဘိုလောဂ်နာ |
| အတ္တလန်တာ ၁-၁ အင်တာမီလန် | လာဇီယို - ကာဂလီယာရီ |
| စီဆီနာ ၁-၁ ကာဂလီယာရီ | နာပိုလီ - ကာတာနီယာ |
| ချီယေဗို ၀-၁ ဘိုလောဂ်နာ | ဂျီနိုအာ - ဖီအိုရင်တီးနား |
| ဂျီနိုအာ ၂-၁ ရိုးမား | ဂျူဗင်တပ်စ် - အင်တာမီလန် |
| လာဇီယို ၁-၁ ကာတာနီယာ | နိုဗာရာ - လက်ချီ |
| အေစီမီလန် ၄-၁ ပါးမား | စီဆီနာ - ပါးမား |
| နာပိုလီ ၂-၀ အူဒီးနီးစ် | အေစီမီလန် - ရိုးမား |
| နိုဗာရာ ၁-၁ ဆီနာ | ချီယေဗို - စီဆီနာ |
| ပါလာမို ၂-၀ လက်ချီ | ပါလာမို - အူဒီးနီးစ် |

### စီးရီးအေအသင်းများ၏ တစ်ပွဲပျမ်းမျှဂိုးသွင်းနှုန်း

| | | | | | |
|---|---|---|---|---|---|
| ပါလာမို | ၃.၁ ဂိုး | လက်ချီ | ၂.၇၄ ဂိုး | အတ္တလန်တာ | ၂.၂၂ ဂိုး |
| ဂျီနိုအာ | ၃.၀၇ ဂိုး | ရိုးမား | ၂.၇ ဂိုး | ဘိုလောဂ်နာ | ၂.၂၂ ဂိုး |
| နာပိုလီ | ၂.၈၈ ဂိုး | ကာတာနီယာ | ၂.၆ ဂိုး | စီဆီနာ | ၂.၁၄ ဂိုး |
| အေစီမီလန် | ၂.၈၅ ဂိုး | နိုဗာရာ | ၂.၄၈ ဂိုး | ဂျူဗင်တပ်စ် | ၂.၀၇ ဂိုး |
| ပါးမား | ၂.၇၇ ဂိုး | အူဒီးနီးစ် | ၂.၂၆ ဂိုး | ချီယေဗို | ၂.၀၃ ဂိုး |
| လာဇီယို | ၂.၇၇ ဂိုး | ကာဂလီယာရီ | ၂.၂၅ ဂိုး | ဖီအိုရင်တီးနား | ၂.၀၃ ဂိုး |
| အင်တာမီလန် | ၂.၇၄ ဂိုး | ဆီနာ | ၂.၂၂ ဂိုး | (၂)သင်းပေါင်းဂိုးများဖြစ်သည်။ | |

### ပါးမား နှင့် အေစီမီလန်

၂၀၀၈ ခုနှစ်နောက်ပိုင်း အိမ်ကွင်းဆုံတွေ့ခဲ့သမျှ

| | | | |
|---|---|---|---|
| ၂၀၀၉-၁၀ | ပါးမား | ၁-၀ | အေစီမီလန် |
| ၂၀၁၀-၁၁ | ပါးမား | ၀-၁ | အေစီမီလန် |

Current Form

| | | | | | |
|---|---|---|---|---|---|
| ပါးမား | L(A) | D(A) | L(H) | D(H) | D(A) |
| အေစီမီလန် | W(A) | W(A) | D(H) | W(A) | W(H) |

စီးရီးအေမှာ အေစီမီလန်ခက်ခက်ခဲခဲကစားရမယ့် အသင်းသိပ်မရှိပါဘူး။ ပါးမားကလည်းခြေစွမ်းပိုင်းအရ အေစီမီလန်နဲ့ အဆင့်ကွာပါတယ်။ အစဉ်အလာအရဆိုရင်တော့အိမ်ကွင်းမှာ အေစီမီလန်ကိုပါးမားမကြောက်ပါဘူး။ သရေကျသွားနိုင်ပြီး အေစီမီလန်နိုင်ရင်လည်း ဂိုးမပြတ်ပါဘူး။

### အင်တာမီလန် နှင့် အတ္တလန်တာ

Current Form

| | | | | | |
|---|---|---|---|---|---|
| အင်တာမီလန် | L(H) | L(H) | L(A) | D(H) | W(A) |
| အတ္တလန်တာ | W(H) | D(A) | W(H) | D(A) | D(H) |

လူအင်အားအရ အင်တာမီလန်သာပေမယ့် လက်ရှိအချိန်မှာ အတ္တလန်တာကတောင် ခြေပိုငြိမ်နေပါတယ်။နောက်ပိုင်းပွဲတွေမှာ ခြေပြန်တက်လာသလိုရှိတာနဲ့ အိမ်ကွင်းဖြစ်နေတာတွေကြောင့် အင်တာမီလန်ကပ်တော့နိုင်သွားနိုင်ပါတယ်။

### ကာတာနီယာ နှင့် လာဇီယို

Current Form

| | | | | | |
|---|---|---|---|---|---|
| ကာတာနီယာ | W(A) | W(H) | D(A) | D(A) | W(H) |
| လာဇီယို | W(H) | L(A) | W(H) | W(A) | L(H) |

လာဇီယိုက ရှုံးတစ်လှည့်၊ နိုင်တစ်လှည့်နဲ့ ခြေမငြိမ်ပါဘူး။ ကာတာနီယာက ဥရောပဝင်ခွင့်အတွက် မျှော်လင့်ချက်ငွေ့ငွေ့ရှိနေပါသေးတယ်။ ကာတာနီယာအသာရမှာပါ။

### စီးရီးအေအမှတ်ပေးဇယား

| စဉ် | အသင်း | စုစုပေါင်း ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | အိမ်ကွင်း နိုင် | သရေ | ရှုံး | အဝေးကွင်း နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | အေစီမီလန် | ၂၇ | ၁၇ | ၆ | ၄ | ၅၅ | ၂၂ | ၈ | ၄ | ၁ | ၉ | ၂ | ၃ | ၅၇ |
| ၂ | ဂျူဗင်တပ်စ် | ၂၇ | ၁၃ | ၁၄ | ၀ | ၃၉ | ၁၇ | ၈ | ၅ | ၀ | ၅ | ၉ | ၀ | ၅၃ |
| ၃ | လာဇီယို | ၂၇ | ၁၄ | ၆ | ၇ | ၄၂ | ၃၃ | ၇ | ၄ | ၃ | ၇ | ၂ | ၄ | ၄၈ |
| ၄ | နာပိုလီ | ၂၇ | ၁၂ | ၁၀ | ၅ | ၅၀ | ၂၈ | ၇ | ၅ | ၂ | ၅ | ၅ | ၃ | ၄၆ |
| ၅ | အူဒီးနီးစ် | ၂၇ | ၁၃ | ၇ | ၇ | ၃၇ | ၂၄ | ၁၀ | ၃ | ၁ | ၃ | ၄ | ၆ | ၄၆ |
| ၆ | ရိုးမား | ၂၇ | ၁၂ | ၅ | ၁၀ | ၄၀ | ၃၃ | ၇ | ၃ | ၃ | ၅ | ၂ | ၇ | ၄၁ |
| ၇ | အင်တာမီလန် | ၂၇ | ၁၂ | ၄ | ၁၁ | ၃၈ | ၃၆ | ၆ | ၃ | ၅ | ၆ | ၁ | ၆ | ၄၀ |
| ၈ | ကာတာနီယာ | ၂၇ | ၉ | ၁၁ | ၇ | ၃၅ | ၃၅ | ၇ | ၄ | ၂ | ၂ | ၇ | ၅ | ၃၈ |
| ၉ | ဘိုလောဂ်နာ | ၂၇ | ၉ | ၈ | ၁၀ | ၂၉ | ၃၁ | ၅ | ၃ | ၆ | ၄ | ၅ | ၄ | ၃၅ |
| ၁၀ | ပါလာမို | ၂၇ | ၁၀ | ၄ | ၁၃ | ၃၉ | ၄၄ | ၁၀ | ၀ | ၄ | ၀ | ၄ | ၉ | ၃၄ |
| ၁၁ | ချီယေဗို | ၂၇ | ၉ | ၇ | ၁၁ | ၂၂ | ၃၃ | ၆ | ၃ | ၄ | ၃ | ၄ | ၇ | ၃၄ |
| ၁၂ | အတ္တလန်တာ | ၂၇ | ၉ | ၁၂ | ၆ | ၃၁ | ၂၉ | ၆ | ၆ | ၂ | ၃ | ၆ | ၄ | ၃၃ |
| ၁၃ | ဂျီနိုအာ | ၂၇ | ၉ | ၆ | ၁၂ | ၃၅ | ၄၈ | ၇ | ၄ | ၃ | ၂ | ၂ | ၉ | ၃၃ |
| ၁၄ | ဆီနာ | ၂၇ | ၈ | ၈ | ၁၁ | ၃၂ | ၂၈ | ၇ | ၃ | ၄ | ၁ | ၅ | ၇ | ၃၂ |
| ၁၅ | ဖီအိုရင်တီးနား | ၂၇ | ၈ | ၈ | ၁၁ | ၂၇ | ၂၈ | ၇ | ၃ | ၃ | ၁ | ၅ | ၈ | ၃၂ |
| ၁၆ | ပါးမား | ၂၇ | ၇ | ၁၀ | ၁၀ | ၃၃ | ၄၂ | ၅ | ၅ | ၃ | ၂ | ၅ | ၇ | ၃၁ |
| ၁၇ | ကာဂလီယာရီ | ၂၇ | ၇ | ၁၀ | ၁၀ | ၂၆ | ၃၅ | ၄ | ၆ | ၃ | ၃ | ၄ | ၇ | ၃၁ |
| ၁၈ | လက်ချီ | ၂၇ | ၆ | ၇ | ၁၄ | ၃၀ | ၄၄ | ၂ | ၄ | ၇ | ၄ | ၃ | ၇ | ၂၅ |
| ၁၉ | နိုဗာရာ | ၂၇ | ၄ | ၈ | ၁၆ | ၂၁ | ၄၆ | ၃ | ၆ | ၅ | ၁ | ၂ | ၁၀ | ၂၀ |
| ၂၀ | စီဆီနာ | ၂၇ | ၄ | ၅ | ၁၈ | ၁၆ | ၄၂ | ၂ | ၄ | ၇ | ၂ | ၁ | ၁၁ | ၁၇ |

* အတ္တလန်တာအသင်းသည် ရမှတ်(၆)မှတ်လျှော့ပြစ်ဒဏ်ကျခံထားရသည်။

# အာဆင်နယ်-နယူးကာဆယ်ပွဲစဉ်တွင် ဟော်လန်ကစားသမား(၂)ဦးဖြစ်သည့် ဗန်ပါစီနှင့် နယူးကာဆယ်ဂိုးသမား တင်မ်ကရူးလ်တို့ အချင်းများ

## ပွဲအပြီးအဝတ်လဲခန်းသွားရာလမ်းတွင်လည်း နှစ်ဖက်ကစားသမားများအချင်းများခဲ့



ပွဲချိန်အတွင်း တင်မ်ကရူးလ်နှင့် ဗန်ပါစီတို့ နှစ်ဦးရင်ဆိုင်တွေ့နေစဉ်



နောက်ဆုံးမိနစ်တွင် ဗာမယ်လန်းအနိုင်ဂိုးသွင်းအပြီး တင်မ်ကရူးလ်ကို ဗန်ပါစီလှောင်ပြောင်နေစဉ်

ပြီးခဲ့သည့်တနင်္လာနေ့က ကစားခဲ့သောပရီးမီးယားလိဂ်ပွဲစဉ် အာဆင်နယ်-နယူးကာဆယ်ပွဲတွင် အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီနှင့် နယူးကာဆယ်ဂိုးသမား တင်မ်ကရူးလ်တို့နှစ်ဦးအချင်းများခဲ့ကြကြောင်းသိရှိရသည်။

နှစ်ဦးစလုံးမှာ ဟော်လန်လက်ရွေးစင်ကစားသမားများဖြစ်ကြပြီး၊ (ဗန်ပါစီက နိုင်ငံတကာပွဲ ၆၂ပွဲကစားထားပြီး၊ တင်မ်ကရူးလ်က ၂ပွဲကစားထား)ပွဲချိန်အတွင်းမှာပင် ၎င်းတို့နှစ်ဦး အကြိမ်ကြိမ်ငြိစွန်းခဲ့ကြခြင်းဖြစ်သည်။ ယင်းပွဲတွင် ပထမပိုင်း(၁၅)မိနစ်၌ နှစ်သင်းမှာ(၁-၁)ဂိုးစီသရေကျနေပြီး၊ တင်မ်ကရူးလ်သည် ပထမပိုင်းကတည်းက ဘောလုံးကိုအချိန်ကြာမြင့်စွာကိုင်ကာ အချိန်ဆွဲကစားနေသဖြင့် ဗန်ပါစီက ဒေါသထွက်ခဲ့ခြင်းဖြစ်သည်။ပွဲပြီးခါနီးနောက်ဆုံးမိနစ်တွင် အာဆင်နယ်နောက်ခံလူ ဗာမယ်လန်းကအနိုင်ဂိုးသွင်းယူခဲ့ပြီး အာဆင်နယ်အသင်းက(၂-၁)ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

> ပထမပိုင်း(၁၅)မိနစ်၌ နှစ်သင်းမှာ(၁-၁)ဂိုးစီသရေကျနေပြီး၊ တင်မ်ကရူးလ်သည် ပထမပိုင်းကတည်းက ဘောလုံးကိုအချိန်ကြာမြင့်စွာကိုင်ကာ အချိန်ဆွဲကစားနေ

ယင်းကဲ့သို့အနိုင်ဂိုးသွင်းယူပြီးနောက် ဗန်ပါစီသည် ကရူးလ်အား လှောင်ပြောင်မှုများပြုလုပ်ခဲ့ပြီး၊ အဝတ်လဲခန်းသွားရာလမ်းတစ်လျှောက်တွင် နှစ်ဖက်အသင်း အချင်းများမှုများဆက်လက်ဖြစ်ပေါ်ခဲ့သည်ဟု ဗြိတိန်သတင်းစာများကဖော်ပြခဲ့ကြသည်။ အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက ၎င်းဖြစ်ရပ်နှင့်ပတ်သက်၍ “ကရူးလ်နဲ့ ဗန်ပါစီတို့နှစ်ယောက်ဘာဖြစ်ခဲ့ကြသလဲဆိုတာ ကျွန်တော်သေချာတော့မသိပါဘူး။ ဟော်လန်အသင်းမှာကစားစဉ်ကတည်းက သူတို့နှစ်ဦးကြားမှာမပြေလည်တဲ့သမိုင်းကြောင်းရှိသလားဆိုတာ ကျွန်တော်မသိပါဘူး။ ဒါပေမယ့် ကျွန်တော် ဗန်ပါစီနဲ့တွေ့ဆုံပြီးဆွေးနွေးသွားမှာပါ”ဟုပြောကြားခဲ့သည်။

နယူးကာဆယ်အသင်းနည်းပြ အလန်ပါဒျူးကလည်း ယင်းဖြစ်ရပ်နှင့်ပတ်သက်၍သူသေချာမသိကြောင်း သတင်းထောက်များကိုပြောကြားခဲ့သော်လည်း မိမိ၏ဂိုးသမားတင်မ်ကရူးလ်မှာ ယင်းပွဲ၌ ဘောလုံးကိုပြန်မကန်မီ အချိန်ဆွဲမှုများပြုလုပ်ခဲ့ကြောင်းဝန်ခံပြောကြားသွားခဲ့သည်။

# FA ၏စွဲချက်အား ဆန်းဒါးလန်းနှင့် နယူးကာဆယ် နှစ်သင်းစလုံး လက်ခံခဲ့ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာကြားနာမှုပြုလုပ်ပေးရန်တောင်းဆို

ဆန်းဒါးလန်းနှင့် နယူးကာဆယ်အသင်းတို့သည် မတ်လ(၄)ရက်နေ့က ကစားခဲ့သော Tyne-Wear ဒါဘီပွဲစဉ်တွင် နှစ်ဖက်အသင်းအကြား အချင်းများခဲ့သည့်ဖြစ်ရပ်များအတွက် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(FA) ကအရေးယူရန်စွဲချက်တင်ထားသည့်အပေါ် လက်ခံလိုက်ကြောင်းသိရှိရသည်။

ယင်းပွဲတွင် နှစ်ဖက်ကစားသမားများအချင်းများခဲ့ကြပြီး၊ ဆန်းဒါးလန်းကွင်းလယ်လူဆီဆက်ဂန္ဒနှင့် အသင်းခေါင်းဆောင်လီကတ်တာမိုးတို့မှာ အနီကတ်ပြထုတ်ပယ်မှုများခံခဲ့ရသည်။ ထို့ပြင် နှစ်ဖက်အသင်းနည်းပြများမှာလည်း ပွဲအတွင်းအချင်းများမှုများဖြစ်ပွားခဲ့ရာ FA က နှစ်သင်းစလုံးအား မိမိတို့၏ကစားသမားများကို နိုင်နင်းစွာထိန်းသိမ်းနိုင်ခြင်းမရှိသည့်စွဲချက်ဖြင့် အရေးယူရန်စွဲချက်တင်ထားခဲ့ခြင်းဖြစ်သည်။

ယခုနှစ်သင်းစလုံးမှ FA ၏စွဲချက်ကိုလက်ခံခဲ့ပြီး ယင်းဖြစ်ရပ်အတွက် နှစ်ဦးနှစ်ဖက်ရင်ဆိုင်ဖြေရှင်းရန်အတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာကြားနာမှုပြုလုပ်ပေးရန်တောင်းဆိုခဲ့ကြောင်းသိရှိရသည်။ ယင်းပွဲတွင် နှစ်ဖက်အသင်းမှာ (၁-၁)ဂိုးစီသရေကျခဲ့ပြီး၊ ပွဲအပြီးတွင်လည်း နှစ်ဖက်အသင်းနည်းပြများမှာ တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန်ပုတ်ခတ်ပြောဆိုမှုများပြုလုပ်ခဲ့သည်။



ဆန်းဒါးလန်းကွင်းလယ်လူဂျိမ်းစ်မက္ကလင်းနှင့် နယူးကာဆယ်နောက်ခံလူ ဒန်နီဆင်ပဆင်တို့ ထိပ်တိုက်တွေ့ဆုံအချင်းများနေစဉ် ➢➢

## SHORT NEWS

❒ အာဆင်နယ်အသင်း၏ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သူ ရေးပါလာက အာဆင်နယ်အသင်းမှ ဒတ်ချ်တိုက်စစ်မှူးဗန်ပါစီထွက်ခွာသွားခဲ့လျှင် အာဆင်နယ်အသင်းမှာ ရောဂါကပ်ဆိုးတစ်ခုကျရောက်သကဲ့သို့ခံစားရလိမ့်မည်ဟုပြောကြားလိုက်သည်။ ဗန်ပါစီသည် ယခုရာသီတွင် အသင်းအတွက်ခြေစွမ်းပြနေပြီး၊ (၃၇)ပွဲကစားရာ၌ (၃၂)ဂိုးသွင်းယူပေးထားသူဖြစ်သည်။

❒ အဲဗာတန်အသင်းဥက္ကဋ္ဌဘီလ်ကင်ရိုက်က နည်းပြဒေးဗစ်မိုယက်စ်အနေဖြင့် အဲဗာတန်အသင်းတွင် နှစ်ကာလများစွာရှိနေလိမ့်မည်ဟုယုံကြည်ကြောင်း ပြောကြားခဲ့သည်။ သို့ရာတွင် အဲဗာတန်အသင်းကို တိုးတက်မှုများရရှိစေရန်အတွက် အသင်းအား ငွေကြေးကြွယ်ဝချမ်းသာသူများလက်ထဲသို့ရောင်းချဖွယ်ရှိနေကြောင်းလည်း ကင်ရိုက်ကဝန်ခံခဲ့သည်။

❒ ဩစတြေးလျလက်ရွေးစင်ကွင်းလယ်လူ ဘရက်ဟိုလ်မန်းသည် လာမည့်နွေရာသီတွင် ပရီးမီးယားလိဂ်ကလပ်ဗီလာအသင်းသို့ရောက်ရှိလာမည်ဖြစ်ကြောင်းသိရှိရသည်။ လက်ရှိ ဟော်လန်ကလပ် အယ်လ်ခမာအသင်းတွင်ကစားနေသူဟိုလ်မန်းသည် ရာသီကုန်တွင်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ဗီလာသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

❒ ယခုနှစ် ဇန်နဝါရီလအတွင်းက ကစားခဲ့သော FA ဖလားပွဲစဉ် လီဗာပူးလ်-အိုးလ်ဟမ်းပွဲတွင် အိုးလ်ဟမ်းကစားသမားအဒီယီမီကို လူမျိုးရေးခွဲခြားခဲ့သည်ဟုစွပ်စွဲခံရသည့် လီဗာပူးလ်ပရိသတ်တစ်ဦးမှာ အရေးယူခံရမည်မဟုတ်ကြောင်းသိရှိရသည်။ ၎င်းပရိသတ်က အဒီယီမီကိုလူမျိုးရေးခွဲခြားခဲ့သည်ဆိုသည့်စွပ်စွဲချက်မှာ အထောက်အထားမခိုင်လုံ၍ ၎င်းအားအရေးယူမည်မဟုတ်ကြောင်းသိရှိရသည်။

# နောက်ကျအနိုင်ဂိုးများဆက်တိုက်သွင်းယူနေသည့် အာဆင်နယ်

အာဆင်နယ်အသင်းသည် ယခုနောက်ပိုင်းပရီးမီးယားလိဂ်ပွဲစဉ်များတွင် နိုင်ပွဲများဆက်တိုက်ရရှိနေရာ၌ နောက်ကျအနိုင်ဂိုးများကိုသွင်းယူကာရရှိနေခြင်းဖြစ်သည်။နောက်ဆုံးကစားခဲ့သောပရီးမီးယားလိဂ်ပွဲစဉ်(၄)ပွဲတွင် (၃)ပွဲမှာနောက်ကျအနိုင်ဂိုးများသွင်းယူကာ(၂-၁)ဂိုးရလဒ်များဖြင့်နိုင်ခဲ့ခြင်းဖြစ်သည်။

### ဆန်းဒါးလန်း ၁-၂ အာဆင်နယ်

ပွဲစဉ်(၂၅)အဖြစ် ဆန်းဒါးလန်းအသင်းနှင့်ကစားခဲ့ရာတွင် အာဆင်နယ်အသင်းသည် နောက်ဆုံးအဝေးကွင်း(၃)ပွဲဆက်အနိုင်မရသည်ကို အဆုံးသတ်နိုင်ခဲ့သည်။ အိမ်ရှင်ဆန်းဒါးလန်းအသင်းမှ မက္ကလင်း၏ဂိုးဖြင့်ဦးဆောင်နိုင်ခဲ့သော်လည်း လူစားဝင်လာသည့် ကွင်းလယ်လူရမ်ဆေးက(၇၅)မိနစ်တွင်ချေပဂိုး၊ အွန်နရီကနာကျင်အချိန်ပိုတွင်အနိုင်ဂိုးသွင်းခဲ့သည်။

### လီဗာပူးလ် ၁-၂ အာဆင်နယ်

ယခုပွဲမတိုင်ခင် ကားလင်းဖလားကိုဆွတ်ခူးထားနိုင်ခဲ့သည့် လီဗာပူးလ်အသင်းနှင့်ပွဲစဉ်(၂၇)တွင် ဆုံတွေ့ခဲ့ခြင်းဖြစ်သည်။ ကူရစ်၏ပယ်နယ်တီလွဲချော်မှုဖြင့် အာဆင်နယ်စတင်ကံကောင်းခဲ့ပြီး ကိုစီယယ်လ်နီကကိုယ့်ဂိုးကိုယ်သွင်းမိသဖြင့် ဦးဆောင်ဂိုးပေးခဲ့သည်။ သို့သော် ဗန်ပါစီက(၃၁)မိနစ်တွင် ချေပဂိုးနှင့် (၉၂)မိနစ်တွင်အနိုင်ဂိုးသွင်းယူပေးခဲ့သည်။

### အာဆင်နယ် ၂-၁ နယူးကာဆယ်

နယူးကာဆယ်ကွင်းလယ်လူ ဘင်အာဖာ၏ပွဲချိန်(၁၄)မိနစ်တွင် သွင်းယူခဲ့သည့်ဂိုးအား အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီက မိနစ်ပိုင်းအတွင်းပြန်ချေပနိုင်ခဲ့သည်။ သို့သော် အနိုင်ဂိုးရရှိရန် အာဆင်နယ်အသင်းနောက်ဆုံးမိနစ်အထိ အားထုတ်ခဲ့ရပြီး နောက်ခံကစားသမားဗာမယ်လန်း၏နောက်ကျဂိုးကြောင့်သာ နိုင်ပွဲရခဲ့ခြင်းဖြစ်သည်။

## BRIEF

❒ ဘာစီလိုနာအသင်းသည် မန်စီးတီးအသင်း၏နောက်ခံလူ ကိုလာရော့ဗ်ကိုခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေကြောင်းသိရသည်။

❒ ဗီလာနည်းပြ မက်လစ်ရှ်သည် ဂျာမနီကလပ် စတုဂတ်အသင်းထံမှ ဖူလ်ဟမ်အသင်းအငှားခေါ်ယူထားသည့် ရုရှားတိုက်စစ်မှူးပိုဂရက်ညက်ကို လာမည့်နွေရာသီတွင်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်းသိရှိရသည်။

❒ ဝုလ်ဗ်အသင်း၏ အဓိကကွင်းလယ်လူကားလ်ဟင်နရီသည် ဒဏ်ရာမသက်သာခြင်းကြောင့် မန်ယူနှင့်ကစားမည့်ပရီးမီးယားလိဂ်ပွဲစဉ်တွင် ပါဝင်နိုင်ဖွယ်မရှိကြောင်းသိရသည်။

❒ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကကွင်းလယ်လူရိုဆစ်စကီးအနေဖြင့် နှစ်ပေါင်းများစွာခြေစွမ်းပြကစားနိုင်လိမ့်မည်ဟုပြောကြားလိုက်သည်။

❒ မန်ယူကွင်းလယ်လူ ကာရစ်ကမိမိတို့မန်ယူအသင်းသည် အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ရာသီကုန်အထိထိန်းသိမ်းသွားနိုင်မည်ဟု ပြောကြားလိုက်သည်။

❒ ဖူလ်ဟမ်နောက်ခံလူ ဂရိုင်ဂျီရာသည် ဒူးဒဏ်ရာအားခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သဖြင့် ရာသီကုန်အထိအနားယူရတော့မည်ဖြစ်ကြောင်းသိရသည်။

❒ ဒဏ်ရာကြောင့် အနားယူနေရသော အာဆင်နယ်ကွင်းလယ်လူဝဲလ်ရှိုင်းယားက သူသည် အသင်း၏ရာသီလက်ကျန်နောက်ဆုံးပွဲစဉ်(၅)ပွဲခန့်တွင်ပါဝင်ကစားနိုင်မည်ဟုမျှော်လင့်ကြောင်းပြောကြားခဲ့သည်။

# မာဆေးဆိုက်ဒ်ဒါဘီတွင် နှစ်(၃၀)ကာလအတွင်း ပထမဆုံး ဟက်ထရစ်သွင်းသည့်ကစားသမားအဖြစ် ဂျရတ်မှတ်တမ်းဝင်

## ယင်းပွဲတွင်လီဗာပူးလ်အသင်းအတွက်ပရီးမီးယားလိဂ်ပွဲ(၄၀၀)လည်းပြည့်မြောက်ခဲ့



ပွဲအပြီး ပရိသတ်များကိုနှုတ်ဆက်နေသည့်ဂျရတ်

ပြီးခဲ့သည့်အင်္ဂါနေ့က ကစားခဲ့သော ပရီးမီးယားလိဂ်ပွဲကျန် လီဗာပူးလ်-အဲဗာတန်ပွဲတွင် လီဗာပူးလ်အသင်းခေါင်းဆောင်စတီဗင်ဂျရတ်သည် အသင်းအတွက် ဟက်ထရစ်(၃ဂိုး)သွင်းယူခဲ့ရာ မာဆေးဆိုက်ဒ်ဒါဘီပွဲစဉ်တွင် နှစ်(၃၀)အတွင်း ပထမဆုံးဟက်ထရစ်သွင်းယူသူအဖြစ်မှတ်တမ်းဝင်ခဲ့ကြောင်းသိရှိရသည်။

မာဆေးဆိုက်ဒ်ဒါဘီပွဲစဉ်များတွင် ၁၉၈၂ခုနှစ်က လီဗာပူးလ်ဂန္ထဝင်တိုက်စစ်မှူးဟောင်းအီယန်ရပ်ရှ် (၄)ဂိုးသွင်းပြီးသည့်နောက်ပိုင်း ဟက်ထရစ်သွင်းယူသည့်ကစားသမားမရှိတော့ဘဲ ယခုမှ ဂျရတ်က ဟက်ထရစ်ပြန်လည်သွင်းယူခဲ့ခြင်းလည်းဖြစ်သည်။ ယင်းပွဲတွင် ဂျရတ်သည် လီဗာပူးလ်အသင်းအတွက်ကစားသည့် ပရီးမီးယားလိဂ်ပွဲ(၄၀၀)ပြည့်သွားခဲ့ကြောင်းလည်းသိရှိရသည်။ ယင်းပွဲသို့ အီယန်ရပ်ရှ်လာရောက်ကြည့်ရှုအားပေးခဲ့ပြီး၊ ဂျရတ်က ပွဲအပြီးတွင် အီယန်ရပ်ရှ်နှင့်ပတ်သက်၍ "သူ(အီယန်ရပ်ရှ်)ကစားတဲ့ပုံကို အချိန်ကာလကြာမြင့်စွာ ကျွန်တော်စောင့်ကြည့်ခဲ့ရတာပါ။

> မာဆေးဆိုက်ဒ်ဒါဘီပွဲစဉ်များတွင် ၁၉၈၂ခုနှစ်က လီဗာပူးလ်ဂန္ထဝင်တိုက်စစ်မှူးဟောင်းအီယန်ရပ်ရှ် (၄)ဂိုးသွင်းပြီးသည့်နောက်ပိုင်း ဟက်ထရစ်သွင်းယူသည့်ကစားသမားမရှိတော့ . . .

သူ့ရဲ့ကစားပုံ ဗီဒီယိုခွေများစွာကို ကျွန်တော်ကြည့်ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အီယန်ရပ်ရှ်နဲ့နှိုင်းယှဉ်ရလောက်အောင် မမိုက်မဲပါဘူး။ သူဟာ မွေးကတည်းက ပါရမီပါလာတဲ့သူပါ"ဟုပြောကြားခဲ့သည်။

ဂျရတ်သည် မာဆေးဆိုက်ဒ်ဒါဘီပွဲစဉ်များတွင် (၈)ဂိုးအထိသွင်းယူနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ပြိုင်ပွဲအဖြစ်ပြောင်းလဲပြီးနောက်ပိုင်း မာဆေးဆိုက်ဒ်ဒါဘီပွဲစဉ်များတွင်(ပရီးမီးယားလိဂ်တွင် ၇ဂိုး၊ FA ဖလားတွင် ၁ဂိုး)ဂိုးအများဆုံးသွင်းယူသူအဖြစ်လည်းမှတ်တမ်းဝင်နိုင်ခဲ့သည်။ ယခင်က ယင်းစံချိန်တင်ထားသူမှာ လီဗာပူးလ်တိုက်စစ်မှူးဟောင်းရော်ဘီဖောင်လာဖြစ်ပြီး၊ ၎င်းက (၆)ဂိုးအထိသွင်းယူထားခြင်းဖြစ်သည်။ ၁၉၈၂ခုနှစ်က အီယန်ရပ်ရှ် (၄)ဂိုးသွင်းယူခဲ့သည့်ပွဲ၌ လီဗာပူးလ်အသင်းသည် အဲဗာတန်အား (၅-၀)ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး၊ လက်ရှိနည်းပြကင်နီဒဲဂလစ်ရှ်မှာ ထိုစဉ်က လီဗာပူးလ်အသင်းသားတစ်ဦးအဖြစ် ပါဝင်ကစားခဲ့ကြောင်းလည်းသိရှိရသည်။

# ဆွာရက်ဇ်အား လိမ်ညာသည်ဟုပြောဆိုခဲ့သော ဝင်းဂါးအား အရေးယူပေးရန် ဒဲဂလစ်ရှ်တောင်းဆို

လီဗာပူးလ်အသင်းနည်းပြ ကင်နီဒဲဂလစ်ရှ်က သူ့အသင်း၏တိုက်စစ်မှူးလူးဝစ်ဆွာရက်ဇ်အပေါ် အာဆင်နယ်အသင်းနည်းပြအာစင်ဝင်းဂါးမှတ်ချက်ပြုပြောဆိုခဲ့သောစကားနှင့်ပတ်သက်၍ စစ်ဆေးအရေးယူပေးရန် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA)ထံသို့တိုက်တွန်းပြောကြားလိုက်သည်။

လီဗာပူးလ်နှင့် အာဆင်နယ်တို့ကစားခဲ့သောပွဲစဉ်တွင် ဆွာရက်ဇ်အား အာဆင်နယ်ဂိုးသမား ဆဇက်စနီကပယ်နယ်တီဧရိယာအတွင်းလဲကျအောင်ပြုလုပ်ခဲ့၍ လီဗာပူးလ်အသင်းအားပယ်နယ်တီပေးခဲ့ရသည်။ အာဆင်နယ်နည်းပြအာစင်ဝင်းဂါးက ယင်းဖြစ်ရပ်ကို ဝေဖန်ပြောဆိုခဲ့ခြင်းဖြစ်ပြီး၊ အာစင်ဝင်းဂါးက ယင်းဖြစ်ရပ်တွင် ဆဇက်စနီသည် ဆွာရက်ဇ်ကို ထိမိခဲ့ခြင်းမရှိဘဲ ဆွာရက်ဇ်က လိမ်ညာခဲ့ခြင်းဖြစ်သည်ဟုပြောကြားခဲ့ခြင်းဖြစ်သည်။



ဆွာရက်ဇ်ထိုးဖောက်လာသောဘောလုံးကို အာဆင်နယ်ဂိုးသမားဆဇက်စနီကာကွယ်နေစဉ်

ရုပ်သံပြကွက်များတွင် ပြန်လည်ကြည့်ရှုရာတွင်မူ ဆွာရက်ဇ်ကို ဆဇက်စနီကထိခိုက်မိခဲ့ကြောင်းတွေ့ရှိရပြီး၊ ဒဲဂလစ်ရှ်က အာစင်ဝင်းဂါး၏စွပ်စွဲပြောဆိုမှုကိုဒေါသထွက်နေခြင်းဖြစ်သည်။

## ရာသီကုန်အထိ အန်ဒါဆန် အနားယူရဖွယ်ရှိ

မန်ယူအသင်း၏ကွင်းလယ်လူ အန်ဒါဆန်သည် အသင်း၏လေ့ကျင့်ရေးကွင်းတွင်ရရှိခဲ့သည့်တံကောက်ကြောဒဏ်ရာကြောင့် ရာသီကုန်အထိအနားယူရဖွယ်ရှိနေကြောင်းသိရသည်။ အန်ဒါဆန်သည် ယခုရာသီတွင် ဒဏ်ရာပြဿနာများဖြင့်ရုန်းကန်နေရသူဖြစ်ပြီး ဒဏ်ရာပြန်လည်သက်သာလာ၍ လေ့ကျင့်ခန်းဆင်းရာတွင် ယင်းကဲ့သို့ တံကောက်ကြောဒဏ်ရာရရှိသွားခဲ့ခြင်းဖြစ်ကာ ဒဏ်ရာအနေအထားအရ လအတန်ကြာအနားယူရဖွယ်ရှိကြောင်းသိရသည်။

## ဂျိုးဟတ်အား FA အရေးယူမည်မဟုတ်

မန်စီးတီးဂိုးသမားဂျိုးဟတ်သည် ပြီးခဲ့သည့် ဆွမ်ဆီး-မန်စီးတီးပွဲစဉ်တွင် ပြုလုပ်ခဲ့သည့်သူ၏လုပ်ရပ်အတွက် FA ၏အရေးယူမှုကိုခံရမည်မဟုတ်ကြောင်းသိရသည်။ ယင်းပွဲတွင် ဆွမ်ဆီးအသင်းပယ်နယ်တီရအပြီး ဆွမ်ဆီးကစားသမားဆင်ကလဲယားကန်သွင်းခါနီး၌ ဂျိုးဟတ်က ၎င်းထံသို့အော်ဟစ်ခြင်း၊ ဂိုးစည်းပေါ်တွင် အငြိမ်မနေခြင်းများပြုလုပ်ကာ စိတ်ဓာတ်စစ်ဆင်ရေးပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းပယ်နယ်တီကို ဆင်ကလဲယားကန်သွင်းရာ မဝင်ခဲ့ချေ။

## ဖာဂူဆန်နေရာဆက်ခံမည့်သူ မိုယက်စ်ဟုရှီးယားတစ်ပေး

နယူးကာဆယ်အသင်းနှင့် အင်္ဂလန်လက်ရွေးစင်အသင်း၏တိုက်စစ်မှူးဟောင်းအလန်ရှီးယားက အဲဗာတန်နည်းပြဒေးဗစ်မိုယက်စ်သည် မန်ယူနည်းပြဖာဂူဆန်၏နေရာဆက်ခံမည့်သူဖြစ်သင့်ကြောင်း ပြောကြားလိုက်သည်။ အလန်ရှီးယားက အဲဗာတန်အသင်းတွင် ဆယ်စုနှစ်(၁)စုကြာနည်းပြခဲ့သော မိုယက်စ်အား ချီးကျူးခဲ့ပြီး၊ မိုယက်စ်သည် ဖာဂူဆန်၏နေရာကိုဆက်ခံနိုင်သည့်ပရီးမီးယားလိဂ်အတွေ့အကြုံရရှိခဲ့ပြီဟုပြောကြားခဲ့သည်။

## မာဆေးဆိုက်ဒ်ဒါဘီတွင် ဂိုးအများဆုံးသွင်းယူထားကြသူများ

အင်္ဂလန်ဘောလုံးသမိုင်းတစ်လျှောက်(ယခင်ပထမတန်းအမှတ်ပေးပြိုင်ပွဲနှင့် ယခုပရီးမီးယားလိဂ်ပြိုင်ပွဲအပါအဝင်)မာဆေးဆိုက်ဒ်ဒါဘီပွဲစဉ်များ၌ ဂိုးအများဆုံးသွင်းယူသူအဖြစ် အီယန်ရပ်ရှ်က မှတ်တမ်းတင်ထားပြီး ပြိုင်ပွဲအရပ်ရပ်တွင်စုစုပေါင်း(၂၅)ဂိုးသွင်းယူထားသည်။

| အမည် | လူမျိုး | ကလပ် | ဂိုး | ကာလ |
|---|---|---|---|---|
| အီယန်ရပ်ရှ် | ဝေးလ်စ် | လီဗာပူးလ် | ၂၅ | ၁၉၈၀-၁၉၈၇၊ ၁၉၈၈-၁၉၉၆ |
| ဒီလျံဒင်းန် | အင်္ဂလန် | အဲဗာတန် | ၁၉ | ၁၉၂၅-၁၉၃၇ |
| အဲလက်စ်ယန်း | စကော့တလန် | အဲဗာတန် | ၁၂ | ၁၉၀၁-၁၉၁၁ |
| ဂျရတ် | အင်္ဂလန် | လီဗာပူးလ် | ၈ | ၁၉၉၈-လက်ရှိ |
| ဟယ်ရီချမ်ဘာ | အင်္ဂလန် | လီဗာပူးလ် | ၈ | ၁၉၁၅-၁၉၂၈ |
| ဂျင်မီဆက်တယ်လ် | အင်္ဂလန် | အဲဗာတန် | ၈ | ၁၈၉၉-၁၉၀၈ |
| ဂျက်ပါကင်ဆန် | အင်္ဂလန် | လီဗာပူးလ် | ၈ | ၁၉၀၃-၁၉၁၄ |
| ပီတာဘက်စလေ | အင်္ဂလန် | လီဗာပူးလ်/အဲဗာတန် | ၇ | ၁၉၈၇-၁၉၉၁၊ ၁၉၉၁-၁၉၉၃ |
| ဂရေမီရှပ် | စကော့တလန် | အဲဗာတန် | ၇ | ၁၉၈၀-၁၉၉၁ |
| ဂျက်ဘယ်လ်မာ | အင်္ဂလန် | လီဗာပူးလ် | ၆ | ၁၉၃၅-၁၉၅၂ |
| ရော်ဘီဖောင်လာ | အင်္ဂလန် | လီဗာပူးလ် | ၆ | ၁၉၉၂-၂၀၀၁၊ ၂၀၀၆-၂၀၀၇ |
| ဘော်ဘီပါကား | စကော့လန် | အဲဗာတန် | ၆ | ၁၉၁၃-၁၉၂၂ |
| ဂေါ်ဒွန်ဟော့ဒ်ဆန် | အင်္ဂလန် | လီဗာပူးလ် | ၆ | ၁၉၂၅-၁၉၃၆ |

## မာဆေးဆိုက်ဒ်ဒါဘီပွဲကစားခွင့်ရရှိခြင်းကို စကော့တလန် FA ကန့်ကွက်မည်

စကော့တလန်ဘောလုံးအဖွဲ့ချုပ်သည် ဥရောပဘောလုံးအဖွဲ့ချုပ်(UEFA) အား ပြီးခဲ့သည့်အင်္ဂါနေ့ကမာဆေးဆိုက်ဒ်ဒါဘီပွဲစဉ် လီဗာပူးလ်-အဲဗာတန်ပွဲကို ချန်ပီယံလိဂ်ပွဲစဉ်နှင့်တစ်ပြိုင်တည်း ကစားခွင့်ပေးပြီးရုပ်သံတိုက်ရိုက်ထုတ်လွှင့်မှုပေးခဲ့ခြင်းအပေါ် ကန့်ကွက်သွားမည်ဖြစ်ကြောင်း သိရသည်။ UEFA သည် ပြီးခဲ့သည့်လအတွင်းက စကော့တလန်ကလပ်စိန့်ဂျွန်စတုန်းနှင့် ဟတ်စ်အသင်းတို့၏ပွဲစဉ်အား ယူရိုပါလိဂ်ပွဲစဉ်နှင့်အချိန်တိုက်နေ၍ ရွှေ့ဆိုင်းကစားစေခဲ့ခြင်းကြောင့် စကော့တလန်ဘောလုံးအဖွဲ့ချုပ်မှမကျေမနပ်ဖြစ်နေခြင်းဖြစ်သည်။

## တီဗက်ဇ်အား ပြန်လည်ခေါ်ယူရန် ကိုရင်သီယန်အသင်းစီစဉ်နေ

ဘရာဇီးလ်ကလပ် ကိုရင်သီယန်အသင်းသည် ၎င်းတို့၏ကစားသမားဟောင်း ကားလို့စ်တီဗက်ဇ်အားပြန်လည်ခေါ်ယူရန်အတွက် စီစဉ်လျက်ရှိနေကြောင်းသိရသည်။ ကိုရင်သီယန်အသင်းသည် အသင်း၏တိုက်စစ်မှူးအက်ဒရီယာနိုနှင့် စာချုပ်ဖျက်သိမ်းခဲ့ပြီး၊ ၎င်းနေရာတွင်အစားထိုးရန် တီဗက်ဇ်ကိုပစ်မှတ်ထားနေခြင်းဖြစ်သည်။ ကိုရင်သီယန်အသင်းသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းကလည်း တီဗက်ဇ်ကိုခေါ်ယူရန် ပစ်မှတ်ထားခဲ့ဖူးသည်။ တီဗက်ဇ်သည် ကိုရင်သီယန်၌ ၂၀၀၄မှ ၂၀၀၆ခုနှစ်အထိကစားခဲ့ဖူးသည်။

## ပြစ်တင်မှုများခံရ၍ Twitter အသုံးပြုမှုအား ဒန်နီဆင်ပဆင်ရပ်ဆိုင်း

နယူးကာဆယ်အသင်း၏နောက်ခံလူ ဒန်နီဆင်ပဆင်သည် သူ၏ Twitter စာမျက်နှာ၌ နယူးကာဆယ်ပရိသတ်များ၏ပြစ်တင်ဝေဖန်မှုများကို အပြင်းအထန်ခံနေရ၍ Twitter အသုံးပြုမှုအားရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်းသိရှိရသည်။ ပြီးခဲ့သည့်အာဆင်နယ်နှင့်ပွဲစဉ်တွင် ဗာမယ်လန်း၏အနိုင်ဂိုးကို မကာကွယ်နိုင်ခဲ့ခြင်းအတွက် ဆင်ပဆင်အား ပရိသတ်များကဒေါသထွက်နေပြီး၊ အသင်းမှထွက်ခွာသင့်ကြောင်းပြစ်တင်ရေးသားနေကြကာ ပရိသတ်တစ်ဦးက သေနတ်ဖြင့်ပင်ပစ်သတ်ခံရသင့်သည်ဟု ရေးသားခဲ့ခြင်းဖြစ်သည်။

## အင်္ဂလန်နည်းပြရာထူးအတွက် မိမိ မသေချာသေးဟု ရက်နက်ပ်ဝန်ခံ



စပါးအသင်း၏ နည်းပြဖြစ်သူ ဟယ်ရီရက်နက်ပ်က အင်္ဂလန်လက်ရွေးစင်အသင်း၏နည်းပြရာထူးအား မိမိအနေဖြင့်လက်ခံရန် သေချာမှုမရှိသေးဟုပြောကြားလိုက်သည်။

အီတလီလူမျိုးနည်းပြကာပယ်လိုနုတ်ထွက်သွားပြီးနောက် နည်းပြရာထူးလစ်လပ်လျက်ရှိနေသည့်အင်္ဂလန်အသင်းအား နည်းပြသစ်အဖြစ်တာဝန်ယူရန် ဟယ်ရီရက်နက်ပ်မှာ ထိပ်ဆုံးမှ ရေပန်းစားလျက်ရှိနေသူဖြစ်သည်။ သို့ရာတွင် ရက်နက်ပ်ကသူသည် ၎င်းရာထူးအတွက် ဆုံးဖြတ်ချက်ချမှတ်ရခြင်းမရှိသေးကြောင်း ဝန်ခံပြောကြားသွားခဲ့သည်။

“ကျွန်တော် ဒီကိစ္စအတွက် မသေချာသေးပါဘူး။ လက်ရှိစပါးအသင်းနည်းပြရာထူးက ကျွန်တော့်အတွက် အလွန်ကောင်းတဲ့အလုပ်တစ်ခုဖြစ်ပြီး၊ ဒီရာထူးကို ကျွန်တော်ကြိုက်နှစ်သက်ပါတယ်။ ဒါကြောင့် အခုချိန်မှာ ဘာတွေဖြစ်လာမလဲဆိုတာ ကျွန်တော်မပြောနိုင်သေးပါဘူး။ စောင့်ကြည့်သွားဖို့ပဲလိုပါတယ်”ဟု ရက်နက်ပ်ကပြောကြားခဲ့သည်။လက်ရှိအချိန်တွင် အင်္ဂလန်လက်ရွေးစင်အသင်းနည်းပြအဖြစ် ယာယီတာဝန်ပေးအပ်ခြင်းခံထားရသည့်အင်္ဂလန်ယူ-၂၁အသင်းနည်းပြစတူးဝပ်ပီယာ့စ်ကလည်း အင်္ဂလန်နည်းပြရာထူးမှာသူ့အတွက် အမြဲတမ်းတာဝန်ယူရန်မဖြစ်နိုင်သေးဟုဝန်ခံခဲ့သည်။

## ချယ်လ်ဆီးအားအင်္ဂလန်ကစားသမားများကချုပ်ကိုင်နေသည်ဆိုသည့် စွပ်စွဲမှုများကို တယ်ရီငြင်းဆန်

### ဘိုအက်ရှ်ထုတ်ပယ်ခံရခြင်းမှာသူ၏နည်းစနစ်ကြောင့်သာဟုမာတာဆို

ချယ်လ်ဆီးအသင်းခေါင်းဆောင်ဂျွန်တယ်ရီက ချယ်လ်ဆီးအသင်းအား အင်္ဂလန်လက်ရွေးစင်ကစားသမားများက ချုပ်ကိုင်နေသည်ဆိုသည့်စွပ်စွဲပြောဆိုမှုများကို ငြင်းဆန်ပယ်ချလိုက်သည်။

မကြာသေးမီက အာဆင်နယ်အသင်း၏ဂိုးသမားဖြစ်သူ ဆဇက်စနီက ချယ်လ်ဆီးအသင်းသည် အင်္ဂလိပ်လူမျိုးစီနီယာကစားသမားများ၏လွှမ်းမိုးချုပ်ကိုင်မှုကိုခံနေရကြောင်း၊ ယင်းအတွက်ကြောင့် နည်းပြဘိုအက်ရှ်မှာ သူ၏ရာထူးကိုစွန့်လွှတ်ခဲ့ရခြင်းဖြစ်ကြောင်းပြောကြားခဲ့သည်။ ထို့ပြင် ချယ်လ်ဆီးအသင်းနည်းပြဟောင်းတစ်ဦးဖြစ်သည့် စကိုလာရီကလည်း ချယ်လ်ဆီးနည်းပြသစ်အဖြစ်ခန့်အပ်ခံရမည့်သူမှာ ငရဲသို့သွားရခြင်းနှင့်အလားသဏ္ဍာန်တူကြောင်း ပြောကြားခဲ့ရာ ယင်းပြောဆိုမှုများကို တယ်ရီက ဒေါသထွက်နေခြင်းဖြစ်သည်။

တယ်ရီက “လူတွေက စီနီယာကစားသမားတွေ ကလပ်အသင်းကို ချုပ်ကိုင်ပြီးလွှမ်းမိုးထားတယ်လို့ပြောဆိုနေကြပါတယ်။ ဒါတွေက လုံးဝမမှန်ပါဘူး။ အသင်းပြင်ပက လူအများစုပြောဆိုနေတဲ့ ထင်ကြေးစကားတွေဟာ မမှန်ကန်သလို၊ တချို့သောနည်းပြဟောင်းတွေရဲ့ပြောစကားတွေကလည်း အဓိပ္ပာယ်မရှိပါဘူး။ ဒါတွေဟာ ပြင်ပကအခြေအမြစ်မရှိတဲ့ ထင်မြင်ယူဆမှုတွေပါ။ ကလပ်အသင်းကို အသင်းပိုင်ရှင်အေဘရာမိုဗစ်ချ်နဲ့ဘုတ်အဖွဲ့ကသာ ချုပ်ကိုင်ထားပြီး သူတို့ကသာ ဆုံးဖြတ်ချက်တွေကိုချမှတ်နေတာပါ”ဟုပြောကြားခဲ့သည်။

> ချယ်လ်ဆီးအသင်းနည်းပြ ဟောင်းတစ်ဦးဖြစ်သည့် စကိုလာရီကလည်း ချယ်လ်ဆီးနည်းပြသစ်အဖြစ် ခန့်အပ်ခံရမည့်သူမှာ ငရဲသို့သွားရခြင်းနှင့် အလားသဏ္ဍာန်တူကြောင်းပြောကြားခဲ့ရာ

တယ်ရီက ချယ်လ်ဆီးအသင်း၏ရှုံးပွဲများအတွက် နည်းပြဘိုအက်ရှ်က တာဝန်ခံကာ ရာထူးမှထွက်သွားခဲ့ရသော်လည်း မိမိတို့ကစားသမားများအားလုံးပြစ်တင်ခံရသင့်သည်ဟုလည်းဝန်ခံပြောကြားသွားခဲ့သည်။ ချယ်လ်ဆီးအသင်း၏ကွင်းလယ်လူတစ်ဦးဖြစ်သူ စပိန်လက်ရွေးစင်ကစားသမားမာတာကလည်း ချယ်လ်ဆီးအသင်းတွင် နည်းပြဘိုအက်ရှ်ထုတ်ပယ်ခံရခြင်းမှာ ကစားသမားများကြောင့်ဆိုသည့် စွပ်စွဲမှုများကို ငြင်းဆန်ပယ်ချခဲ့သည်။ မာတာက ဘိုအက်ရှ်မှာ သူ၏နည်းစနစ်များနှင့်အသင်းနှင့်အံမဝင်သည့်ကစားကွက်များကြောင့်သာ ရလဒ်ဆိုးများကြုံတွေ့ပြီး အသင်းနှင့်လမ်းခွဲခဲ့ရခြင်းဖြစ်သည်ဟုပြောကြားသွားခဲ့သည်။



နာပိုလီနှင့် ချန်ပီယံလိဂ်ပွဲမတိုင်မီ ချယ်လ်ဆီးကစားသမားများအား လေ့ကျင့်ရေးကွင်းတွင်တွေ့ရစဉ်

## SHORT

❒ စပါးအသင်း၏နောက်ခံလူ အီကော်တိုက မိမိတို့သည် ရာသီလက်ကျန်ပွဲစဉ်တိုင်းကို ဗိုလ်လုပွဲကဲ့သို့ အားကုန်ထုတ်ကြိုးပမ်းကစားသွားမည်ဖြစ်ပြီး၊ ရာသီကုန်တွင် မြို့ခံပြိုင်ဘက်အာဆင်နယ်အသင်း၏အထက်တွင် ရပ်တည်နိုင်ရန်အရေးကြီးသည်ဟုပြောကြားခဲ့သည်။

❒ ဝီဂန်အသင်းသည် ဂမ်ဘီယာယူ-၂၀တောင်ပံကစားသမားဒါဘိုအားခေါ်ယူရန်ကြိုးပမ်းနေကြောင်းသိရှိရသည်။ ဆွီဒင်နိုင်ငံဖွား ဒါဘို(၁၉နှစ်)သည် ဆန်းဒါးလန်းအသင်းတွင် လေ့ကျင့်ခန်းလာဆင်းခဲ့ဖူးသူဖြစ်ပြီး ပြောင်းရွှေ့ကြေးအလွတ်ဖြင့်ခေါ်ယူနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။

❒ ဆန်းဒါးလန်းနည်းပြဟောင်း စတိဗ်ဘရစ်သည် ဝုလ်ဗ်အသင်းနည်းပြရာထူးအတွက် အသင်းတာဝန်ရှိသူများနှင့် ပြန်လည်ဆွေးနွေးနေကြောင်းသိရသည်။ ယာယီနည်းပြတယ်ရီကွန်နာ၏နေရာတွင် ၎င်းအားအစားထိုးရန် ဝုလ်ဗ်အသင်းတာဝန်ရှိသူများက စီစဉ်နေခြင်းဖြစ်သည်။

❒ ရုရှားကလပ်ဇင်းနစ်အသင်းတွင် အငှားစာချုပ်ဖြင့်သွားရောက်ကစားနေသူ အာဆင်နယ်တိုက်စစ်မှူးအာရှာဗင်က သူသည် ရာသီကုန်တွင်အာဆင်နယ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်းဝန်ခံပြောကြားခဲ့သည်။ အာရှာဗင်သည် အာဆင်နယ်ပရိသတ်အချို့၏ပြစ်တင်ဝေဖန်မှုများကြောင့် ဇင်းနစ်သို့အသင်းပြောင်းရွှေ့ကစားနေသူလည်းဖြစ်သည်။

❒ ချယ်လ်ဆီးအသင်းသည် မက္ကဆီကိုယူ-၁၇ဂိုးသမားရစ်ချတ်ဆန်းချက်ဇ်အားခေါ်ယူရန်စမ်းသပ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။ မေဂျာလိဂ်ကလပ်ဒဲလက်စ်အသင်းတွင်ကစားနေသူဆန်းချက်ဇ်အား ချယ်လ်ဆီးအသင်းသို့လာရောက်ပြီး လေ့ကျင့်မှုများပြုလုပ်ရန် အသင်းတာဝန်ရှိသူများက ဖိတ်ခေါ်ထားကြောင်းသိရသည်။

## နောက်ဆုံး(၄)ရာသီအတွင်း ပရီးမီးယားလိဂ်တွင် ထုတ်ပယ်ခံရသည့်နည်းပြများနှင့် အစားထိုးသည့်နည်းပြများ

### ၂၀၀၈-၀၉

| အသင်း | ထုတ်ပယ်ခံရသည့်နည်းပြ | အစားထိုးသည့်နည်းပြ |
|---|---|---|
| ချယ်လ်ဆီး | အေဗရမ်ဂရန့် | စကိုလာရီ |
| စပါး | ရာမို့စ် | ဟယ်ရီရက်နက်ပ် |
| ဘလက်ဘာန်း | ပေါလ်အင့်စ် | ဆမ်အလာဒိုက်စ် |
| ပို့စ်မောက် | တိုနီအဒမ် | ပေါလ်ဟတ် |
| ချယ်လ်ဆီး | စကိုလာရီ | ဂူဟစ်ဒင့် |

### ၂၀၀၉-၁၀

| အသင်း | ထုတ်ပယ်ခံရသည့်နည်းပြ | အစားထိုးသည့်နည်းပြ |
|---|---|---|
| ပို့စ်မောက် | ပေါလ်ဟတ် | အေဗရမ်ဂရန့် |
| မန်စီးတီး | မာ့ခ်ဟု၌ | မန်စီနီ |
| ဘော်လ်တန် | ဂယ်ရီမက်ဆန် | အိုဝင်ကွိုင်းလ် |
| ဟူးလ်စီးတီး | ဖီးလ်ဘရောင်း | အီယန်ဒိုဝီ |

### ၂၀၁၀-၁၁

| အသင်း | ထုတ်ပယ်ခံရသည့်နည်းပြ | အစားထိုးသည့်နည်းပြ |
|---|---|---|
| နယူးကာဆယ် | ခရစ်စ္စဟောက်တန် | အလန်ပါဂျူး |
| ဘလက်ဘာန်း | ဆမ်အလာဒိုက်စ် | စတိဗ်ကီယန် |
| လီဗာပူးလ် | ရွိုင်းဟော့ဒ်ဆန် | ကင်နီဒဲဂလစ်ရှ် |
| ဝက်စ်ဘရွန်း | ဒီမတ်တီယို | ရွိုင်းဟော့ဒ်ဆန် |
| ဝက်စ်ဟမ်း | အေဗရမ်ဂရန့် | ကီဗင်ကင်းန် |

### ၂၀၁၁-၁၂

| အသင်း | ထုတ်ပယ်ခံရသည့်နည်းပြ | အစားထိုးသည့်နည်းပြ |
|---|---|---|
| ချယ်လ်ဆီး | အန်ဆယ်လော့တီ | ဘိုအက်ရှ် |
| ဆန်းဒါးလန်း | စတိဗ်ဘရစ် | မာတင်အိုနေးလ် |
| QPR | နေးလ်ဝါနော့ခ် | မာ့ခ်ဟု၌ |
| ဝုလ်ဗ် | မစ်မက္ကာသီ | တယ်ရီကွန်နာ |
| ချယ်လ်ဆီး | ဘိုအက်ရှ် | ဒီမတ်တီယို |

# အီတလီအစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မိမိ၏ အခွန်ပြဿနာကို ဖြေရှင်းလိုကြောင်းနှင့် နာပိုလီအသင်းကိုနည်းပြလိုသည်ဟုမာရာဒိုနာဝန်ခံ



မာရာဒိုနာအား အာဂျင်တီးနားသမ္မတဟောင်း Nestor Kirchner မကွယ်လွန်မီကအတူ တွေ့ရစဉ်

ယူအေအီးကလပ် အယ်လ်ဝါဆီအသင်းကို နည်းပြနေသည့်မာရာဒိုနာက သူသည် အီတလီအစိုးရတာဝန်ရှိသူများနှင့်တွေ့ဆုံပြီး ၎င်း၏ အခွန်ပြဿနာများကို ဖြေရှင်းလိုကြောင်းနှင့် တစ်နေ့နေ့တစ်ချိန်ချိန်တွင်နာပိုလီအသင်းနည်းပြအဖြစ်ဆောင်ရွက်ခွင့်ရလိုကြောင်းပြောကြားခဲ့သည်။

မာရာဒိုနာသည် နာပိုလီအသင်းကို ၁၉၈၄ ခုနှစ်က ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့်ပြောင်းရွှေ့လာခဲ့ပြီးနောက်အသင်း၏ သမိုင်းတွင် အအောင်မြင်ဆုံးကာလများကို ဖန်တီးပေးနိုင်ခဲ့သည်။ သူသည် နာပိုလီအသင်းကို ၁၉၉၁ခုနှစ်တွင်စွန့်ခွာခဲ့ပြီး ၎င်းက စားခဲ့သည့်ကာလအတွင်း အီတလီအစိုးရသို့ အခွန်ငွေများပေးသွင်းရန် ကျန်ရှိခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က ပေးချေရန်ကျန်ရှိသည့် အခွန်ငွေပမာဏအတိအကျကို ထုတ်ပြန်ကြေညာခြင်းမရှိသော်လည်း ယခုအချိန်တွင် ယင်းအခွန်ငွေများအပြင် ဒဏ်ငွေများထပ်ကာထပ်ကာတိုးလာသဖြင့် မာရာဒိုနာပေးဆောင်ရမည့် အခွန်ငွေပမာဏမှာ ယူရို(၃၅) သန်းအထိရှိနေပြီဖြစ်ကြောင်းလည်းသိရှိရသည်။ အီတလီတရားရုံးကလည်း မာရာဒိုနာအား ဖမ်းဝရမ်းထုတ်ထားပြီး မာရာဒိုနာသည် အီတလီနိုင်ငံသို့လာရောက်ရန် အခက်အခဲများရှိနေကြောင်းသိရှိရသည်။

မာရာဒိုနာက "ကျွန်တော်အီတလီကို ပြန်သွားချင်ပါတယ်။ အီတလီမှာကစားတုန်းကလည်း အခွန်ရှောင်လွှဲခဲ့တာမျိုးလုံးဝမရှိပါဘူး။ ကျွန်တော်ပေးချေရမယ့် အခွန်ငွေကို ကျွန်တော် ပေးဆောင်ခဲ့တာပါပဲ။ ဒါကြောင့် ကျွန်တော့်အပေါ် တင်ရှိနေတဲ့ သံသယတွေအားလုံးကိုဖြေရှင်းချင်ပါတယ်။ အခုအချိန်မှာ အီတလီကိုကျွန်တော်ပြန်လို့မရပါဘူး အီတလီပြည်သူတချို့ရဲ့ ချစ်ခြင်းမေတ္တာကို ကျွန်တော် နှစ်(၂၀)လောက်ဆုံးရှုံးခဲ့ပါတယ်။ အစိုးရတာဝန်ရှိသူတွေနဲ့ ဆွေးနွေးဖို့စီစဉ်နေပါပြီ။ တစ်ချိန်ချိန်မှာ ကျွန်တော့်ရဲ့ အသည်းနှလုံးတည်ရှိရာ နာပိုလီအသင်းကို နည်းပြချင်ပါတယ်"ဟုပြောကြားခဲ့သည်။

## ရာထူးမှအထုတ်ခံရမည်ကို ရာနီရေးရီ စိုးရိမ်ခြင်းမရှိ

အင်တာမီလန်အသင်း၏နည်းပြဖြစ်သူ ရာနီရေးရီက သူသည်ရာထူးမှ လုံးဝနုတ်ထွက်မည်မဟုတ်သလို၊ နည်းပြရာထူးမှထုတ်ပယ်ခံရမည်ကိုလည်း စိုးရိမ်ခြင်းမရှိကြောင်းပြောကြားခဲ့သည်။ ရာနီရေးရီက "ကျွန်တော့်အနာဂတ်အကြောင်းမပြောချင်ပါဘူး။ အင်တာနည်းပြဖြစ်နေသေးတယ်၊ စာချုပ်သက်တမ်းကျန်သေးတယ်ဆိုတာပဲပြောနိုင်ပါတယ်။ ရာထူးကထုတ်ပယ်ခံရရင်လည်းပြဿနာမရှိပါဘူး"ဟုဆိုခဲ့သည်။

## ရာစုနှစ်အတွင်းအကောင်းဆုံး ခေါ်ယူမှုဟုနိုစီရီနို၏အေးဂျင့်ဆို

အေစီမီလန်အသင်းကွင်းလယ်လူ နိုစီရီနို၏အေးဂျင့်ဖြစ်သူကအေစီမီလန်အသင်းသည် မိမိ၏ကစားသမားအား ခေါ်ယူနိုင်ခဲ့ခြင်းမှာ ရာစုနှစ်အတွင်း အကောင်းဆုံးခေါ်ယူမှုဖြစ်ကြောင်းပြောကြားခဲ့သည်။ အေစီမီလန်အသင်းသည် ပါလာမိုအသင်းတွင် ခြေစွမ်းပြခဲ့သည့် နိုစီရီနိုအား ပြီးခဲ့သည့်နွေရာသီကပေါင်(၅)သိန်းမျှဖြင့်ခေါ်ယူနိုင်ခဲ့ပြီး၎င်းသည်ယခုအချိန်တွင်အသင်း၌ အဓိကကွင်းလယ်လူတစ်ဦးအဖြစ်ခြေစွမ်းပြနေသည်။

## ဆီနာတိုက်စစ်မှူးကယ်လိုင်အို ရာသီကုန်အထိနားရမည်

ဆီနာအသင်း၏အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်သူ အီမန်နျူရယ်ကယ်လိုင်အိုသည်စီဆီနာအသင်းနှင့်ပွဲစဉ်တွင်ရရှိခဲ့သည့် ဘယ်ဘက်ခြေဖျံရိုးကျိုးဒဏ်ရာကြောင့် ယခုနှစ်ရာသီကုန်အထိ အနားယူရတော့မည်ဖြစ်ကြောင်းသိရှိရသည်။ နာပိုလီကစားသမားဟောင်းကယ်လိုင်အိုသည် ဆီနာအသင်းအတွက်ဂိုးအများဆုံးသွင်းယူပေးထားကခြေစွမ်းပြနေသူဖြစ်ပြီး ယခုနှစ်ရာသီတွင် အသင်းအတွက် (၁၁)ဂိုးအထိသွင်းယူပေးထားသူဖြစ်သည်။

## ဆန်ဒိုင်းငလျင်အတွက် ဒယ်လ်ပီယာရို လှူဒါန်း

ဂျူဗင်တပ်စ်အသင်း၏ အီတလီဝါရင့်တိုက်စစ်မှူးဒယ်လ်ပီယာရိုသည် တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့်ဆန်ဒိုင်းငလျင်အတွက် လှူဒါန်းမှုများပြုလုပ်ခဲ့ကြောင်းသိရှိရသည်။ ဒယ်လ်ပီယာရိုကယူရို(၂၂၀၀၀၀)ဖိုးခန့်တန်ကြေးရှိသည့် ငွေနှင့်အဝတ်အထည်များကိုလှူဒါန်းခဲ့ပြီး "ဂျပန်ငလျင်နဲ့ပတ်သက်တဲ့အချက်အလက်တွေကိုကျွန်တော်မဂ္ဂဇင်းတွေမှာ ဖတ်ရပါတယ်။ သူတို့ရဲ့ စိတ်ဓာတ်ကြံ့ခိုင်မှုကိုလည်း လေးစားပါတယ်"ဟုဆိုခဲ့သည်။

## ကလပ်အသင်းများနှင့် ပရိသတ်များစိတ်မဝင်စားသည့် Fan Passport အစီအစဉ်ကို ရုပ်သိမ်းတော့မည်

အီတလီဘောလုံးအဖွဲ့ချုပ် (FIGC) သည်ယခုနှစ်ရာသီတွင် အသုံးပြုနေသည့်Fan Passport အစီအစဉ်ကို လာမည့်ရာသီတွင်အသုံးပြုတော့မည်မဟုတ်ကြောင်းအတည်ပြုကြေညာခဲ့သည်။

ပရိသတ်အကြမ်းဖက်မှုများကို ဖြေရှင်းရန်အတွက် FIGC က Fan Passport အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင်ကလပ်အသင်းများက ယင်းအစီအစဉ်ကို သဘောမကျဖြစ်လာသလို၊ အားပေးသည့်ပရိသတ်များကလည်း စိတ်ဝင်စားခြင်း မရှိသည့်အတွက် FIGC က ယင်းအစီအစဉ်ကို ဖျက်သိမ်းတော့မည်ဟုကြေညာခဲ့ခြင်းဖြစ်သည်။ Fan Passport Card ဆိုသည်မှာ ဆိုးသွမ်းမှတ်တမ်းရှိသည့် ပရိသတ်များကို ထုတ်ပေးခြင်းမရှိသလို၊ Passport ကိုင်ပရိသတ်တစ်ဦးအနေဖြင့် ကွင်းအတွင်း ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပါက ယင်းကတ်ပြားကိုအကန့်အသတ်မရှိထိန်းထားကာ အချိန်ကာလတစ်ခုမှ ပြန်လည်ထုတ်ပေးခြင်းဖြစ်သည်။

သို့ရာတွင် ယင်းကတ်ပြားများနှင့်ပတ်သက်၍မသမာမှုများ၊ရှုပ်ထွေးမှုများရှိနေသဖြင့် လာမည့်ရာသီတွင် အစီအစဉ်သစ်တစ်ခုအစားထိုးမည်ဟုဆိုခဲ့သည်။




နာမည်ဆိုးဖြင့်ကျော်ကြားသည့် ဂျူဗင်တပ်စ်ပရိသတ်များအား ပွဲစဉ်တစ်ခုတွင်တွေ့ရစဉ်

## IN-BRIEF

❒ အေစီမီလန်အသင်း နည်းပြ အယ်လီဂရီကမိမိသည်အေစီမီလန်အသင်းမှထွက်ခွာပါက အီတလီတွင်ဆက်မနေချင်သေးကြောင်းနှင့် စပိန်သို့မဟုတ် အင်္ဂလန်သို့သွားရောက်လိုကြောင်းပြောကြားခဲ့သည်။

❒ အင်တာမီလန်အသင်း၏ ကွင်းလယ်လူ စတန်ကိုဗစ်က မိမိနှင့်အသင်းနည်းပြ ရာနီရေးရီတို့အကြားမည်သည့် ပြဿနာမှရှိမနေကြောင်းပြောကြားခဲ့သည်။

❒ ဆီနာအသင်း၏ ဥက္ကဋ္ဌဖြစ်သူ မက်ဆီမိုမက်ဇာရိမာကအသင်းနည်းပြဆန်နီနိုအား အသင်းတွင်ကာလရှည်ဆက်ရှိသွားလိုကြောင်းနှင့်မိမိတို့အသင်း၏မော်ရင်ဟိုပင်ဖြစ်ကြောင်းပြောကြားခဲ့သည်။

❒ PSG နည်းပြဖြစ်သူ အန်ဆယ်လော့တီကရိုးမားမှဘော်ရီနီသည်အနာဂတ်အီတလီအသင်း၏ ကြယ်ပွင့်တစ်ဦးဖြစ်ကြောင်းနှင့်ချယ်လ်ဆီးတွင်ကစားခဲ့ကတည်းကၡင်း၏အရည်အချင်းကိုမိမိသိရှိကြောင်းဆိုခဲ့သည်။

## အာဂျင်တီးနားဂန္ထဝင်ကစားသမားမာရာဒိုနာ၏ ထင်ရှားသည့်ဖြစ်ရပ်အချို့

### ၁၉၈၆ ကမ္ဘာ့ဖလား

၁၉၈၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မာရာဒိုနာသည် အာဂျင်တီးနားအသင်းခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့ပြီး အသင်းကို ကမ္ဘာ့ဖလားချန်ပီယံဖြစ်အောင်စွမ်းဆောင်ပေးခဲ့သည်။ အင်္ဂလန်နှင့်ကစားခဲ့သောကွာတားဖိုင်နယ်တွင် ဘုရားပေးသောလက်ဖြင့်သွင်းယူခဲ့သောဂိုးမှာ ယနေ့ထက်တိုင်ထင်ရှားနေဆဲဖြစ်သည်။

### ကိုကင်းသုံးစွဲ၍ ပြိုင်ပွဲမှထုတ်ပယ်ခံရ

၁၉၈၆နှင့် ၁၉၉၀ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် အာဂျင်တီးနားအသင်းအတွက်ခြေစွမ်းပြကစားခဲ့သည့် မာရာဒိုနာသည် ၁၉၉၄ကမ္ဘာ့ဖလားပြိုင်ပွဲဝင်လူစာရင်းမှထုတ်ပယ်ပြီးအိမ်ပြန်ပို့ခံခဲ့ရသည်။ သူသည် နိုက်ဂျီးရီးယားနှင့်ကစားခဲ့သည့်ပွဲအပြီး ဆီးစစ်ဆေးရာတွင် ကိုကင်းသုံးစွဲထားကြောင်းတွေ့ရှိခဲ့ရသဖြင့် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

### အခွန်ငွေပြဿနာ

၂၀၀၉ခုနှစ်တွင် တာဝန်ရှိသူများကမာရာဒိုနာသည် အီတလီအစိုးရထံအခွန်ငွေအဖြစ် ယူရို(၃၅)သန်းပေးချေရန်ကျန်ရှိနေကြောင်းကြေညာခဲ့သည်။ ယင်းအခွန်ပြဿနာကြောင့် မာရာဒိုနာသည် အီတလီနိုင်ငံရှိဆေးရုံတစ်ရုံသို့သွားရောက်လည်ပတ်စဉ် ယူရို(၄၂၀၀၀)အပါအဝင် သူ၏နာရီ(၂)လုံးနှင့်နားကပ်တစ်စုံသိမ်းဆည်းခံခဲ့ရသည်။

### မီဒီယာများနှင့် ပြဿနာဖြစ်ပွား

အာဂျင်တီးနားလက်ရွေးစင်အသင်း၏ နည်းပြဖြစ်သူ မာရာဒိုနာသည် အာဂျင်တီးနားအသင်း၂၀၁၀ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ပြီးနောက် မီဒီယာသမားများနှင့်တွေ့ဆုံရာတွင်ရိုင်းပျသောစကားများပြောဆိုပြီး ဒေါသပေါက်ကွဲခဲ့သဖြင့် ဖီဖာက သူ့အား(၂)လပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေအဖြစ်ဆွစ်ဖရန့်(၂၅၀၀၀)ချမှတ်ခဲ့သည်။

# အစိုးရသို့စပိန်ကလပ်အသင်းများပေးချေရမည့်အခွန်ငွေ ယူရိုသန်း(၇၀၀)ကျော်ရှိဟု လွှတ်တော်တွင်အတည်ပြု

စပိန်နိုင်ငံအစိုးရသို့ စပိန်ကလပ်အသင်းများပေးဆောင်ရန်ကျန်ရှိနေသည့် အခွန်ငွေစုစုပေါင်းမှာ ယူရိုသန်း(၇၀၀)ကျော်ရှိနေသည်ဟု စပိန်နိုင်ငံလွှတ်တော်အစည်းအဝေးတွင်အတည်ပြုကြေညာခဲ့ကြောင်းသိရှိရသည်။

စပိန်နိုင်ငံမှ ကွန်မြူနစ်ပါတီတစ်ခုဖြစ်သည့် ယူနိုင်တက်လက်ဝဲယိမ်းပါတီမှ လွှတ်တော်တွင် စပိန်ကလပ်အသင်းများ၏ အခွန်ငွေပြဿနာကို မေးမြန်းခဲ့ပြီး၊ စပိန်အစိုးရလက်အောက်ရှိ အားကစား၊ ယဉ်ကျေးမှုနှင့် ရန်ပုံငွေရှာဖွေရေးဝန်ကြီး အစိုးရသို့အခွန်ငွေသန်း(၆၀၀)ကျော်ပေးဆောင်ရမည်ဖြစ်ပြီး၊ ပြီးခဲ့သည့် (၄)နှစ်တာကာလအတွင်း ယူရိုသန်း(၁၅၀)ခန့်ထပ်မံတိုးမြင့်လာခဲ့ကြောင်း၊ အချို့အသင်းများသည် ဘဏ္ဍာရေးပြဿနာကြုံတွေ့နေရသော်လည်းအသင်းအတော်များများမှာ ယင်းအခွန်ငွေများကိုပေးဆောင်နိုင်မည့်အနေအထားတွင်ရှိနေသည်ကိုစစ်ဆေးတွေ့ရှိပြီးဖြစ်ကြောင်း“အစိုးရတာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားခဲ့သည်။

သို့ရာတွင် စပိန်မီဒီယာများကမူ အခွန်

*ဗလင်စီယာအသင်းက ပုံရိပ်အသုံးပြုခွင့်စာချုပ်ချုပ်ဆိုပြီးချိန်၊ လီဗန်တေးအသင်းကကြွေးမြီယူရို(၂၂.၇)သန်းကို(၅)နှစ်အတွင်း၊အက်သလက်တီကိုအသင်းကလာမည့်စက်တင်ဘာလတွင်ယူရိုသန်း(၅၀)တို့ကို ပေးဆောင်သွားရန်*

ဌာနမှပြောရေးဆိုခွင့်ရှိသူက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။ စပိန်ကလပ်အသင်းများသည် စပိန်အစိုးရသို့ပေးချေရမည့် အခွန်ငွေယူရို(၇၅၂)သန်းအထိရှိနေပြီး လာလီဂါကလပ်အသင်းများမှ ယူရိုသန်း(၅၀၀)နီးပါးနှင့် ဆီဂန်ဒါကလပ်အသင်းများက ယူရိုသန်း(၂၀၀)နီးပါး၊ အခြားလိဂ်အသီးသီးမှအသင်းများက ယူရိုသန်း(၈၀)နီးပါးရှိနေကြကြောင်း သိရှိရသည်။

ယူနိုက်တက်လက်ဝဲယိမ်းပါတီ၏ လက်ထောက်ခေါင်းဆောင်တစ်ဦးဖြစ်သည့် ဂတ်စ်ပါလာမာဇာရက်စ်က စပိန်ကလပ်အသင်းများ၏ ကြွေးမြီပြဿနာ၏ နောက်ဆုံးအခြေအနေကို မေးမြန်းခဲ့ရာ“၂၀၀၈ ခုနှစ်၊ ဧပြီလအထိစာရင်းများအရစပိန်ကလပ်အသင်းများသည် စပိန်ပြဿနာနှင့် ကြွေးမြီပြဿနာကိုမဖြေရှင်းနိုင်သဖြင့် ဒေဝါလီခံရမည့်အခြေအနေနှင့်ရင်ဆိုင်နေရသည့်အသင်းအရေအတွက်မှာ လာလီဂါ၌ပင် (၆)သင်းအထိရှိနေသည်ဟုဖော်ပြခဲ့သည်။ လက်ရှိအချိန်တွင် ကလပ်အသင်းအချို့သည် အစိုးရသို့ဎင်းတို့ပေးဆောင်ရမည့်အခွန်ငွေများနှင့်ပတ်သက်၍ သဘောတူစာချုပ်များချုပ်ဆိုနေပြီး၊ ဗလင်စီယာအသင်းက ပုံရိပ်အသုံးပြုခွင့်စာချုပ်ချုပ်ဆိုပြီးချိန်၊ လီဗန်တေးအသင်းက ကြွေးမြီယူရို(၂၂.၇)သန်းကို(၅)နှစ်အတွင်း၊ အက်သလက်တီကိုအသင်းကလာမည့်စက်တင်ဘာလတွင်ယူရိုသန်း(၅၀)တို့ကို ပေးဆောင်သွားရန် သဘောတူညီမှုရရှိခဲ့ကြောင်းသိရှိရသည်။



စပိန်ဘောလုံးအဖွဲ့ချုပ်(LFP)ဥက္ကဋ္ဌ ဟိုဆေးလ်လူးဝစ်အက်စတီယာဇာရန်

## အေစီမီလန်သို့ပြောင်းရွှေ့မည် မဟုတ်ဟု စီရော်နယ်လ်ဒိုဆို

ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုက အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ရန်စဉ်းစားနေကြောင်း သတင်းများထွက်ပေါ်နေမှုအပေါ် ငြင်းဆန်ပယ်ချလိုက်သည်။ အေစီမီလန်အသင်းပိုင်ရှင်ဘာလူစကိုနီသည် စီရော်နယ်လ်ဒိုကိုခေါ်ယူရန်ကြိုးပမ်းသွားမည်ဟု ပြီးခဲ့သည့်တစ်ပတ်ကဝန်ခံပြောကြားခဲ့သော်လည်း စီရော်နယ်လ်ဒိုက စီးရီးအေသို့ပြောင်းရွှေ့ရန်စိတ်မဝင်စားဘဲ၊ အသင်း၌ဆက်ရှိနေမည်ဟု ပြောကြားခဲ့သည်။

## ဘာစီလိုနာနှင့်ကစားမည့်ပွဲကို နာဗတ်စ် လွဲချော်ဖွယ်ရှိနေ

ဆီဗီလာအသင်း၏ တောင်ပံကစားသမားနာဗတ်စ်သည်ဒဏ်ရာကြောင့် ယခုတစ်ပတ်စနေနေ့တွင် ဘာစီလိုနာနှင့်ကစားမည့်ပွဲကိုလွဲချော်ဖွယ်ရှိနေကြောင်းသိရသည်။ နာဗတ်စ်သည် ပြီးခဲ့သည့်တစ်ပတ်က စပို့တင်းဂီဂျွန်ကို (၁-၀)ဂိုးဖြင့်ရှုံးနိမ့်ခဲ့သည့်ပွဲတွင် ပွဲချိန်ပြည့်ပါဝင်ကစားခဲ့သော်လည်း ပွဲအပြီး၌ ဆေးစစ်ချက်များအရ ညာဘက်ခြေကျင်းဝတ်၌ ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

## အသင်း၏လူငယ်စီမံကိန်းကို မော်ရင်ဟို သဘောကျနေ

ရီးယဲလ်အသင်းနည်းပြမော်ရင်ဟိုက အသင်း၏လူငယ်စီမံကိန်း(Castilla)မှ လူငယ်ခြေတက်ကစားသမားများ ထွက်ပေါ်လာ၍ကျေနပ်ဝမ်းမြောက်မိကြောင်းပြောကြားခဲ့သည်။ မော်ရင်ဟိုက လူငယ်ကစားသမားလေးများသည် အလားအလာရှိသူများဖြစ်ကြောင်း၊ လူငယ်ကစားသမားများထဲမှအချို့ကို အသင်းကြီးတွင်အသုံးပြုသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

# ဂိုးသမားအဖြစ်ကစားလျှင်ပင် မက်ဆီဂိုးသွင်းနိုင်မည်ဟု ပူယိုးလ်ချီးကျူးစကားဆို
# ယခုနှစ်ရာသီတွင် ဘာစီလိုနာအသင်းအတွက်သွင်းဂိုးအရေအတွက်(၅၀)ပြည့်မြောက်

ဘာစီလိုနာအသင်း၏ အသင်းခေါင်းဆောင် ပူယိုးလ်က ကစားဖော်တိုက်စစ်မှူး မက်ဆီသည် ဂိုးသမားအဖြစ်ကစားလျှင်ပင် ဂိုးသွင်းနိုင်မည့်ကစားသမားဖြစ်ကြောင်းချီးကျူးခဲ့သည်။

ပူယိုးလ်သည် ၎င်း၏ Twitter စာမျက်နှာ၌ ဘာစီလိုနာလေ့ကျင့်ရေးကွင်းတွင် မက်ဆီဂိုးဖမ်းနေသည့် ပုံနှင့်အတူယင်းကဲ့သို့ ချီးကျူးရေးသားခဲ့ခြင်းဖြစ်သည်။ ထို့အတူ ဂိုးဖမ်းခြင်းကို ဂိုးသွင်းသည်ထက်ပင်ပိုကျွမ်းကျင်ကြောင်းလည်းပြောကြားခဲ့သည်။ မက်ဆီသည် ယခုနှစ်ရာသီတွင် ဘာစီလိုနာအသင်းအတွက် ဂိုး(၅၀)သွင်းယူပေးထားပြီး ပြီးခဲ့သည့်ရာသီက တစ်ရာသီလုံးသွင်းဂိုးအရေအတွက်ကို မီရန်(၃)ဂိုးသာလိုတော့ကြောင်းသိရှိရသည်။ ထို့ပြင် ဘာစီလိုနာအသင်း၏ ထာဝရဂိုးသွင်းအများဆုံးကစားသမားဖြစ်သည့် ဆီဇာရိုဒရီဂွက်ဇ်၏ ဂိုးအရေအတွက် အားမီရန်(၅)ဂိုးသာလိုအပ်တော့ပြီး အသင်းအတွက်စုစုပေါင်း(၂၂၅)ဂိုးအထိသွင်းယူထားပြီးဖြစ်ကြောင်းသိရှိရသည်။ ဖဲလ်ဒက်စ်ကလည်း မက်ဆီသာဂိုးဖမ်းမည်ဆိုပါကမိမိသည်အရန်ခုံတွင်ထိုင်ရမည်ဖြစ်ကြောင်း နောက်ပြောင်ခဲ့သည်။ ၎င်းက“ မက်ဆီသည် လူပုလေးတစ်ဦးသာ ဖြစ်သော်လည်း ဂိုးဖမ်းအလွန်ထူးချွန်ကြောင်းနှင့် ဒိုင်ဗင်ပစ်ရာတွင် အလွန်ပေါ့ပါးဖျတ်လတ်ကြောင်းလည်းချီးကျူးခဲ့သည်။



လေ့ကျင့်ရေးကွင်းတွင် မက်ဆီဂိုးဖမ်းနေသည့်ပုံကို ပူယိုးလ်၏ Twitter စာမျက်နှာတွင်ဖော်ပြထားစဉ်

## SHORT NEWS

❐ အက်သလက်တီကိုအသင်း၏ညာနောက်ခံလူဆယ်လ်ဗီယိုသည် ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ကြောင်း အက်သလက်တီကိုအသင်းကအတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ ဆယ်လ်ဗီယိုသည်ယင်းဒဏ်ရာကြောင့်မကြာခဏအနားယူနေရပြီး ယခုရာသီတွင်အသင်းအတွက်(၁၄)ပွဲသာကစားခဲ့ရသည်။

❐ ချယ်လ်ဆီးနှင့်မန်စီးတီးအသင်းတို့ကခေါ်ယူရန် ပစ်မှတ်ထားခြင်းခံနေရသည့်ရီးယဲလ်တိုက်စစ်မှူးဟီဂူအင်က လက်ရှိအချိန်တွင်မိမိ၏အနာဂတ်နှင့်ပတ်သက်၍စဉ်းစားမည်မဟုတ်သေးဟုပြောကြားခဲ့သည်။ ဟီဂူအင်သည် အသင်းနှင့်စာချုပ်သက်တမ်းတိုးရန်ကြန့်ကြာနေပြီး အသင်းမှထွက်ခွာတော့မည်ဟုသတင်းများထွက်ပေါ်နေသူလည်းဖြစ်သည်။

❐ ဘာစီလိုနာကွင်းလယ်ကစားသမားအင်နီယေစတာက နည်းပြဂွါဒီယိုလာ အနေဖြင့် အသင်းနှင့်မကြာမီစာချုပ်သစ်ချုပ်ဆိုမည်ဟုမျှော်လင့်ကြောင်းပြောကြားခဲ့သည်။ အင်နီယေစတာက“အသင်းက ကစားသမားတိုင်းဟာဂွါဒီယိုလာက အသင်းမှာဆက်ရှိစေလိုကြပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့မကြာခင်ဂွါဒီယိုလာကို စာချုပ်သစ်ချုပ်ဆိုဖို့ကမ်းလှမ်းလိမ့်မယ်လို့မျှော်လင့်ပါတယ်“ ဟုပြောကြားခဲ့သည်။

❐ ဘာစီလိုနာအသင်းနည်းပြဂွါဒီယိုလာက ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် အေစီမီလန်အသင်းနှင့်ဆုံတွေ့လိုခြင်းမရှိကြောင်းပြောကြားခဲ့သည်။ ဘာစီလိုနာနှင့်အေစီမီလန်တို့သည် အုပ်စုအဆင့်တွင်တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး နူးကမ့်တွင်(၂)ဂိုးစီသရေကျခဲ့ကာ ဆန်စီရိုတွင်ဘာစီလိုနာက(၃-၂)ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

## ရီးယဲလ်မက်ဒရစ်အကယ်ဒမီ Castilla အကြောင်းတစေ့တစောင်း

အောင်မြင်မှု - စပိန်ဘုရင့်ဖလား ဒုတိယ(၁၉၇၉-၈၀)

ဆီဂန်ဒါချန်ပီယံ - ၁ ကြိမ် (၁၉၈၃-၈၄)

ဆီဂန်ဒါ(B)ချန်ပီယံ - ၃ ကြိမ် (၁၉၉၀-၉၁၊ ၂၀၀၁-၀၂၊ ၂၀၀၄-၀၅)

တာဆီယာချန်ပီယံ - ၆ ကြိမ် (၁၉၄၈-၄၉၊ ၁၉၅၄-၅၅၊ ၁၉၅၆-၅၇၊ ၁၉၆၃-၆၄၊ ၁၉၆၅-၆၆၊ ၁၉၆၇-၆၈)

| လက်ရှိရပ်တည်မှု | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| | ၂၈ | ၁၇ | ၆ | ၅ | ၅၇ | ၂၈ | ၅၇ |

Castilla အကယ်ဒမီကျောင်းထွက် ထင်ရှားခဲ့သူအချို့

| အမည် | ကစားခဲ့သည့်ကာလ | | | | |
|---|---|---|---|---|---|
| အယ်လ်ဖွန်ဆို | ၁၉၈၉ - ၉၁ | ဒါနီ | ၁၉၉၂ - ၉၅ | ရာအူးလ် | ၁၉၉၃ - ၉၄ |
| အာဘီလိုအာ | ၂၀၀၃ - ၀၆ | ဒီလာရက်ဇ် | ၂၀၀၄ - ၀၇ | ပေါ်တီလို | ၂၀၀၁ - ၀၂ |
| ရာဖေးဘင်နီတက်ဇ် | ၁၉၇၄ - ၈၁ | ဒဲလ်ဘော့စ် | ၁၉၆၉ - ၇၀ | ပါဘွန် | ၂၀၀၀ - ၀၁ |
| ကမာချို | ၁၉၇၃ - ၇၅ | ဒီယေဂိုလိုပက်ဇ် | ၂၀၀၃ - ၀၅ | ပါရီဂျို | ၂၀၀၆ - ၀၇ |
| ကာဆီးလက်စ် | ၁၉၉၈ - ၉၉ | ဂူတီ | ၁၉၉၅ - ၉၆ | မစ်စတာ | ၁၉၉၇ - ၉၉ |
| ကမ်ဘီယာဆို | ၁၉၉၆ - ၉၇ | ဂရန်နာဒို | ၂၀၀၆ - ၀၈ | မီချယ်လ် | ၁၉၈၁ - ၈၄ |
| ကာနီဇာရက်စ် | ၁၉၈၈ - ၉၀ | မီဂွယ်တောရက်စ် | ၂၀၀၆ - ၀၇ | မာတာ | ၂၀၀၆ - ၀၇ |
| | | ဆိုလ်ဒါဒို | ၂၀၀၂ - ၀၆ | လူးဝစ်ဂါစီယာ | ၂၀၀၁ - ၀၃ |

# ဒါဘီပြိုင်ဘက်ကို နှစ်ကျော့စလုံးအနိုင်ယူခဲ့တဲ့လီဗာပူးလ်

## ပ ရီး မီး ယား လိဂ် ပွဲ ကျန် သုံး သပ် ချက်




အဲဗာတန်ဘက်သို့ ပထမဂိုးသွင်းယူနေသည့် လီဗာပူးလ်အသင်းခေါင်းဆောင်ဂျရတ်

### လီဗာပူးလ် ၃-၀ အဲဗာတန်

ပြီးခဲ့တဲ့အပတ်ကမှ အဲဗာတန်နည်းပြသက်တမ်း (၁၀)နှစ်ပြည့်ခဲ့တဲ့ မိုယက်စ်အတွက် မြို့ခံဒါဘီပြိုင်ဘက်ကိုနှစ်ကျော့စလုံးရှုံးနိမ့်ခဲ့လို့စိတ်ပျက်စရာဖြစ်ခဲ့ရပါတယ်။ အန်ဖီးလ်ကွင်းမှာ ၁၉၉၉ခုနှစ်က နောက်ဆုံးအနိုင်ရထားတဲ့အဲဗာတန်အဖို့အစဉ်အလာအတိုင်းရှုန်းကန်ခဲ့ရတာပါ။ဒါပေမယ့် မိုယက်စ်ဟာ အခုပွဲထက် ဆန်းဒါးလန်းနဲ့FAဖလားပွဲကိုပဲအာရုံရောက်နေတာမို့အဲဗာတန်အသင်းလူစာရင်းကအပြောင်းအလဲတွေရှိခဲ့ပါတယ်။ ကစားကွက်ပိုင်းမှာ သိပ်မကွာပေမယ့်အဲဗာတန်တိုက်စစ်ကတော့ အပိုင်အခွင့်အရေးတွေမရခဲ့ပါဘူး။ လီဗာပူးလ်ရှေ့တန်းက ကာရိုးလ်အားမကိုးရပေမယ့်ဒဏ်ရာကပြန်လာတဲ့ဂျရတ်ရဲ့ အဆုံးသတ်သေချာမှုတွေကြောင့်သာဂိုးပြတ်သွားခဲ့ရတာပါ။အစောပိုင်းမှာအဲဗာတန်ဂိုးသမားဟောင်းဝပ်ရဲ့ လက်စွမ်းပြမှုတွေကြောင့် လီဗာပူးလ်ဂိုးရဖို့ ရှုန်းကန်ခဲ့ရပေမယ့်ပထမဂိုးရပြီးတဲ့နောက်မှာတော့ နိုင်ပွဲအတွက်အခက်အခဲမရှိခဲ့ပါဘူး။လီဗာပူးလ်ရဲ့ဂိုးတွေကို ဂျရတ်က(၃၄၊ ၅၁၊ ၉၀)မိနစ်တွေမှာဟက်ထရစ်သွင်းယူခဲ့တာပါ။ လီဗာပူးလ်အနေနဲ့ အမှတ်ပေးပွဲ(၃)ပွဲဆက်အရှုံးကိုရပ်တန့်နိုင်ခဲ့ပေမယ့်ချန်ပီယံလိဂ်ဝင်ခွင့်အတွက်တော့ အဆင့်(၄)နေရာက အာဆင်နယ်နဲ့ (၁၀)မှတ်ကွာဟနေဆဲပဲဖြစ်ပါတယ်။

### ပွဲမှတ်တမ်း

| | လီဗာပူးလ် | အဲဗာတန် |
|---|---|---|
| ဂိုး | ၃ | ၀ |
| ဂိုးပေါက်ကန်သွင်းမှု | ၁၆ | ၈ |
| ဂိုးပေါက်တည့်မှု | ၉ | ၁ |
| ဂိုးပေါက်ကာကွယ်မှု | ၁ | ၆ |
| ထောင့်ကန်ဘော | ၄ | ၄ |
| လူကျွံဘော | ၅ | ၂ |
| ပြစ်ဒဏ်ဘော | ၆ | ၉ |
| အဝါကတ် | ၁ | ၄ |
| ဘောလုံးပိုင်ဆိုင်မှု | ၅၁% | ၄၉% |

# တောင်ကိုရီးယား၊ ယူအေအီး၊ ဂျပန်တို့ ခြေစစ်ပွဲအောင်ခဲ့တဲ့

## အိုလံပစ်(အာရှဇုန်)ခြေစစ်ပွဲသုံးသပ်ချက်

၂၀၁၂လန်ဒန်အိုလံပစ်(အာရှဇုန်)ဘောလုံးခြေစစ်ပွဲ တတိယအဆင့်အုပ်စုပတ်လည်ပွဲစဉ်များမှာ ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ပြီးစီးသွားခဲ့ပြီဖြစ်သည်။ အာရှဇုန်မှ တိုက်ရိုက်ဝင်ခွင့်(၃)နေရာအတွက် တောင်ကိုရီးယား၊ ယူအေအီး၊ ဂျပန်တို့ကရယူသွားနိုင်ခဲ့သည်။ တောင်ကိုရီးယားအသင်းမှာ ပွဲစဉ်(၅)အပြီးကတည်းက ဒုတိယနေရာမှအိုမန်အသင်းကို (၄)မှတ်ဖြတ်ကာ ခြေစစ်ပွဲအောင်မြင်ထားခဲ့ပြီး ဂျပန်၊ ယူအေအီးအသင်းများမှာမူ အုပ်စုနောက်ဆုံးပွဲစဉ်များကစားပြီးမှအိုလံပစ်ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ အာရှအနေဖြင့် အိုလံပစ်ဝင်ခွင့် (၃ ・ ၅)နေရာရရှိထားသောကြောင့် လက်ကျန်(၀ ・ ၅)နေရာအတွက်မူ အုပ်စုဒုတိယရ(၃)သင်းဖြစ်သည့် အိုမန်၊ ဥဇဘက်ကစ္စတန်၊ ဆီးရီးယားအသင်းများမှာ မတ်လ(၂၅)ရက်မှ(၂၉)ရက်အထိ ဗီယက်နမ်နိုင်ငံတွင် အုပ်စုပတ်လည်ထပ်မံကစားရမည်ဖြစ်သည်။အုပ်စုထိပ်ဆုံးရအသင်းအနေဖြင့်အိုလံပစ်ဝင်ခွင့်အတွက်အာဖရိကဇုန်အဆင့်(၄)နေရာရဆီနီဂေါအသင်းနှင့် အဆုံးအဖြတ်ခံယူရမည်ဖြစ်ကြောင်းသိရှိရသည်။

| အုပ်စု(က) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| တောင်ကိုရီးယား | ၆ | ၃ | ၃ | ၀ | ၁၂ |
| အိုမန် | ၆ | ၂ | ၂ | ၂ | ၈ |
| ကာတာ | ၆ | ၁ | ၄ | ၁ | ၇ |
| ဆော်ဒီအာရေဗျ | ၆ | ၀ | ၃ | ၃ | ၃ |

| အုပ်စု(ခ) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ယူအေအီး | ၆ | ၄ | ၂ | ၀ | ၁၄ |
| ဥဇဘက်ကစ္စတန် | ၆ | ၂ | ၂ | ၂ | ၈ |
| အီရတ် | ၆ | ၁ | ၂ | ၃ | ၅ |
| သြစတြေးလျ | ၆ | ၀ | ၄ | ၂ | ၄ |

| အုပ်စု(ဂ) | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|
| ဂျပန် | ၆ | ၅ | ၀ | ၁ | ၁၅ |
| ဆီးရီးယား | ၆ | ၄ | ၀ | ၂ | ၁၂ |
| ဘာရိန်း | ၆ | ၃ | ၀ | ၃ | ၉ |
| မလေးရှား | ၆ | ၀ | ၀ | ၆ | ၀ |

### ပွဲစဉ်(၆)ရလဒ်များ

ဆော်ဒီအာရေဗျ ၁-၁ အိုမန်
တောင်ကိုရီးယား ၀-၀ ကာတာ
ဥဇဘက်ကစ္စတန် ၂-၃ ယူအေအီး
သြစတြေးလျ ၀-၀ အီရတ်
ဆီးရီးယား ၃-၀ မလေးရှား
ဂျပန် ၂-၀ ဘာရိန်း


■ ဆိပ်ကမ်းမှ ချိန်းပြီးချင်း ကားများကို မျက်မြင်စိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်ပါသည်။
■ ကားအပ်နှံပြီး ငွေလဲများနှင့် လည်း တစ်ပါတည်းလဲလှယ်ဝယ်ယူနိုင်ပါသည်။

Paing Paing AUTO Car Dealer

■ ဆက်သွယ်ရန် ဖုန်း ၀၉၄၃၂၀၂၉၄၂
၀၉၇၃၁၀၈၆၃၁၊ ၀၉၄၃၂၀၂၂၆၂
၀၉၅၁၁၀၈၃၃

နေ့ရာသီကျောင်းပိတ်ရက်၊ အားလပ်ရက်များတွင် မိသားစုလိုက် အပန်းဖြေခရီးသွားရန် အထူးသင့်လျော်သော Model မြင့် Luxury ကားများအပါအဝင် အခြားကားအမျိုးအစားပေါင်းများစွာ ရောက်ရှိနေပြီဖြစ်ပါသည်။

20 % to 50 % Down payment ပေးချေရုံဖြင့်(၁)နှစ်အတွင်း
Hire Purchase (အရစ်ကျအငှားဝယ်ယူသည့်စနစ်)ဖြင့် ရောဝတီဘဏ်နှင့် ချိတ်ဆက်၍ဝယ်ယူနိုင်ပြီ။





- Toyota Alphard 2002
- Toyota Wish 2003
- Toyota Estima 2000
- Toyota Hilux Surf 2002,2003
- Mitsubishi Pajero 2002
- Toyota Land Cruiser 1997,1998
- Mercedes Benz (M Class) 1998,1999
- Toyota Lexus GS 2005
- Nissan President 2004
- Toyota Mark X 2006
- Toyota Crown 2004
- BMW 7 Series 2006
- Honda CRV 2001
- Toyota Prius 2003
- Toyota RAV-4 2001

■ဆက်သွယ်ဝယ်ယူရန်နေရာ(၁) အမှတ်(၀၂)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ သာကေတစက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ■ဆက်သွယ်ဝယ်ယူရန်နေရာ(၂) အမှတ်(၂၀)၊ ဗိုလ်ကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

## ဂါ ဘ ရီ ယယ် တို ဂျေး



ပြီးခဲ့တဲ့တဲ့နွေရာသီအပြောင်းအရွှေ့မှာ အူဒီးနီးစ်အသင်းရဲ့ ကြယ်ပွင့်ကစားသမား အလက်ဆစ်ဆန်းချက်ဇ်ဟာ မက်ဆီကစားနေတဲ့ ဘာစီလိုနာအသင်းကိုပြောင်းရွှေ့သွားခဲ့တာကြောင့် အသင်းတာဝန်ရှိသူတွေကမက်ဆီကိုခေါ်ယူဖို့ဆုံးဖြတ်လိုက်ပါတယ်။ အူဒီးနီးစ်အသင်းခေါ်ယူလိုက်တဲ့မက်ဆီက အာဂျင်တီးနားသားမဟုတ်သလို ဘာစီလိုနာအသင်းကလည်းမဟုတ်ပါဘူး။ ရိုမေနီးယားမက်ဆီလို့နာမည်ကြီးနေတဲ့ ဒိုင်နမိုဘူခါရက်အသင်းက ဂါဘရီယယ်တိုဂျေးဖြစ်ပါတယ်။ တိုဂျေးအတွက် အူဒီးနီးစ်အသင်းယူရို(၇)သန်းလောက်သုံးစွဲခဲ့ရပါတယ်။

တိုဂျေးဟာ အူဒီးနီးစ်အသင်းနဲ့ ပထမဆုံးလေ့ကျင့်ခန်းဆင်းတဲ့နေ့မှာပဲ (၁၅)မိနစ်အတွင်း(၆)ဂိုးသွင်းယူပြီးခြေစွမ်းပြခဲ့ကာ အသင်းနည်းပြနဲ့ကစားသမားတွေကိုအံ့အားသင့်စေခဲ့ပါတယ်။သူ့ရဲ့ ပွဲဦးထွက်အဖြစ်လက်ချီအသင်းနဲ့ကစားခဲ့တဲ့ပွဲမှာတော့ အထင်ကြီးလောက်တဲ့ခြေစွမ်းတွေကိုပြသခဲ့တာကြောင့် ဆန်းချက်ဇ်ရဲ့နေရာအစားထိုးလို့မရနိုင်ဘူးဆိုတဲ့ဝေဖန်သူတွေရဲ့ထင်မြင်ချက်တွေကိုချေဖျက်နိုင်ခဲ့ပါတယ်။ ရေခြား၊ မြေခြားမှာကြုံတွေ့ရတတ်တဲ့ ဘာသာစကားနဲ့လူနေမှုပတ်ဝန်းကျင်ခြားနားမှုတို့ကိုတိုဂျေးအလွယ်တကူကျော်ဖြတ်နိုင်ခဲ့ပြီး တစ်နိုင်ငံတည်းသားကစားဖော်တွေဖြစ်တဲ့ မူတူး၊ ချီဗူးတို့လိုစီးရီးအေရဲ့ကစားပုံနဲ့အံဝင်ခဲ့ပါတယ်။ မော်ဒန်ဘောလုံးလောကဟာ မက်ဆီ၊ ဇာဗီ၊ အင်နီယေစတာ၊ ဆေးလ်ဗားတို့လိုစကေးလ်မြင့်မြင့်နဲ့ လူပုလေးတွေရဲ့ခေတ်ဖြစ်နေတာကြောင့် အရပ်ကဒီတန်းဝင်နေတဲ့တိုဂျေးတစ်ယောက် စကေးလ်ပိုင်းမှာရော ရိုမေးနီးယားမက်ဆီတကယ်ပီသရဲ့လားဆိုတာစောင့်ကြည့်ရမှာပါ . . .

**ဂါဘရီယယ်တိုဂျေး(Fact Box)**

အမည်ရင်း - ဂါဘရီယယ်အန်ဒရီတိုဂျေး

မွေးသက္ကရာဇ် - ၂၂-၁၁-၁၉၈၉

မွေးရပ် - တီနီဆော်ရာ၊ ရိုမေးနီးယား

အရပ် - (၅)ပေ၊ (၆)လက်မ

ကစားသည့်နေရာ - တောင်ပံတိုက်စစ်

# လင်းလက်တောက်ပဖို့ အားယူနေတဲ့ စီးရီးအေကောင်းကင်က ကြယ်(၂)ပွင့်

*စီးရီးအေမှာ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အင်တာမီလန်၊ ရိုးမား၊ နာပိုလီ၊ လာဇီယိုစတဲ့အသင်းတွေနဲ့အပြိုင်ဖြစ်နေတဲ့အသင်းကတော့ အူဒီးနီးစ်အသင်းဖြစ်ပါတယ်။ အလက်ဆစ်ဆန်းချက်ဇ်ဘာစီလိုနာအသင်းကို ပြောင်းရွှေ့သွားခဲ့ပေမယ့် အူဒီးနီးစ်အသင်းပုံမပျက်ခဲ့ပါဘူး။ အခုဖော်ပြပေးလိုက်တဲ့ တိုဂျေးနဲ့ မူရီယယ်တို့နှစ်ယောက်လုံးဟာအူဒီးနီးစ်အသင်းရဲ့ကစားသမားတွေဖြစ်ပြီး မူရီယယ်ကတော့လက်ချီအသင်းမှာ အငှားသွားကစားနေပါတယ် . . .*

## လူး ဝစ် မူ ရီ ယယ်



ကိုလံဘီယာတိုက်စစ်မှူး လူးဝစ်မူရီယယ်ရဲ့ကစားသမားဘဝကိုပြည်တွင်းကလပ် အက်သလက်တီကိုဂျူနီယာအသင်းမှာ စတင်ခဲ့ပါတယ်။ ၂၀၀၈ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့မှာပြည်တွင်းကလပ်ပဲဖြစ်တဲ့ ဒီပို့တီဗိုကာလီအသင်းကိုပြောင်းရွှေ့ကစားခဲ့ပြီး လူငယ်အသင်းမှာ (၁)နှစ်လောက်ကျင်လည်ခဲ့ရပါတယ်။ ၂၀၀၉ခုနှစ်မှာ အသင်းကြီးကစားသမားဖြစ်လာခဲ့ပေမယ့် အစပိုင်းမှာပွဲကစားခွင့်သိပ်များများမရခဲ့ပါဘူး။ ကစားခွင့်ရလာချိန်မှာတော့ မူရီယယ်ဟာ သူ့ရဲ့အစွမ်းအစကိုအံ့သြချီးကျူးရလောက်အောင်ပြသခဲ့ပါတယ်။ ဒီပို့တီဗိုကာလီအသင်းအတွက်မူရီယယ်ကစားခဲ့တာ (၁၀)ပွဲသာရှိပေမယ့် (၉)ဂိုးအထိသွင်းယူခဲ့ပြီးခြေစွမ်းပြခဲ့တာကြောင့် ဥရောပအသင်းတွေကပါသတိပြုမိသွားခဲ့ပြီး ၂၀၁၀ခုနှစ်ရဲ့နွေရာသီအပြောင်းအရွှေ့မှာ စီးရီးအေကလပ်အူဒီးနီးစ်အသင်းကခေါ်ယူခဲ့ပါတယ်။

အူဒီးနီးစ်အသင်းကို မူရီယယ်ရောက်ရှိသွားချိန်မှာ အသင်းမှာ အီးယူပြင်ပက ကစားသမားတွေများပြားနေပြီးသူ့ကိုနေရာမပေးနိုင်တာကြောင့် အဲဒီအချိန်ကစပိန်အောက်တန်းမှာကစားနေတဲ့ ဂရန်နာဒါအသင်းကို အငှားပြောင်းရွှေ့ကစားခဲ့ပါတယ်။ ဂရန်နာဒါအသင်းမှာတစ်ရာသီကစားခဲ့ပြီးအူဒီးနီးစ်အသင်းကိုပြန်ရောက်ချိန်မှာလည်း အသင်းရဲ့တိုက်စစ်မှာ ဝါရင့်တိုက်စစ်မှူးဒီနာတာလီ ခြေစွမ်းပြနေတာကြောင့် အသင်းတာဝန်ရှိသူတွေကအငှားဆက်ချထားဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ဒါကြောင့်ဒီရာသီမှာလက်ချီအသင်းကိုရောက်ရှိနေပြီးအသင်းအတွက်(၅)ဂိုးသွင်းယူပေးထားတဲ့သူ့ကို မန်ယူအသင်းကခေါ်ယူဖို့စိတ်ဝင်စားနေတယ်ဆိုတဲ့သတင်းတွေထွက်နေတာကြောင့် မူရီယယ်ရဲ့အနာဂတ်အလည့်အပြောင်းဖြစ်လာမလားဆိုတာကတော့ . . .

**လူးဝစ်မူရီယယ်(Fact Box)**

အမည်ရင်း - လူးဝစ်ဖာနန်ဒိုမူရီယယ်ဖရူတို

မွေးသက္ကရာဇ် - ၁၈-၄-၁၉၉၁

မွေးရပ် - ဆန်တိုတွမ်မက်စ်၊ ကိုလံဘီယာ

အရပ် - (၅)ပေ၊ (၁၀)လက်မ

ကစားသည့်နေရာ - ရှေ့တန်း

*အာဆင်နယ်အသင်းရဲ့တိုက်စစ်မှူးဗန်ပါစီဟာ ယခုနှစ်ရာသီမှာ အသင်းအတွက်အထူးခြေစွမ်းပြပြီး၊ အဆုံးအဖြတ်ဂိုးတွေသွင်းယူပေးနေတဲ့ကစားသမားတစ်ဦးဖြစ်ပါတယ်။ အာဆင်နယ်အသင်းရဲ့နိုင်ပွဲတွေအတွက် သွင်းဂိုးတွေနဲ့ဖော်ဆောင်ပေးနေတဲ့ ဗန်ပါစီကို သူ့ရဲ့အနာဂတ်နဲ့ပတ်သက်ပြီး မီဒီယာသမားများကတွေ့ဆုံမေးမြန်းခဲ့ရာမှာတော့ . . .*

# “လာမယ့်ပွဲတွေမှာလည်း အသင်းအတွက် ဂိုးတွေဆက်လက်သွင်းယူသွားမှာပါ”

## အာဆင်နယ်တိုက်စစ်မှူးဗန်ပါစီနှင့်တွေ့ဆုံခြင်း




*မေး - ဒီရာသီမှာ အာဆင်နယ်အသင်းအတွက် ခြေစွမ်းပြပြီး၊ ဂိုးတွေသွင်းယူပေးနိုင်နေတဲ့အပေါ် ခင်ဗျားရဲ့ခံစားချက်ကိုပြောပြပေးပါဦး။*

ဖြေ - အသင်းအတွက် အခုလိုဂိုးတွေသွင်းယူပေးနိုင်တဲ့အတွက် အရမ်းပဲဝမ်းမြောက်မိပါတယ်။ဒီရာသီဟာကျွန်တော့်ရဲ့အာဆင်နယ်ကစားသမားဘဝမှာ အကောင်းဆုံးရာသီတစ်ခုလို့ ဆိုရမှာပါ။ လာမယ့်ပွဲစဉ်တွေမှာလည်း အသင်းအတွက်ဂိုးတွေဆက်လက်သွင်းယူနိုင်ဖို့အစွမ်းကုန်ကြိုးစားသွားမှာပါ။

*မေး - လက်ရှိအချိန်မှာ ခင်ဗျားဟာ အာဆင်နယ်အသင်းအတွက် မရှိမဖြစ်တိုက်စစ်မှူးတစ်ဦးလို့ကော ပြောလို့ရမလား။*

ဖြေ -ကျွန်တော့်ရဲ့စိတ်ထဲမှာ အဲဒီလိုမျိုးမသတ်မှတ်ထားပါဘူး။ ကျွန်တော် အခုလိုဂိုးတွေသွင်းယူနိုင်တာကလည်း အသင်းဖော်တွေက အကောင်းဆုံးပံ့ပိုးပေးနိုင်ခဲ့တာကြောင့်လည်းပါဝင်ပါတယ်။ ကျွန်တော့်ရဲ့သွင်းဂိုးတွေကြောင့်အာဆင်နယ်အသင်း နိုင်ပွဲတွေရရှိတဲ့အတွက်လည်းကျေနပ်မိပါတယ်။

*မေး - ဒီရာသီမှာလည်း အာဆင်နယ်အသင်းဟာ ဖလားလက်မဲ့ရာသီအဖြစ်အဆုံးသတ်ရဖို့ရှိနေတဲ့အပေါ်မှာလည်း ခင်ဗျားရဲ့အမြင်ကိုသုံးသပ်ပေးပါဦး။*

ဖြေ - ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အသင်းတာဝန်ရှိသူတွေအနေနဲ့အဖြေရှာဖို့လိုအပ်နေတာအမှန်ပါပဲ။ လက်ရှိအချိန်မှာအာဆင်နယ်အသင်းဟာ ဆုဖလားတွေကိုစိန်ခေါ်နိုင်တဲ့အနေအထားမျိုးမှာမရှိသေးပါဘူး။ အခုဆိုရင် ပရီးမီးယားလိဂ်မှာ အသင်းတိုင်းဟာ အင်အားတောင့်တင်းတဲ့အခြေအနေကိုရောက်ရှိနေပါပြီ။ ကျွန်တော်တို့အာဆင်နယ်ကစားသမားတွေအနေနဲ့လည်း ဆုဖလားအောင်မြင်မှုတွေရရှိဖို့ အခုထက်ပိုပြီးပြင်းပြင်းထန်ထန်ကြိုးစားဖို့လိုအပ်နေပါတယ်။

*မေး - အာဆင်နယ်အသင်းဟာနောက်ပိုင်းနှစ်တွေမှာထိပ်တန်းကစားသမားတွေကိုမခေါ်လို့အောင်မြင်မှုမရရှိတာလို့ဆိုလို့ရမလား။*

ဖြေ - ကျွန်တော်တို့အသင်းအတွက် ထိပ်တန်းကစားသမားတွေလိုအပ်တာအမှန်ပါပဲ။ဒါပေမဲ့ထိပ်တန်းကစားသမားတွေကိုခေါ်ယူနိုင်ရုံနဲ့လည်းအောင်မြင်မှုမရနိုင်ပါဘူး။ တစ်သင်းလုံးစုစုစည်းစည်းနဲ့အကောင်းဆုံးကစားနိုင်မှသာအောင်မြင်မှုရရှိနိုင်မှာပါ။

*မေး - အာဆင်နယ်အသင်းအနေနဲ့ လာမယ့်ရာသီမှာချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ရုန်းကန်နေရတဲ့အပေါ်မှာရော ခင်ဗျားအနေနဲ့ဘာများပြောချင်ပါသလဲ။*

ဖြေ - ချန်ပီယံလိဂ်ဝင်ခွင့်မဆုံးရှုံးဖို့အတွက်ရာသီကုန်ဆုံးချိန်အထိကျွန်တော်တို့အစွမ်းကုန်ကြိုးစားရမှာပါ။ကျွန်တော်တို့အသင်းအနေနဲ့ လာမယ့်ပရီးမီးယားလိဂ်ပွဲစဉ်တိုင်းကိုအနိုင်ရရှိဖို့လိုအပ်နေတာလည်းအမှန်ပါပဲ။

*မေး - ပြီးခဲ့တဲ့တစ်ပတ်ကကစားခဲ့တဲ့ချန်ပီယံလိဂ်ရှုံးထွက်ပွဲစဉ်မှာ ခင်ဗျားတို့အာဆင်နယ်အသင်းအနေနဲ့ အေစီမီလန်အသင်းကိုအနိုင်ယူကျော်ဖြတ်နိုင်တဲ့အခြေအနေကိုရောက်ရှိပြီးမှ ရှုံးနိမ့်ခဲ့တဲ့အတွက်ဘယ်လိုများခံစားနေရသလဲ။*

ဖြေ - ကျွန်တော်တို့အတွက်အဆိုးရွားဆုံးညတစ်ညပါပဲ။ကျွန်တော်တို့အသင်းအကောင်းဆုံးကစားနိုင်ခဲ့ပေမယ့်လည်း လိုအပ်တဲ့ဂိုးကိုတော့မရခဲ့ပါဘူး။ချန်ပီယံလိဂ်ကထွက်ခဲ့ရတဲ့အတွက်တော့ အရမ်းပဲစိတ်ပျက်မိပါတယ်။

*မေး - လာမယ့်ရာသီမှာ မန်စီးတီးအသင်းကခင်ဗျားကိုခေါ်ယူဖို့စီစဉ်နေတယ်ဆိုတဲ့သတင်းတွေအပေါ်မှာ ရောခင်ဗျားအနေနဲ့ဘာများမှတ်ချက်ပေးချင်ပါသလဲ။*

ဖြေ - မန်စီးတီးအသင်းဟာ ပရီးမီးယားလိဂ်ရဲ့ ထိပ်တန်းအသင်းကောင်းတစ်သင်းပါ။ ဒါပေမယ့် အခုအချိန်မှာတော့ကျွန်တော့်ရဲ့အပြောင်းအရွှေ့နဲ့ပတ်သက်ပြီးတော့မစဉ်းစားချင်သေးပါဘူး။ အာဆင်နယ်အသင်းအတွက်ပဲ အာရုံစိုက်ထားပါတယ်။

*မေး - အာဆင်နယ်အသင်းနဲ့စာချုပ်သစ်ချုပ်ဆိုဖို့ကိစ္စနဲ့ပတ်သက်ပြီးတော့လည်းပြောပြပေးပါဦး။*

ဖြေ -အာဆင်နယ်အသင်းနဲ့ စာချုပ်ကိစ္စကိုရာသီကုန်ဆုံးချိန်မှပြုလုပ်ဖို့ အသင်းတာဝန်ရှိသူတွေနဲ့နည်းပြကို ပြောထားပါတယ်။ ကျွန်တော့်ရဲ့အနာဂတ်ကိုရာသီကုန်ဆုံးချိန်ကျမှဆုံးဖြတ်သွားမှာပါ။

*မေး - ဒီရာသီမှာပရီးမီးယားလိဂ်ဂိုးသွင်းဘုရင်ဆုကိုရယူဖို့ အဆင်သင့်ဖြစ်နေပြီလား။*

ဖြေ - ပရီးမီးယားလိဂ်ဂိုးသွင်းဘုရင်ဆုကိုရယူနိုင်ခဲ့ရင်တော့ ကျွန်တော့်အတွက်ပျော်ရွှင်စရာကောင်းတဲ့ရာသီတစ်ခုဖြစ်လာမှာပါ။ ဒီဆုကိုရယူနိုင်မယ်လို့လည်းယုံကြည်နေပါတယ်။

■ ■ ■

# ယူရို-၂၀၁၂ မှာ ကိုက်(၂၀၀)အကွာမှာရှိနေမယ့် WAGs အုပ်စု



အင်္ဂလန်လက်ရွေးစင်အသင်း တည်းခိုမည့် ကရာကောမြို့ရှိ Hotel Stary







အင်္ဂလန်အသင်းတည်းခိုမည့် ဟိုတယ်နှင့်ကိုက်(၂၀၀)အကွာ တွင်ရှိသော Hotel Pod Roza

၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အင်္ဂလန်လက်ရွေးစင်အသင်းဟာ ပေါ်တူဂီအသင်းကို ကွာတားဖိုင်နယ် အဆင့်မှာရှုံးနိမ့်ပြီး ပြိုင်ပွဲကထွက်ခဲ့ ရပါတယ်။ ရည်မှန်းချက်မြင့်မြင့်မား မားထားခဲ့တဲ့ အင်္ဂလန်ဘောလုံးပရိ သတ်တွေအတွက် အင်္ဂလန်အသင်း ရဲ့ရှုံးနိမ့်မှုအပေါ် အပြစ်ဖို့စရာဖြစ်ခဲ့ တာကတော့ အသင်းနည်းပြအဲရစ် ဆင်ရဲ့ လျော့ရဲတဲ့အုပ်ချုပ်မှုပုံစံနဲ့ ပျော်ပွဲစားထွက်သလို ဂျာမနီနိုင်ငံမှာ ပျော်မြူးနေကြတဲ့ အင်္ဂလန်လက် ရွေးစင်ကစားသမားတွေရဲ့ ချစ်သူ၊ ဇနီး(WAG) တွေပါပဲ။

အဲရစ်ဆင်ဟာ သူကိုယ်တိုင် သူ့ရဲ့ချစ်သူ အီတလီလူမျိုးနန်စီနဲ့ အတူရှိခဲ့သလို၊ အင်္ဂလန်ကစားသ မားတွေကိုလည်း သူတို့ရဲ့ WAG တွေနဲ့ လွတ်လွတ်လပ်လပ်တွေ့ခွင့် ပေးခဲ့တာကြောင့် အင်္ဂလန်ကစားသ မားတွေ အသင်းအပေါ် အာရုံစူးစိုက် မှုလျော့နည်းပြီး ရှုံးနိမ့်ခဲ့ရတယ်လို့ အင်္ဂလန်ပရိသတ်တွေကမှတ်ယူခဲ့ပါ တယ်။ ဒါကြောင့် WAG တွေအပေါ် ဝေဖန်မှုတချို့ရှိခဲ့ပြီး၊ ၂၀၁၀ကမ္ဘာ့ဖ လားပြိုင်ပွဲမှာတော့ အင်္ဂလန်လက် ရွေးစင်ကစားသမားတွေဟာ ယခင် ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့မတူတဲ့ အခြေ အနေကိုကြုံတွေ့ခဲ့ရပါတယ်။ ၂၀၁၀ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စည်းကမ်းတင်း ကျပ်တဲ့ အီတလီလူမျိုးနည်းပြကာ ပယ်လိုကိုင်တွယ်နေပြီး၊ ကာပယ် လိုက ၂၀၀၆သင်ခန်းစာကိုယူကာ အင်္ဂလန်လက်ရွေးစင်ကစားသမား တွေကို သူတို့ရဲ့WAG တွေနဲ့တွေ့ဆုံ ခွင့်ကို တင်းတင်းကျပ်ကျပ်ပိတ်ပင် တားမြစ်လိုက်ပါတယ်။ ကစားသ မားတွေအနေနဲ့ ဘောလုံးအပေါ်မှာပဲ အာရုံစူးစိုက်မှုအပြည့်ရှိစေဖို့ ကာ ပယ်လိုကစီစဉ်ခဲ့တာဖြစ်ပေမယ့်လက် တွေ့မှာတော့ ကာပယ်လိုရဲ့မှန်းချက် ကလွဲချော်ခဲ့ပါတယ်။

အင်္ဂလန်လက်ရွေးစင်အသင်း အနေနဲ့ အုပ်စုကတက်ဖို့တောင် ခက် ခက်ခဲခဲရုန်းကန်ခဲ့ရပြီး ရှုံးထွက်(၁၆) သင်းအဆင့်မှာတော့ မဟာပြိုင်ဘက် ဂျာမနီအသင်းကို (၄-၁)ဂိုးနဲ့ ဂိုးပြတ် ရှုံးနိမ့်ကာ ပြိုင်ပွဲကထွက်ခဲ့ရပါတယ်။ ဒီတစ်ကြိမ်မှာတော့ ကာပယ်လိုရဲ့ တင်းကျပ်တဲ့ကိုင်တွယ်မှုအပေါ် ဝေ



၂၀၀၆ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပစဉ်ကတွေ့ရသည့် WAGs အုပ်စု

ဖန်မှုတချို့ထွက်ပေါ်လာခဲ့ပြန်ပြီး၊ အင်္ဂလန်ကစားသမားတွေကို စိတ်ဓာတ် ပိုင်းတက်ကြွလန်းဆန်းနေအောင် မိသားစု၊ ချစ်သူတွေနဲ့ တွေ့ခွင့်ပေး သင့်ကြောင်း၊ ကစားသမားတွေအနေ နဲ့ စိတ်မွန်းကျပ်မှုကြောင့် အင်္ဂလန် အသင်းရှုံးနိမ့်ရတာဖြစ်ကြောင်း ဝေ ဖန်မှုတွေထွက်ပေါ်လာခဲ့ပြန်ပါတယ်။

အခု ယူရို-၂၀၁၂ပြိုင်ပွဲကို ပိုလန်နဲ့ ယူကရိန်းနိုင်ငံတွေမှာကျင်း ပတော့မှာဖြစ်ပြီး၊ အင်္ဂလန်လက်ရွေး စင်အသင်းက ပိုလန်နိုင်ငံ၊ ကရာ ကောမြို့မှာ အခြေချနေထိုင်သွားမှာ ဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာတော့ အင်္ဂလန်အသင်းမှာ စည်းကမ်းပိုင်း လျော့ရဲတဲ့ နည်းပြအဲရစ်ဆင်ရော၊ စည်းကမ်းတင်းကျပ်တဲ့ ကာပယ်လို ပါ မရှိတော့သလို၊ နည်းပြသစ်၊ အ သင်းခေါင်းဆောင်သစ် ဘယ်သူဖြစ် လာမလဲဆိုတာ ပဟေဠိတစ်ခုအဖြစ် ရှိနေဆဲဖြစ်ပါတယ်။ ဒီအခြေအနေ မှာတော့ အင်္ဂလန်လက်ရွေးစင်က စားသမားတွေရဲ့ဇနီး၊ချစ်သူ(WAGs) အုပ်စုက အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA) တာဝန်ရှိသူတွေကို ကြိုတင် စည်းရုံးမှုတွေပြုလုပ်ပြီး၊ ပြိုင်ပွဲကာ လအတွင်း သူတို့ရဲ့ ကြင်ယာတော် ကစားသမားတွေနဲ့ တွေ့ခွင့်ရအောင် ပြင်ဆင်နေပြီဖြစ်ပါတယ်။ WAGs အုပ်စုဟာ အင်္ဂလန်လက်ရွေးစင် အသင်းတည်းခိုမယ့် ကရာကောမြို့ က ဟိုတယ်နဲ့ ကိုက်(၂၀၀)သာကွာ ဝေးတဲ့နေရာက ဟိုတယ်တစ်ခုကို ကြိုတင်ငှားရမ်းထားပြီးဖြစ်တယ်လို့ အင်္ဂလန်သတင်းစာတွေကဖော်ပြကြ ပါတယ်။ ရွန်နီရဲ့ဇနီးကောလင်း၊ လမ်းပတ်ရဲ့ချစ်သူ ဘလီကလေ၊ ဂျ ရတ်ရဲ့ဇနီးအဲလက်စ်ကာရင် အစ ရှိတဲ့ နာမည်ကျော် WAGs အုပ်စု ဟာ Hotel Pod Roza ဆိုတဲ့ ဟို တယ်မှာ အခန်းတွေကြိုမှာထားပြီး၊ ဒီဟိုတယ်ဟာ ပိုလန်နိုင်ငံရဲ့ ဈေး အကြီးဆုံးဟိုတယ်တွေထဲမှာ တစ် ခုအပါအဝင်ဖြစ်သလို၊ အင်္ဂလန်အ သင်းတည်းခိုမယ့်ဟိုတယ်ဖြစ်တဲ့ Hotel Stary ကနေ ခဲတစ်ပစ်စာ လောက်သာဝေးတယ်လို့လည်းသိရ ပါတယ်။ ဘောလုံးအဖွဲ့ချုပ်နဲ့ နီးစပ် သူတစ်ဦးကတော့ "ပြီးခဲ့တဲ့ ၂၀၁၀ ကမ္ဘာ့ဖလားတုန်းက ကစားသမား တွေရဲ့စောဒကတက်မှုတွေ များစွာ ရှိခဲ့တာကြောင့် ဒီတစ်ကြိမ်မှာတော့ FA ဟာ သူတို့ရဲ့စည်းကမ်းတွေကို လျှော့ပေါ့ဖို့စီစဉ်ထားပါတယ်"လို့ ဆိုခဲ့ပါတယ်။ ဒါပေမယ့်WAGတွေ အနေနဲ့ကစားသမားတွေကို လက် လွတ်စပယ်တွေ့ခွင့်ရမှာမဟုတ်ဘဲ ပွဲ ကစားပြီးနောက်(၁)ရက်မှတွေ့ခွင့်ရ မှာဖြစ်သလို၊သူတို့ရဲ့ခရီးစဉ်ကိုလည်း FA က စီစဉ်ပေးမှာမဟုတ်ဘဲ ကိုယ့် အစီအစဉ်နဲ့ကိုယ်သွားရမှာဖြစ်ကြောင်း သိရပါတယ်။



# ဘဏ္ဍာရေးအကျပ်အတည်းများဖြင့်ရင်ဆိုင်နေရသည့် အင်ဒိုနီးရှား ဘောလုံးအဖွဲ့ချုပ်(PSSI) ဖီဖာ၏အရေးယူမှုနှင့်ရင်ဆိုင်ရဖွယ်ရှိ






စပိန်ပြိုင်ကားမောင်းသမား အလွန်ဆို(ဝဲဒ)၊ အီတလီဂန္တဝင်ကစားသမား ကင်နာဗာရိုနှင့် အီတလီနည်းပြဟောင်း လစ်ပီတို့အား တွေ့မြင်ရစဉ်

ဘဏ္ဍာရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည့် အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်(PSSI)မှာ ၎င်းတို့၏အခက်အခဲများကိုမဖြေရှင်းနိုင်ပါက ဖီဖာ၏အရေးယူမှုနှင့်ရင်ဆိုင်ရဖွယ်ရှိနေကြောင်းသိရသည်။

အင်ဒိုနီးရှားအသင်းသည် ပြီးခဲ့သည့် ၂၀၁၄ကမ္ဘာ့ဖလားခြေစစ်ပွဲ တတိယအဆင့်တွင် အုပ်စုနောက်ဆုံးပွဲစဉ်၌ဘာရိန်းအသင်းကို(၁၀)ဂိုးပြတ်ဖြင့် အရှက်တကွဲရှုံးနိမ့်ခဲ့ရာ အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်မှာ အကြီးအကျယ်ပြစ်တင်ဝေဖန်ခံခဲ့ရသည်။ ဘာရိန်းနှင့်ပွဲတွင် အင်ဒိုနီးရှားအသင်း၏ အဓိက ကစားသမားများမှာ စူပါလိဂ်(ISL)ပွဲစဉ်များကစားရန်ရှိသဖြင့် နိုင်ငံအသင်းတွင်ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ရာ အင်ဒိုနီးရှားပရီးမီးယားလိဂ်ပြိုင်ပွဲ(IPL)ဝင်အသင်းများမှ အတွေ့အကြုံမရှိသည့် လူငယ်များပါဝင်ကစားခဲ့၍ ယခုကဲ့သို့ အရှက်တကွဲရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး ယင်းပွဲအပြီးတွင် အင်ဒိုနီးရှားအစိုးရက ဘောလုံးအဖွဲ့ချုပ်ကို ဘဏ္ဍာငွေထောက်ပံ့မှုများရပ်ဆိုင်းခဲ့ကြောင်းသိရသည်။ အင်ဒိုနီးရှားစူပါလိဂ်ပြိုင်ပွဲ(ISL)မှာ အင်ဒိုနီးရှားပရီးမီးယားလိဂ်ပြိုင်ပွဲကိုဆန့်ကျင်၍ ဖွဲ့စည်းကျင်းပခြင်းဖြစ်ပြီး ယင်းပြိုင်ပွဲကို အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်နှင့် ဖီဖာတို့ကအသိအမှတ်ပြုထားခြင်းမရှိဟု သိရသည်။

အင်ဒိုနီးရှားအစိုးရက ယင်းလိဂ်ပြိုင်ပွဲနှစ်ခုကိုပြန်လည်ပေါင်းစည်းမှသာ ဘောလုံးအဖွဲ့ချုပ်ကိုဘဏ္ဍာငွေထောက်ပံ့မှုများ ပြုလုပ်သွားမည်ဟု သတိပေးထားပြီး လက်ရှိအချိန်တွင်မူ အင်ဒိုးနီးရှားဘောလုံးအဖွဲ့ချုပ်ကိုရေနံနှင့်ဓာတ်ငွေ့ကုမ္ပဏီဖြစ်သည့် Arifin Panigoroနှင့် စီးပွားရေးလုပ်ငန်းရှင်များကစုပေါင်း၍ ဘဏ္ဍာငွေထောက်ပံ့မှုများပြုလုပ်ထားရကြောင်း သိရသည်။ ဖီဖာသည် အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်အနေဖြင့် ၎င်းတို့၏ပြဿနာများကို မတ်လ(၂၀)ရက်နေ့နောက်ဆုံးထား၍ဖြေရှင်းရန်တောင်းဆိုထားပြီး မဖြေရှင်းနိုင်ပါက အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်အားအရေးယူမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သတိပေးမှုများပြုလုပ်ခဲ့သည်။

## ၂၀၁၄ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်မည်ဟု အီရတ်အသင်းနည်းပြဇစ်ကို ယုံကြည်

အီရတ်အသင်းနည်းပြဇစ်ကိုက ၂၀၁၄ကမ္ဘာ့ဖလားခြေစစ်ပွဲ(အာရှဇုန်)စတုတ္ထအဆင့်တွင် ဂျပန်၊ သြစတြေးလျစသည့် အာရှထိပ်သီးအသင်းများနှင့်တစ်အုပ်စုတည်းကျရောက်နေသော်လည်း ခြေစစ်ပွဲအောင်မြင်မည်ဟုယုံကြည်ကြောင်းပြောကြားခဲ့သည်။ ဇစ်ကိုက“အုပ်စု(ခ)မှာပါဝင်တဲ့အသင်းတွေဟာ မာကျောတဲ့အသင်းတွေဖြစ်ပါတယ်။ ဒါပေမယ့်သူတို့ကိုကျွန်တော်တို့ကြောက်ရွံ့နေမှာမဟုတ်ဘဲ အနိုင်ယူသွားဖြစ်ပါတယ်”ဟုပြောကြားခဲ့သည်။

## ပြိုင်ဘက်အသင်းနည်းပြကိုရိုက်ပုတ်ခဲ့သည့် အယ်လ်ဝါဆီဂိုးသမား (၁၇)ပွဲပယ်ခံရ

ယူအေအီးကလပ် အယ်လ်ဝါဆီအသင်းဂိုးသမားနက်ဆာသည် အယ်လ်အာလီအသင်းနှင့် ကစားခဲ့သည့် အီမရိတ်ဖလားဆီမီးဖိုင်နယ်ပွဲတွင် ပြိုင်ဘက်နည်းပြဆန်းချက်ဇ်ဖလောရက်စ်ကို လက်ဖြင့်ရိုက်ပုတ်ခဲ့သည့်အတွက် ဒဏ်ငွေယူရို(၆၂၀၀)နှင့် (၁၇)ပွဲပယ်ပြစ်ဒဏ်ချမှတ်ခံခဲ့ရကြောင်းသိရသည်။ ယင်းပွဲတွင်အယ်လ်အာလီအသင်းက(၁-၀)ဂိုးဖြင့်အနိုင်ရခဲ့ပြီး ပွဲအပြီး၌ဖလောရက်စ်မှာ သူ၏အသင်းမှကစားသမားများနှင့်အောင်ပွဲခံနေစဉ်နက်ဆာကရင်းအားရိုက်ပုတ်ခဲ့ခြင်းဖြစ်သည်။

## ရာသီကြိုဖလားပြိုင်ပွဲဖြစ်သည့် Kor Royal ပြိုင်ပွဲတွင် ချောင်ဘူရီအသင်းဗိုလ်စွဲ

ထိုင်းပရီးမီးယားလိဂ်ရာသီသစ်မစတင်မီ ရာသီကြိုဖလားပြိုင်ပွဲဖြစ်သည့် Kor Royal Cupပြိုင်ပွဲတွင်ချောင်ဘူရီအသင်းက ဘူရီယမ်အသင်းကိုပယ်နယ်တီအဆုံးအဖြတ်ဖြင့်အနိုင်ရဗိုလ်စွဲခဲ့ကြောင်းသိရသည်။ Kor Royal Cupပြိုင်ပွဲမှာ ထိုင်းပရီးမီးယားလိဂ်ချန်ပီယံနှင့် ထိုင်းFA ဖလားချန်ပီယံတို့ယှဉ်ပြိုင်ကစားရခြင်းဖြစ်ပြီး အဆိုပါပွဲတွင်ပွဲချိန်အတွင်း(၂)ဂိုးစီသရေကျနေသဖြင့် ပယ်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ချောင်ဘူရီအသင်းက(၄-၃)ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

## BRIEF

❒ နိုက်ဂျီးရီးယားနှင့် ဘော်လ်တန်ကစားသမားဟောင်း အိုကိုချာ(၃၈နှစ်)က မိမိ၏ကျန်းမာရေးအခြေအနေကြောင့် အိန္ဒိယသို့လာရောက်ကစားရန်မှာသေချာမှုမရှိကြောင်းပြောကြားခဲ့သည်။

❒ ယူအေအီးကလပ်အယ်လ်ဂျာဇီးယားအသင်း နောက်ခံလူလူးကပ်စ်နေးလ်သည်အီမရိတ်စ်ဖလားဆီမီးဖိုင်နယ်တွင် အိမ်ကွင်း၌အယ်လ်ရှာရာတ်ဘ်အသင်းကို (၄)ဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့သည့်အတွက်အသင်းဖော်များကိုပြစ်တင်မှုများပြုလုပ်ခဲ့သည်။

❒ အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို စပွန်ဆာပေးထားသည့် ဂျပန်နာမည်ကျော်ကားကုမ္ပဏီတစ်ခုဖြစ်သည့် တိုယိုတာကုမ္ပဏီသည် လာမည့်ဇွန်လ(၃)ရက်နေ့တွင်စတင်မည့် ၂၀၁၄ကမ္ဘာ့ဖလားခြေစစ်ပွဲ(အာရှဇုန်)များကို စပွန်ဆာပေးသွားမည်ဖြစ်ပြီး ၂၀၁၅အာရှဖလားပြိုင်ပွဲကိုလည်း စပွန်ဆာပေးရန်ကြိုးပမ်းနေကြောင်းသိရသည်။

# ရှန်ဟိုင်းရှင်ဟွာတိုက်စစ်မှူးသစ်အနယ်လ်ကာ ဒူးဒဏ်ရာကြောင့်အနားယူရမည်



တရုတ်စူပါလိဂ်ကလပ် ရှန်ဟိုင်းရှင်ဟွာအသင်းတိုက်စစ်မှူးအနယ်လ်ကာသည် ဒူးဒဏ်ရာကြောင့် ရက်အတော်ကြာအနားယူရတော့မည်ဖြစ်ကြောင်းသိရသည်။

အသက် (၃၃)နှစ်အရွယ်ရှိပြီဖြစ်သူ အနယ်လ်ကာသည် ယင်းဒဏ်ရာကြောင့် ပြီးခဲ့သည့်တစ်ပတ်က တရုတ်စူပါလိဂ်ရာသီအဖွင့်ပွဲစဉ်ဖြစ်သည့်ရှင်ဖူအသင်းနှင့်ပွဲကိုလွဲချော်ခဲ့ရသည်။ ယင်းပွဲတွင် တစ်ဖက်(၁)ဂိုးစီသရေကျခဲ့ပြီး အနယ်လ်ကာ၏ ခြေစွမ်းကိုလာရောက်ကြည့်ရှုခဲ့ကြသည့် ရှန်ဟိုင်းအသင်းပရိသတ်များမှာလည်း အနယ်လ်ကာပါဝင်နိုင်ခြင်းမရှိသဖြင့် စိတ်ပျက်ခဲ့ရကြောင်းသိရသည်။ အနယ်လ်ကာ၏ဒူးဒဏ်ရာမှာ ပြင်းထန်ခြင်းမရှိသော်လည်း မည်သည့်အချိန်တွင်ဘောလုံးပြန်ကစားနိုင်မည်ကိုမူ မသိရသေးဟုသိရသည်။ ရှန်ဟိုင်းအသင်း၏ထုတ်ပြန်ချက်တွင် အနယ်လ်ကာ၏ဒဏ်ရာမှာပြင်းထန်မှုမရှိဘဲ ဆရာဝန်များဂရုတစိုက်ကုသပေးနေကြောင်း၊ လာမည့်တစ်ပတ်တွင်ကစားမည့်ပွဲ၌အနယ်လ်ကာပါဝင်နိုင်ခြင်း ရှိ၊ မရှိမှာ အတိအကျမပြောနိုင်ကြောင်း ဖော်ပြပါရှိခဲ့သည်။ အနယ်လ်ကာသည် ပြီးခဲ့သည့်အပြောင်းအရွှေ့ရာသီကရှန်ဟိုင်းအသင်းသို့ပြောင်းရွှေ့ခဲ့ပြီးတစ်ပတ်လစာယူရို(၂၇၀၀၀၀)ဖြင့် (၂)နှစ်စာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။

ရှင်ဖူအသင်းနှင့်ကစားခဲ့သည့်ပွဲကို ပွဲကြည့်စင်၌ကြည့်ရှုနေသည့် အနယ်လ်ကာ



# ပထမအကျော့အပြီး၌ လစ်ပီလစ်ပီ၏နေရာတွင် ရန်ကုန်အသင်း တိုက်စစ်မှူးဟောင်း ချားစ်အိုဘီနှင့်အစားထိုးရန် KBZ စီစဉ်နေ

KBZ အသင်းသည် ယခုနှစ်ရာသီ MNL အမှတ်ပေးလိဂ်ပြိုင်ပွဲ ပထမအကျော့အပြီး၌ အသင်း၏လက်ရှိတိုက်စစ်မှူး လစ်ပီလစ်ပီ၏နေရာတွင် ရန်ကုန်ယူနိုက်တက်အသင်းတိုက်စစ်မှူးဟောင်းချားစ်အိုဘီနှင့်အစားထိုးရန်စီစဉ်ဆောင်ရွက်နေကြောင်းသိရသည်။

ကင်မရွန်းတိုက်စစ်မှူး လစ်ပီလစ်ပီသည်ဟံသာဝတီယူနိုက်တက်အသင်းကစားသမားဟောင်းဖြစ်ပြီး ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲတွင် ဂိုးအများဆုံးသွင်းသူဆုရရှိခဲ့သူလည်းဖြစ်သည်။ သို့သော် လစ်ပီလစ်ပီသည် KBZ အသင်းသို့ ယခုနှစ်ရာသီကရောက်ရှိလာပြီးနောက် ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်နေရပြီး ပုံမှန်ခြေစွမ်းပျောက်ဆုံးနေလျက်ရှိသောကြောင့် KBZ အသင်းသည် လစ်ပီလစ်ပီ၏နေရာ၌နိုက်ဂျီးရီးယားတိုက်စစ်မှူးချားစ်အိုဘီနှင့်အစားထိုးရန်စီစဉ်နေခြင်းလည်းဖြစ်သည်။

ချားစ်အိုဘီသည် ရန်ကုန်ယူနိုက်တက်အသင်း၌ ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲဒုတိယအကျော့နှင့် ၂၀၁၁ MNL အမှတ်ပေးပြိုင်ပွဲတို့တွင်ကစားခဲ့ပြီး ၂၀၁၁MNL ပြိုင်ပွဲ၏ဂိုးအများဆုံးသွင်းသူဆုလည်းရရှိခဲ့သူဖြစ်သည်။KBZ အသင်းမှတာဝန်ရှိသူတစ်ဦးက "လစ်ပီလစ်ပီဟာ ကျွန်တော်တို့အသင်းကိုမရောက်လာခင်ကတည်းကရရှိခဲ့တဲ့ဒဏ်ရာဟောင်းကြောင့် ထင်သလောက်ခြေစွမ်းမပြနိုင်ဖြစ်နေပါတယ်။ ပထမအကျော့အပြီးအပြောင်းအရွှေ့ကာလမှာ ရန်ကုန်တိုက်စစ်မှူးချားစ်အိုဘီကိုအစားထိုးခေါ်ယူဖို့စီစဉ်နေပါတယ်။ချားစ်အိုဘီနဲ့လည်း အကြိုညှိနှိုင်းဆွေးနွေးမှုတွေလုပ်ဆောင်နေပါတယ်"ဟုပြောကြားခဲ့သည်။ KBZ အသင်းသည် ရန်ကုန်အသင်းနောက်ခံလူဟောင်းဟန်ဆန်ကိုလည်းခေါ်ယူထားသည်။



ပြီးခဲ့သည့်ရာသီက ရန်ကုန်အသင်းတွင်တွေ့ရသည့် ချားစ်အိုဘီ

## ရိုးရာလက်ဝှေ့အကျော်အမော်(၂)ဦးဖြစ်သော တွေ့မရှောင်နှင့်ဖိုးကေတို့ ရန်ကုန်တွင်ထိုးသတ်မည်

မြန်မာ့ရိုးရာလက်ဝှေ့အကျော်အမော်(၂)ဦးဖြစ်သော တွေ့မရှောင်(နဂါးမာန်)နှင့် ဖိုးကေ(မန္တလေး)တို့သည် လာမည့်ဧပြီလ(၇)ရက်၌ ရန်ကုန်မြို့တွင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်းသိရသည်။

၎င်းတို့(၂)ဦး ယခုတစ်ကြိမ်တွေ့ဆုံမှုမှာ တတိယအကြိမ်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ တွေ့မရှောင်နှင့်ဖိုးကေတို့၏အထူးစိန်ခေါ်ပွဲအပါအဝင် ပွဲစဉ်(၁၀)ပွဲပါဝင်မည်ဖြစ်ပြီး Victory Myanmar Group ၏ပံ့ပိုးမှုဖြင့် T&T Group မှစီစဉ်ခြင်းဖြစ်ကြောင်းသိရသည်။ ယခင်တွေ့ဆုံခဲ့သည့်(၂)ကြိမ်၌ ဖိုးကေက (၁)ပွဲနိုင်၊ (၁)ပွဲသရေရလဒ်ရရှိထားသည်။

## ၂၀၁၂ စင်ကာပူဖလားပြိုင်ပွဲဝင်ရန် KBZ အသင်း တရားဝင်အကြောင်းပြန်ကြား

စင်ကာပူဘောလုံးအဖွဲ့ချုပ်(FAS)ကဦးဆောင်ကျင်းပမည့် ၂၀၁၂စင်ကာပူဖလားဘောလုံးပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် MNL အသင်းတစ်သင်းဖြစ်သော KBZ အသင်းသည် တရားဝင်အကြောင်းပြန်ကြားခဲ့ကြောင်းသိရသည်။

FAS သည် ယင်းပြိုင်ပွဲကို S-League အသင်း(၁၁)သင်းနှင့် ပြည်ပကလပ်အသင်း(၅)သင်းတို့ကိုပေါင်းကာ နှစ်စဉ်ကျင်းပနေခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၁ပြိုင်ပွဲတွင်မူ ဟံသာဝတီယူနိုက်တက်(ယခင်ဥသျှောယူနိုက်တက်)အသင်းကဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကွာတားဖိုင်နယ်အထိရောက်ရှိခဲ့သည်။ FAS သည် ယခုနှစ်ပြိုင်ပွဲအတွက် KBZ အသင်းထံသို့တရားဝင်ဖိတ်ခေါ်အကြောင်းကြားခဲ့၍ အကြောင်းပြန်ကြားခဲ့ခြင်းလည်းဖြစ်သည်။

# အာရှယူ-၂၂ခြေစစ်ပွဲအတွက်ပြင်ဆင်သည့်အနေဖြင့် တောင်ကိုရီးယားခရီးစဉ်တွင် စီနီယာကစားသမားများကိုခေါ်ယူတော့မည်မဟုတ်ဟု ပတ်ဆောင်ဟွာပြောကြား



ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာယူ-၂၁ကစားသမားများ



နည်းပြချုပ်ပတ်ဆောင်ဟွာ

မြန်မာယူ-၂၁အသင်း၏နည်းပြချုပ်ဖြစ်သူမစ္စတာပတ်ဆောင်ဟွာက အာရှယူ-၂၂ခြေစစ်ပွဲကိုပြင်ဆင်သည့်အနေဖြင့် တောင်ကိုရီးယားခြေစမ်းခရီးစဉ်တွင်စီနီယာကစားသမားများကို မခေါ်ယူတော့ဘဲ ယူ-၂၂ကစားသမားများဖြင့်သာ သွားရောက်မည်ဖြစ်ကြောင်းနှင့် AFC Cup ပြိုင်ပွဲဝင်ရန်ရှိနေသည့် ရန်ကုန်ယူနိုက်တက်အသင်းမှကစားသမားများကိုလုံးဝရွေးချယ်တော့မည်မဟုတ်ကြောင်းပြောကြားခဲ့သည်။

**တောင်ကိုရီးယားခရီးစဉ်မှာ ရန်ကုန်ယူနိုက်တက်အသင်းက ကစားသမားတွေကို လုံးဝရွေးချယ်တော့မှာ မဟုတ်ပါဘူး။ သူတို့အသင်းအနေနဲ့ AFC Cup ပြိုင်ပွဲဝင်ဖို့ရှိနေပြီး ကစားသမားရွေးချယ်မှုအပိုင်းမှာ ပြဿနာရှိလာနိုင်တာကြောင့် မရွေးချယ်ဖို့ဆုံးဖြတ်ခဲ့တာပါ . . .**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) သည် လာမည့်ဧပြီလ(၁၇)ရက်မှမေလ(၈)ရက်အထိ တောင်ကိုရီးယားခရီးစဉ်အားစီစဉ်ထားပြီး ပူးတွဲလေ့ကျင့်မှုများပြုလုပ်ကာ ခြေစမ်းပွဲများလည်းယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယခုနှစ်အတွင်း အနီးကပ်ဆုံးပြိုင်ပွဲအဖြစ် အာရှယူ-၂၂ခြေစစ်ပွဲကို လာမည့်ဇွန်လ(၂၃)ရက်မှ ဇူလိုင်(၇)ရက်အထိဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေရာ တောင်ကိုရီးယားခရီးစဉ်ကို မြန်မာယူ-၂၂အသင်းဖြင့်ပင်သွားရောက်ရန် နည်းပြချုပ်ပတ်ဆောင်ဟွာက ဆန္ဒရှိနေခြင်းလည်းဖြစ်သည်။ ပတ်ဆောင်ဟွာက "တောင်ကိုရီးယားခြေစမ်းခရီးစဉ်ကို လူငယ်ကစားသမားတွေနဲ့ပဲသွားရောက်လိုပါတယ်။ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲဝင်ခဲ့တဲ့ယူ-၂၁အသင်းကိုအခြေခံပြီး အာရှယူ-၂၂ခြေစစ်ပွဲဝင်မယ့်မြန်မာလူငယ်ကစားသမားတွေနဲ့ပဲသွားရောက်မှာပါ။ စီနီယာကစားသမားတွေကိုခေါ်ယူလိုပေမယ့် အနီးကပ်ဆုံးပြိုင်ပွဲက အာရှယူ-၂၂ခြေစစ်ပွဲဖြစ်နေတာကြောင့်ခေါ်ယူတော့မှာမဟုတ်ပါဘူး။ ဒါ့အပြင် တောင်ကိုရီးယားခရီးစဉ်မှာ ရန်ကုန်ယူနိုက်တက်အသင်းက ကစားသမားတွေကိုလုံးဝရွေးချယ်တော့မှာမဟုတ်ပါဘူး။ သူတို့အသင်းအနေနဲ့ AFC Cup ပြိုင်ပွဲဝင်ဖို့ရှိနေပြီး ကစားသမားရွေးချယ်မှုအပိုင်းမှာ ပြဿနာရှိလာနိုင်တာကြောင့် မရွေးချယ်ဖို့ဆုံးဖြတ်ခဲ့တာပါ။ ဘရူနိုင်းဘုရင့်ဖလားပြိုင်ပွဲမှာ အောင်မြင်မှုမရခဲ့ပေမယ့် အသင်းရဲ့ခြေစွမ်းပိုင်းကိုတော့အားရပါတယ်။ ဘရူနိုင်းအသင်းဟာ(၆)လလောက်စခန်းသွင်းပြီး သေချာပြင်ဆင်ထားတဲ့အသင်းလို့ သိရပါတယ်။ ဆီမီးဖိုင်နယ်မှာရှုံးသွားတာကလည်း ဘရူနိုင်းအသင်းကစားပုံကောင်းသလို၊ဂိုး(၃)ဂိုးကိုလွယ်လွယ်ကူကူပေးခဲ့ရတာလည်းပါပါတယ်။ ခံစစ်ပိုင်းအားနည်းချက်တစ်ခုကြောင့် ရှုံးပွဲကြုံတွေ့ခဲ့ရတာပါ။ ဒီအသင်းကို ခံစစ်ပိုင်းသေချာပြုပြင်လိုက်ရင် ပိုမိုကောင်းမွန်လာမှာပါ" ဟုပြောကြားခဲ့သည်။

MFF သည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲ(၃)ခုဖြစ်သောအာရှယူ-၂၂ခြေစစ်ပွဲ၊ အာရှဖလားခြေစစ်ပွဲနှင့်ဆူဇူကီးဖလားခြေစစ်ပွဲတို့ကိုဝင်ရောက်ယှဉ်ပြိုင်ရန်ရှိနေပြီး နည်းပြချုပ်အဖြစ် တောင်ကိုရီးယားလူမျိုးနည်းပြမစ္စတာပတ်ဆောင်ဟွာကပင် ကိုင်တွယ်သွားဖွယ်ရှိနေကြောင်းသိရသည်။

| ပြိုင်ပွဲ | ကာလ |
|---|---|
| အာရှယူ-၂၂ခြေစစ်ပွဲ | ဇွန်(၂၃)-ဇူလိုင်(၇) |
| အာရှဖလားခြေစစ်ပွဲ | စက်တင်ဘာ(၁-၅) |
| ဆူဇူကီးဖလားခြေစစ်ပွဲ | အောက်တိုဘာ(၅-၁၃) |
| ဆူဇူကီးဖလား | နိုဝင်ဘာ(၂၄)-ဒီဇင်ဘာ(၂၂) |

# WGC-Cadillacဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဂျပ်စတင်းရို့စ် ဗိုလ်စွဲ နာမည်ကြီးတိုက်ဂါးဝုဒ် နောက်ဆုံးနေ့တွင် ဒဏ်ရာကြောင့် ပြိုင်ပွဲမှထွက်ခဲ့ရ

အမေရိကန်နိုင်ငံ၊ မီယာမီတွင်ကျင်းပခဲ့သည့် WGC-Cadillac Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အင်္ဂလန်ဂေါက်သီးသမားဂျပ်စတင်းရို့စ်က လျှော့ရိုက်ချက်(၁၆)ချက်ရိုက်ကာ စုစုပေါင်း(၂၇၂)ချက်ဖြင့် ဗိုလ်စွဲခဲ့ကြောင်းသိရှိရသည်။ ဂျပ်စတင်းရို့စ်အနေဖြင့် ဂေါက်သီးသမားသက်တမ်းတစ်လျှောက်(၁၀)ကြိမ်မြောက်ဆုဖလားရယူနိုင်ခဲ့ပြီးWGC ပြိုင်ပွဲများတွင်မူ ပထမဆုံးအကြိမ် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

နောက်ဆုံးနေ့ပွဲစဉ်တွင် တတိယနေ့အပြီး၌ (၃)ချက်အသာဖြင့် ဦးဆောင်နေသူ ဘူဘာဝက်ဆန်မှာ ပထမ(၉)ကျင်းတွင် (၃)ချက်ပိုရိုက်ခဲ့ပြီး နောက်ဆုံး(၁၈)ကျင်းတွင် ဘာဒီရရှိလျှင် ကျင်းပိုဆက်ကစားရမည်ဖြစ်သော်လည်း လွဲချော်ခဲ့သောကြောင့် ဂျပ်စတင်းရို့စ်က (၁)ချက်အသာဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ပြီးခဲ့သည့်ရက်ပိုင်းက ကမ္ဘာ့နံပါတ်(၁)ဖြစ်လာပြီးနောက်ပထမဆုံးပြိုင်ပွဲတွင်မက်အီရွိုင်းမှာမူ ဂျပ်စတင်းရို့စ်၏နောက်(၂)ချက်အကွာဖြင့် ဒုတိယနေရာနှင့်သာကျေနပ်ခဲ့ရသည်။နာမည်ကြီးအမေရိကန်ဂေါက်သီးသမားတိုက်ဂါးဝုဒ်မှာမူ နောက်ဆုံးနေ့(၁၁)ကျင်းယှဉ်ပြိုင်ကစားအပြီးတွင် ဘယ်ဘက်ခြေဖနောင့်ကြော ဒဏ်ရာကြောင့်ပြိုင်ပွဲမှနုတ်ထွက်သွားခဲ့သည်။ တိုက်ဂါးဝုဒ်သည် ပြီးခဲ့သည့်နှစ်ကလည်း မာစတာစ်ပြိုင်ပွဲတွင် ယင်းဒဏ်ရာရရှိပြီးနောက် ယူအက်စ်အိုးပင်းနှင့် ဗြိတိန်အိုးပင်းပြိုင်ပွဲများကိုပါလွဲချော်ခဲ့ရသည်။ ပြိုင်ပွဲမှနုတ်ထွက်ခဲ့ပြီးနောက်ပိုင်းတွင် ဒဏ်ရာအခြေအနေပိုမိုဆိုးရွားသွားမည်ကိုစိုးရိမ်သောကြောင့် ယခုကဲ့သို့ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ကြောင်း တိုက်ဂါးဝုဒ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

"မာစတာစ်ပြိုင်ပွဲအမီ တိုက်ဂါး ဒဏ်ရာကင်းစင်စေဖို့မျှော်လင့်ပြီး အဲဒီမှာသူနဲ့ထိပ်တိုက်ယှဉ်ပြိုင်လိုတာအမှန်ပါပဲ။ သူဟာဂေါက်သီးလောကရဲ့ ပြယုဂ်တစ်ခုဖြစ်သလို၊ သူ့လိုကစားသမားမျိုး နောက်ထပ်မရှိနိုင်ပါဘူး"ဟု ကမ္ဘာ့နံပါတ်(၁) မြောက်အိုင်ယာလန်ဂေါက်သီးသမား မက်အီရွိုင်းကပြောကြားခဲ့သည်။ WGC-Cadillac Championship ပြိုင်ပွဲတွင် ဆု ကြေးအမေရိကန်ဒေါ်လာ (၈.၅)သန်းချီးမြှင့်ခဲ့ပြီး ဂျပ်စတင်းရို့စ်က ဒေါ်လာ(၁.၄) သန်းရရှိခဲ့သည်။




**ပြိုင်ပွဲအပြီးရပ်တည်မှု**

| | |
|---|---|
| ဂျပ်စတင်းရို့စ် (အင်္ဂလန်) | ၂၇၂ ချက် |
| ဘူဘာဝက်ဆန် (အမေရိကန်) | ၂၇၃ ချက် |
| မက်အီရွိုင်း (မြောက်အိုင်ယာလန်) | ၂၇၄ ချက် |
| ချားရှဝါဇယ်လ် (တောင်အာဖရိက) | ၂၇၅ ချက် |
| ပီတာဟန်ဆန် (ဆွီဒင်) | ၂၇၅ ချက် |
| လုခ်ဒေါ်နယ်လ် (အင်္ဂလန်) | ၂၇၆ ချက် |

ကျင်းနံပါတ်(၁၃)တွင် တီခုံမှ စရိုက်နေသည့် ဂျပ်စတင်းရို့စ်(ပုံကြီး)နှင့် ပွဲအပြီးမိသားစုနှင့်အတူအောင်ပွဲခံနေစဉ်(ပုံသေး)

## IN-BRIEF

❒ ကျင်းပလျက်ရှိသည့် အင်ဒီးယန်းဝဲလ်(BNP Paribas Open) တင်းနစ်ပြိုင်ပွဲတတိယအဆင့်တွင် ကမ္ဘာ့နံပါတ်(၆)ဩစတြေးလျတင်းနစ်မယ်စတိုဆာသည် ရုရှားမှပက်ထရိဗာကို ၁-၆၊ ၇-၆ (၈-၆)၊ ၆-၇ (၅-၇) ဖြင့် ရှုံးနိမ့်ခဲ့ရသည်။

❒ တောင်အာဖရိကရပ်ဘီအသင်းကို ကမ္ဘာ့ဖလားရယူပေးခဲ့သည့် နည်းပြဖြစ်သူ ဂျိတ်ဝှိုက်က လစ်လပ်လျက်ရှိသည့် အင်္ဂလန်နည်းပြရာထူးကို ကိုင်တွယ်တော့မည်ဟု သတင်းထွက်ပေါ်နေမှုများအားငြင်းဆန်ပယ်ချခဲ့သည်။

❒ ၂၀၀၄၊ ၂၀၀၅ ခုနှစ် နှစ်များတွင် World Cup ချန်ပီယံဆု(၂) ကြိမ်ဆက်ရရှိခဲ့ဖူးသည့် ဆွီဒင်ရေခဲပြင်နှင်းလျှောစီးမယ် အန်ယာပီယာဆန်သည် ယခုနှစ်ရာသီကုန်တွင်အနားယူတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

❒ နယူးယောက်နစ်ခ်အသင်းသားတစ်ဦးဖြစ်သူ ဂျေအာစမစ်သည် သူ၏ Twitter စာမျက်နှာပေါ်တွင် အဖော်အချွတ်အမျိုးသမီးပုံတင်ခဲ့မှုကြောင့် NBA မှ ဒေါ်လာ (၂) သောင်းခွဲ ဒဏ်တပ်ရိုက်ခဲ့သည်။

❒ အီတလီတွင် ကျင်းပခဲ့သည့် Tirreno-Adriaticoစက်ဘီးစီးပြိုင်ပွဲတွင် Liquigas အသင်းမှ အီတလီစက်ဘီးသမားနီဘာလီက စံချိန် (၂၉)နာရီ၊ (၃၈)မိနစ်၊ (၈)စက္ကန့်ဖြင့် အနိုင်ဗိုလ်စွဲခဲ့သည်။

❒ နိုင်ငံတကာအိုလံပစ်ကော်မတီ (IOC) က ဘဏ္ဍာငွေအလွဲသုံးစားလုပ်မှုများကြောင့်ထောင်ဒဏ်ကျခံခဲ့ရသည့်အိန္ဒိယအိုလံပစ်ကော်မတီဥက္ကဋ္ဌကယ်မာဒီကို အရေးယူမည်မဟုတ်ကြောင်းထုတ်ပြန်ခဲ့သည်။

## All-England Open ကြက်တောင်ရိုက်ပြိုင်ပွဲတွင် လီချုံဝေ နုတ်ထွက်ခဲ့မှုကြောင့် လင်ဒန်း အနိုင်ရဗိုလ်စွဲခဲ့

၂၀၁၂ All-England Open အမျိုးသားတစ်ဦးချင်းဗိုလ်လုပွဲတွင် အဓိကပြိုင်ဘက်များဖြစ်သည့် လီချုံဝေနှင့် လင်ဒန်းတို့တွေ့ဆုံခဲ့ပြီး လင်ဒန်းက ၂၁-၁၉၊ ၆-၂ ဖြင့် ဦးဆောင်နေစဉ် လီချုံဝေ ပခုံးဒဏ်ရာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့သဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။



လင်ဒန်(ဝဲ)နှင့် လီချုံဝေ(ယာ)

လင်ဒန်းသည် ယခုပြိုင်ပွဲတွင် (၅)ကြိမ်မြောက်ဗိုလ်စွဲနိုင်သည့် ပထမဆုံးကြက်တောင်သမားဖြစ်လာခဲ့ပြီး လက်ရှိချန်ပီယံလီချုံဝေမှာမူ ၁၉၇၀ နောက်ပိုင်း (၃)ကြိမ်ဆက်ချန်ပီယံဖြစ်ခွင့်နှင့်လွဲချော်ခဲ့ရသည်။ ပွဲအပြီးတွင် လင်ဒန်းက လီချုံဝေအတွက် ဝမ်းနည်းမိကြောင်း၊ (၁၀)နှစ်နီးပါး ပြိုင်ဘက်အသွင် ရင်ဆိုင်ခဲ့ရသော်လည်း ၎င်းတို့ကြားမှာ ရင်းနှီးမှုများစွာရှိကြောင်း ပြောကြားခဲ့သည်။

အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲတွင်တရုတ်နိုင်ငံသူအချင်းချင်းတွေ့ဆုံခဲ့ပြီး အသက်(၂၁)နှစ်အရွယ်သာရှိသေးသည့် လီရွှယ်ရဝေက ကမ္ဘာ့နံပါတ်(၁) ဝမ်ယီဟန်ကို ၂၁-၁၃၊ ၂၁-၁၉ဖြင့်အနိုင်ရရှိခဲ့သည်။တရုတ်အသင်းအနေဖြင့် ပြိုင်ပွဲအမျိုးအစား (၅)မျိုးရှိသည့်အနက် တစ်ဦးချင်းပွဲစဉ်(၂)ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲအစရှိသည့် ပြိုင်ပွဲ(၃)ပွဲတွင်သာ ဗိုလ်စွဲနိုင်ခဲ့သည့်အတွက် All-England Open ပြိုင်ပွဲ၏ (၈)နှစ်တာ သက်တမ်းအတွင်း အောင်မြင်မှုအနည်းဆုံးဖြစ်သွားခဲ့သည်။

❍ ❍ ❍

## BOA ၏ စည်းမျဉ်း တည်မြဲမည်ဟု ဥက္ကဋ္ဌရှုမြင်

ဗြိတိန်အိုလံပစ်ကော်မတီ(BOA) ဥက္ကဋ္ဌကောလင်းမွိုင်နီဟန်က BOA မှချမှတ်ထားသည့်တားမြစ်ဆေးသုံးစွဲသည့်သူများကို အိုလံပစ်ဝင်ခွင့်ရာသက်ပန်ပိတ်ပင်သည့်စည်းမျဉ်းတည်မြဲမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။ ကမ္ဘာ့တားမြစ်ဆေးဆန့်ကျင်ရေးအေဂျင်စီ(WADA)၏ စည်းမျဉ်းမှာ အများဆုံး(၂)နှစ်သာပိတ်ပင်မှုကို BOA က နိုင်ငံတကာအားကစားခုံရုံးသို့ အယူခံဝင်ခဲ့ပြီး ဧပြီလတွင်ကြားနာမည်ဖြစ်သည်။

## လုပ်ပွဲကစားခဲ့သည်ဆိုခြင်းကို ICC ငြင်းဆို

နိုင်ငံတကာခရစ်ကတ်ကောင်စီ(ICC)၏ အမှုဆောင်ချုပ် ဟာရွန်လာဂတ်က ပြီးခဲ့သည့်နှစ် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် အိန္ဒိယနှင့် ပါကစ္စတန်ပွဲတွင် လုပ်ပွဲကစားခဲ့သည်ဆိုခြင်းကို ငြင်းဆိုသွားခဲ့သည်။ ယင်းသတင်းကို Sunday Times သတင်းစာက အဖွင့်စာမျက်နှာဆောင်းပါးအဖြစ် ပြီးခဲ့သည့်ရက်ပိုင်းက ထုတ်ဖော်ရေးသားခဲ့ခြင်းဖြစ်ပြီး လာဂတ်က တနင်္လာနေ့တွင် ငြင်းဆန်တုံ့ပြန်ခဲ့သည်။

## မက္ကဆီကိုရယ်လီတွင် လော့ဘ် ဗိုလ်စွဲ

၂၀၁၂ ကမ္ဘာ့ရယ်လီချန်ပီယံရှစ်ပြိုင်ပွဲ တတိယမြောက်ပွဲစဉ်ဖြစ်သည့် မက္ကဆီကိုရယ်လီပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံပြင်သစ်ကားမောင်းသမား ဆီဘက်ရှန်လော့ဘ်က (၆)နှစ်ဆက်အနိုင်ရဗိုလ်စွဲသွားခဲ့သည်။ ယခုနှစ်ရာသီ ပွဲစဉ်(၃)ပွဲယှဉ်ပြိုင်ကစားအပြီး အမှတ်ပေးဇယားတွင် ဆီဘက်ရှန်လော့ဘ်ကပင် ဒုတိယနေရာမှ ဖင်လန်ကားမောင်းသမားဟီရာဗိုနန်ကို(၁၆)မှတ်ဖြတ်ကာ (၆၆) မှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။

## BRIEF

❐ ဒေးဗစ်ဟေးယီနှင့် ဖြစ်ပွားခဲ့သည့်ပြဿနာကြောင့် WBCမှ အကန့်အသတ်မရှိပွဲပယ်ပြစ်ဒဏ်ချမှတ်ခံထားရသည့် ဗြိတိန်ဟဲဗီးဝိတ်လက်ဝှေ့သမားချီဆိုရာသည် ယင်းပြစ်ဒဏ်ကိုအယူခံဝင်သွားမည်ဟုသိရသည်။

❐ ပြင်သစ်တင်းနစ်သမား လော်ဒရာသည် အင်ဒီယန်းဝဲလ်တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ပရိသတ်အားစော်ကားပြောဆိုခဲ့မှုကြောင့် ဒဏ်ငွေပေါင်(၂၀၀၀)တပ်ရိုက်ခံခဲ့ရသည်။

❐ ဗြိတိန်တက္ကသိုလ်နှင့် ကောလိပ်အားကစားပြိုင်ပွဲ၏နောက်ဆုံးနေ့ဖြစ်သည့် မေလ(၅)ရက်နေ့တွင် လန်ဒန်အိုလံပစ်အကြိုအထိမ်းအမှတ်ပွဲတစ်ခုကျင်းပမည်ဖြစ်ပြီး ယင်းပွဲမှုကံထူးသူတစ်ဦးမှာ လန်ဒန်အိုလံပစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကိုဖွင့်လှစ်ပေးခွင့်ရမည်ဟု သိရသည်။

❐ ဗြိတိန်စက်ဘီးသမား ဘရက်ဒလေဝစ်ဂင်သည်တနင်္ဂနွေနေ့ကကျင်းပပြီးစီးခဲ့သည့် Paris to Nice စက်ဘီးပြိုင်ပွဲတွင်အနိုင်ရဗိုလ်စွဲခဲ့ပြီး ယင်းပြိုင်ပွဲတွင်ဗိုလ်စွဲသည့် ပထမဆုံးဗြိတိန်နိုင်ငံသားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်းသိရှိရသည်။

❐ အိုလံပစ်ပြိုင်ပွဲသို့ အမျိုးသမီးအားကစားမယ်များလုံးဝစေလွှတ်ဖူးခြင်းမရှိသည့် ကာတာ၊ ဆော်ဒီအာရေဗျနှင့် ဘရူနိုင်းနိုင်ငံတို့သည် လာမည့်၂၀၁၂လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် အမျိုးသမီးအားကစားမယ်များ စေလွှတ်ရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိနေကြောင်းသိရှိရသည်။

# တူရကီနိုင်ငံတွင်ကျင်းပခဲ့သည့် ကမ္ဘာ့ရုံတွင်းပြေးခုန်ပစ်ပြိုင်ပွဲတွင် အမေရိကန်အသင်း ရွှေတံဆိပ်(၁၀)ခုဖြင့် ထိပ်ဆုံးတွင်ရပ်တည်နိုင်ခဲ့





နိုင်ငံအလိုက်ရပ်တည်မှု ထိပ်ဆုံး(၇)သင်း

| နိုင်ငံ | ရွှေ | ငွေ | ကြေး | ပေါင်း | နိုင်ငံ | ရွှေ | ငွေ | ကြေး | ပေါင်း |
|---|---|---|---|---|---|---|---|---|---|
| အမေရိကန် | ၁၀ | ၃ | ၅ | ၁၈ | ကင်ညာ | ၂ | ၁ | ၁ | ၄ |
| ဗြိတိန် | ၂ | ၃ | ၄ | ၉ | ရုရှား | ၁ | ၃ | ၅ | ၉ |
| အီသီယိုပီးယား | ၂ | ၁ | ၂ | ၅ | ယူကရိန်း | ၁ | ၂ | ၀ | ၃ |



ရုရှားတုတ်ထောက်ခုန်မယ် အစ်ဆင်ဘာရီးဗား(ဝဲ)၊ ပြိုင်ပွဲကျင်းပခဲ့သည့် Atakoy Athletics Arena (လယ်)၊ အမေရိကန်အပြေးသမား ဂျပ်စတင်းဂတ်လင်း(ယာ)

(၁၄)ကြိမ်မြောက် ကမ္ဘာ့ရုံတွင်းပြေးခုန်ပစ်ပြိုင်ပွဲကို တူရကီနိုင်ငံ၊ အစ္စတန်ဘူလ်မြို့တွင် ပြီးခဲ့သည့်မတ်လ(၉)ရက်မှ (၁၁)ရက်အထိကျင်းပပြုလုပ်ခဲ့ရာ အမေရိကန်အသင်းက ရွှေတံဆိပ်(၁၀)ဆုဖြင့် နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုဇယားတွင်ထိပ်ဆုံး၌ရပ်တည်နိုင်ခဲ့သည်။

အစ္စတန်ဘူလ်မြို့ရှိ Atakoy Athletics Arena တွင် ကျင်းပခဲ့သည့် ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း(၁၇၂)နိုင်ငံမှ အားကစားသမားပေါင်း(၆၈၃)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယခုပြိုင်ပွဲတွင် အမေရိကန်အသင်းကအားကစားသမား (၅၁)ဦးဖြင့်အများဆုံးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရုရှားအသင်းက (၄၂)ဦး၊ ဗြိတိန်အသင်းက (၃၄)ဦးပါဝင်ခဲ့ကြသည်။ နိုင်ငံပေါင်း(၁၇၂)နိုင်ငံအနက်(၆၈)နိုင်ငံမှာအားကစားသမား(၁)ဦးစီသာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယခုပြိုင်ပွဲတွင် ကမ္ဘာ့စံချိန်(၂)ခုသာတင်နိုင်ခဲ့ပြီး အမျိုးသား(၇)မျိုးစုံပြိုင်ပွဲတွင် အမေရိကန်နိုင်ငံသား အက်ရှ်တန်အီတန်နှင့် အမျိုးသမီး(၅)မျိုးစုံပြိုင်ပွဲတွင် ယူကရိန်းနိုင်ငံသူ နာတာလီရာဒိုဘရန်စကာတို့က ရယူနိုင်ခဲ့ကြခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် ၂၀၀၄အိုလံပစ်မီတာ(၁၀၀)ရွှေတံဆိပ်ချန်ပီယံ ဂျပ်စတင်းဂတ်လင်းမှာ (၄)နှစ်ပွဲပယ်ပြစ်ဒဏ်ကျခံရပြီးနောက် ပြန်လည်ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မီတာ(၆၀)ပြိုင်ပွဲတွင် အမေရိကန်အသင်းအတွက် ရွှေတံဆိပ်ဆုရယူပေးနိုင်ခဲ့သည်။ ထို့ပြင် နာမည်ကြီးရုရှားတုတ်ထောက်ခုန်မယ်အစ်ဆင်ဘာရီးဗားမှာလည်းအမျိုးသမီးတုတ်ထောက်ခုန်ပြိုင်ပွဲတွင် (၄.၈၀)မီတာခုန်ခဲ့ပြီး(၃)နှစ်အတွင်းသူမအတွက် ပထမဆုံးရွှေတံဆိပ်ဆုကိုရယူနိုင်ခဲ့သည်။ နာမည်ကျော်တရုတ်တန်းကျော်အပြေးသမားလျူရှန်းမှာမူ မီတာ (၆၀)တန်းကျော်ပြေးပွဲတွင် ငွေတံဆိပ်ဖြင့်သာကျေနပ်ခဲ့ရသည်။ အသင်းလိုက်ပွဲစဉ်များဖြစ်သည့်မီတာ(၄၀၀)လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင်အမေရိကန်အမျိုးသားအသင်းနှင့်ဗြိတိန်အမျိုးသမီးအသင်းတို့ အသီးသီးဗိုလ်စွဲခဲ့ကြသည်။ လာမည့်(၁၅)ကြိမ်မြောက် ကမ္ဘာ့ရုံတွင်းပြေးခုန်ပစ်ပြိုင်ပွဲကို ၂၀၁၅ခုနှစ်တွင် ပိုလန်နိုင်ငံ၊ ဆိုပေါ့မြို့၌ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

## ပွာတိုရီကိုအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်နိုင်ငံသား ဂျော့ချ်မက်နီးလ် အနိုင်ရဗိုလ်စွဲ

ပြီးခဲ့သည့်တနင်္ဂနွေနေ့ကကျင်းပပြီးစီးခဲ့သည့် ပွာတိုရီကိုအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးသမားဂျော့ချ်မက်နီးလ်အနိုင်ရဗိုလ်စွဲသွားခဲ့ကြောင်း သိရှိရသည်။ မက်နီးလ်သည် (၄)ရက်ပေါင်းရိုက်ချက်(၂၇၂)ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက်(၁၆)ချက်လျော့ရိုက်ကာ ဗိုလ်စွဲခဲ့ခြင်းလည်းဖြစ်သည်။ မက်နီးလ်သည်နောက်ဆုံးနေ့၏ နောက်ဆုံး(၃)ကျင်းတွင် ဘာဒီရိုက်ချက်များဆက်တိုက်ရယူကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်ပြီး ဒုတိယနေရာကို ဂျပန်ဂေါက်သီးသမားအီရှီကာဝါက စုစုပေါင်းရိုက်ချက် (၂၇၄)ချက်ဖြင့်ရရှိခဲ့ကြောင်းလည်းသိရှိရသည်။

## ဒဏ်ရာပြင်းထန်ခြင်းမရှိကြောင်းနှင့်မာစတာစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း တိုက်ဂါးဝုဒ်ကြေညာ

အမေရိကန်နာမည်ကျော်ဂေါက်သီးသမား တိုက်ဂါးဝုဒ်က ပြီးခဲ့သည့် WGC-Cadillac Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင်ရရှိခဲ့သည့် ဖနောင့်ကြောဒဏ်ရာမှာပြင်းထန်ခြင်းမရှိကြောင်းနှင့် လာမည့်ဧပြီလအတွင်းကျင်းပမည့်မာစတာစ်ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း ၎င်း၏ Twitter စာမျက်နှာမှတစ်ဆင့်ကြေညာခဲ့သည်။ တိုက်ဂါးဝုဒ်က ဆရာဝန်ဆီမှသတင်းကောင်းရရှိခဲ့ကြောင်းနှင့် ဒဏ်ရာမှာသာမန်ဒဏ်ရာသာဖြစ်ကြောင်းရေးသားခဲ့ခြင်းဖြစ်သည်။ တိုက်ဂါးဝုဒ်သည် မာစတာစ်ပြိုင်ပွဲမတိုင်မီကျင်းပမည့် Arnold Palmer Invitational ပြိုင်ပွဲတွင်လည်းပါဝင်ယှဉ်ပြိုင်နိုင်မည်ဟုသိရသည်။

## ဟာမီလ်တန်နှင့် ဘတ်တန်တို့အောင်မြင်ရန်မျှော်လင့်နေ

ဖော်မြူလာဝမ်းပြိုင်ပွဲဝင် မက္ကလာရင်အသင်းပိုင်ရှင်မာတင်ဝှိုက်မက်ရှ်ကအသင်း၏ကားမောင်းသမားများဖြစ်သည့် ဟာမီလ်တန်နှင့် ဘတ်တန်တို့သည် ယခုနှစ်ဖော်မြူလာဝမ်းရာသီတွင် အောင်မြင်မှုရရှိလိမ့်မည်ဟုမျှော်လင့်ကြောင်း ပြောကြားလိုက်သည်။ ဟာမီလ်တန်နှင့် ဘတ်တန်တို့သည် ပြီးခဲ့သည့်ဖော်မြူလာဝမ်းရာသီက (၂)ဦးပေါင်း(၆)ပွဲအနိုင်ရရှိခဲ့ပြီး ယခုနှစ်ပြိုင်ပွဲတွင်ပိုမို၍အကြိတ်အနယ်ရှိလာနိုင်ကြောင်းနှင့် မိမိတို့၏ရာသီကြိုမောင်းနှင်မှုများကိုလည်းကျေနပ်မိကြောင်း ဝှိုက်မက်ရှ်ကပြောကြားခဲ့သည်။

## ပီတာဆန်အားအလဲထိုးမည်ဟု အာမီခန်းကြုံးဝါး

ဗြိတိန်လက်ဝှေ့သမား အာမီခန်းက အမေရိကန်လက်ဝှေ့သမား ပီတာဆန်နှင့်ပြန်လည်ထိုးသတ်ရမည့်ပွဲစဉ်တွင် အလဲထိုးနိုင်ပွဲရယူသွားမည်ဟုကြုံးဝါးပြောဆိုလိုက်သည်။ အာမီခန်းနှင့်ပီတာဆန်တို့သည် ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်းကထိုးသတ်ခဲ့ကြပြီး ယင်းပွဲစဉ်တွင် ပီတာဆန်ကအာမီခန်းကိုအခြေင်းပွားဖွယ်အမှတ်ဖြင့်အနိုင်ရခဲ့သည်။ သို့ရာတွင် ယင်းပွဲစဉ်အား ပြန်လည်စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ကမ္ဘာ့လက်ဝှေ့အဖွဲ့အစည်း(WBA)က လာမည့်မေလ(၁၉)ရက်နေ့တွင်ပြန်လည်ထိုးသတ်ရန်အမိန့်ပေးခဲ့ခြင်းဖြစ်သည်။

# အင်ဒီယန်းဝဲလ်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးလက်ရှိချန်ပီယံဝေါ့ဇနီယာကီ စတုတ္ထအဆင့်တွင် အီဗန်နိုဗစ်အားရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရ

ကမ္ဘာ့နံပါတ်(၁)တင်းနစ်မယ်ဟောင်း ဝေါ့ဇနီယာကီသည် ကျင်းပလျက်ရှိသည့် အင်ဒီယန်းဝဲလ်တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်တွင် စတုတ္ထအဆင့်မှထွက်ခွာခဲ့ရကြောင်းသိရှိရသည်။ ပြိုင်ပွဲ၏လက်ရှိချန်ပီယံလည်းဖြစ်သူ ဝေါ့ဇနီယာကီသည် စတုတ္ထအဆင့်တွင် ကမ္ဘာ့နံပါတ်(၁)တင်းနစ်မယ်ဟောင်းပင်ဖြစ်သူ အီဗန်နိုဗစ်ကို ၆-၃၊ ၆-၂ ဖြင့်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

လက်ရှိကမ္ဘာ့အဆင့်(၄)တင်းနစ်မယ် ဝေါ့ဇနီယာကီသည် ပြိုင်ပွဲ၏လက်ရှိချန်ပီယံဖြစ်သော်လည်း ပြိုင်ပွဲတွင်နိုင်ခြေအဆင့်(၄)သာသတ်မှတ်ခံရသူဖြစ်သည်။ အီဗန်နိုဗစ်မှာလည်း ကမ္ဘာ့အဆင့်ရပ်တည်မှုတွင် အဆင့်(၁၇)နေရာ၌ရပ်တည်နေပြီး ပြိုင်ပွဲတွင်နိုင်ခြေအဆင့်(၁၅)အဖြစ်သတ်မှတ်ခံရသူ ဖြစ်သည်။ ၂၀၀၈ခုနှစ်ကဗိုလ်စွဲခဲ့ဖူးသည့် အီဗန်နိုဗစ်မှာ ယခုပွဲစဉ်တွင်အကောင်းဆုံးလက်စွမ်းကိုပြသနိုင်ခဲ့ပြီး ကွာတားဖိုင်နယ်သို့တက်ရောက်နိုင်ခဲ့ခြင်းလည်းဖြစ်ကာ ကွာတားဖိုင်နယ်တွင် ဆီဒင်(၇)ရ ပြင်သစ်တင်းနစ်မယ် ဘာတိုလီနှင့်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၏ကွာတားဖိုင်နယ်အဆင့်သို့ နိုင်ခြေအဆင့်(၁)အဇာရန်ကာ၊ အဆင့်(၂)ရှာရာပိုဗာ၊ အဆင့်(၅)ရက်ဝန်စကာ၊ အဆင့်(၈)လီနာ၊ အဆင့်(၁၈) ကာဗာနှင့် အဆင့်(၂၀)ကီရီလန်ကိုတို့တက်ရောက်နိုင်ခဲ့ပြီဖြစ်ကြောင်းလည်းသိရှိရသည်။








*တစ်ပတ်အတွင်းပွဲတွေက များပြားလှသည်။ ထူးထူးခြားခြားဂိုးရလဒ်တွေကိုလည်းမြင်တွေ့ရသည်။ တစ်ပွဲ(၇)ဂိုးဆိုသည့် အရေအတွက်ကခက်ခဲလှပေမယ့် ဘေယန်မြူးနစ်က (၂)ပွဲဆက်လုပ်ပြခဲ့သည်။ ဘာစီလိုနာက လေဗာကူဆင်ကို (၇)ဂိုးသွင်းခဲ့သဖြင့် ကျဆင်းသွားသည့် ဂျာမန်တွေရဲ့ သိက္ခာကို ဘေယန်မြူးနစ်က ပြန်လည်အဖတ်ဆယ်ခဲ့ခြင်းဖြစ်သည်။ မက်ဆီနှင့် မာရီယိုဂိုးမက်ဇ်တို့က ဒီတစ်ပတ်ရဲ့ အကောင်းဆုံးကစားသမားတွေဖြစ်သည်။ မက်ဆီက စွဲမက်ဖွယ်ခြေစွမ်းနဲ့ တစ်ပွဲတည်း(၅)ဂိုးသွင်းပြီး နောက်ဆုံးပွဲတွေမှာ တစ်ပွဲပျမ်းမျှ(၃)ဂိုးလောက်သွင်းနေသည်။ မာရီယိုဂိုးမက်ဇ်ကလည်း ဘွန်ဒစ်လီဂါမှာ ဟက်ထရစ်သွင်းပြီးတော့ ချန်ပီယံလိဂ်မှာ (၄)ဂိုးထပ်သွင်းသည်။ ချန်ပီယံလိဂ်ဂိုးသွင်းဘုရင်ဇယားမှာတော့ မက်ဆီနှင့် ဂိုးမက်ဇ်အပြိုင်ဖြစ်နေပေဦးမည်•••*

# ရင်ခုန်ဖွယ် ဥရောပပွဲစဉ်အချို့ကိုပြန်လည်ခံစားခြင်း



ဘေဆယ်အသင်းကို (၇)ဂိုးပြတ်အနိုင်ယူခဲ့ပြီး နောက်ဆုံး(၂)ပွဲတွင် (၁၄)ဂိုးအထိ သွင်းယူနိုင်ခဲ့သည့် ဘေယန်မြူးနစ်အသင်းသားများ

## ဦးဆောင်သူအပြောင်းအလဲ

ရာသီကုန်ခါနီးမှာ ပရီးမီးယားလိဂ်အမှတ်ပေးဇယားထိပ်ဆုံးနေရာ အပြောင်းအလဲဖြစ်ခဲ့သည်။ မန်ယူရဲ့ အစဉ်အလာကြောင့် လျှော့တွက်လို့မရသည့်အတိုင်းအမှန်တကယ်ဖြစ်လာခဲ့ခြင်းဖြစ်သည်။ မန်စီးတီးရဲ့ ဖြတ်သန်းမှုကို ပြန်ကြည့်တော့ ဒီနှစ်မှချန်ပီယံလောင်းစာရင်းထဲ ဝင်လာသည့်အသင်းလို့တောင် မထင်ရ။ ခြေစွမ်းလည်းမှန်သည်။ ခြေစွမ်းလည်းကောင်းသည်။ ဒါပေမယ့် ပွဲကျပ်တွေကို ပွတ်ကာသီကာ၊ ဝေ့ကာဝိုက်ကာ မန်ယူကျော်ဖြတ်ပြလာတော့ မန်စီးတီးရှေ့ကပြေးရင်း စိုးရိမ်လာပုံရသည်။ ပြီးတော့ ဖိအားဝင်လာသည်။ နောက်ဆုံးကျတော့ ခြေခေါက်လဲကျခဲ့ခြင်းဖြစ်သည်။

မန်ယူနိုင်သွားသည့်ပွဲထက် မန်စီးတီးရှုံးခဲ့သည့်ပွဲအကြောင်းကို အရင်ပြောချင်သည်။ မန်စီးတီးမှာ ပြဿနာတွေရှိသည်ဆိုလျှင် ခံစစ်ကိုပထမဆုံးထောက်ပြရမည်။ ခံစစ်မှာမှ ဆာဗစ်က အဓိကပြဿနာဖြစ်သည်။ဆာဗစ်ရဲ့အနေအထားကပထမကစားသမားနေရာအတွက် မျှော်လင့်ခွင့်မရှိ။ ဒါပေမယ့်နည်းပြမန်စီနီက လိုအပ်လျှင်လိုအပ်သလို ထည့်သုံးတတ်သည်။ ထည့်သုံးတိုင်းလည်း ပြဿနာတက်သည်။ သူ့အမှားတွေကြောင့် ပေးခဲ့ရသည့်ဂိုးတွေကမနည်းတော့။ ဆွမ်ဆီးနှင့်ပွဲမှာလည်း သူ့ရဲ့ လူပေးအမှားကနေတစ်ဆင့် ဆွမ်ဆီးဂိုးရသွားခြင်းဖြစ်သည်။ ရာသီအဆုံးသတ်ကာလတွေမှာ ခြေစွမ်းအရရော၊ ကံကြမ္မာပိုင်းအရပါအရေးပါပြီး အမှားလုပ်၍မရ။ ဒီလိုအချိန်မျိုးမှာ မန်စီနီလူရွေးမှန်ဖို့လိုသည်။ ဆုံးဖြတ်ချက်မှန်ဖို့လိုသည်။ အမှားနည်းနိုင်သမျှ နည်းမှ မန်ယူလိုအသင်းကို ကျော်ဖြတ်နိုင်လိမ့်မည်။

ဆွမ်ဆီးနှင့်ပွဲမှာ မန်စီးတီးရှုံးသွားခြင်းက တစ်ခါတစ်ရံဖြစ်တတ်သည့်ခြေခေါက်မှုမျိုးဟုသာ ဆိုချင်သည်။ မန်စီးတီးညံ့၍မဟုတ်သလို၊ ခြေပျက်သွားခြင်းလည်းမဟုတ်။ ဒါပေမယ့် နောက်တစ်ပွဲဒီလိုထပ်ဖြစ်ရင်တော့ စိတ်ပိုင်းဆိုင်ရာကို ထိခိုက်နိုင်သည်။ ပြီးတော့ ဖိအားဝင်သွားနိုင်သည်။

## အစဉ်အလာနှင့် အရှိန်အဝါ

မန်ယူက ကမ္ဘာ့ဘောလုံးလောကမှာ အရှိန်အဝါကြီးသည့်အသင်းဖြစ်သည်။ အရှိန်အဝါဆိုသည်က အောင်မြင်မှုတွေကနေ ဆင့်ပွားထွက်ပေါ်လာသည့် အကျိုးဆက်ဖြစ်သည်။ ပရီးမီးယားလိဂ်လိုဖလားမျိုးဆိုရင် မန်ယူအတွက်ရနေကျဖြစ်သည်။ အစဉ်အလာအားဖြင့် အသင်းတိုင်းကို လွှမ်းမိုးထားနိုင်သည်။ အားသာမှုကြီးမားသည်။ ရှေ့က ပြေးနေသည့်အသင်းတွေကို အချိန်တန်လျှင် မီမှာပဲဆိုသည့် ယုံကြည်စိတ်ရှိသည်။ ဒါက တမင်ဖန်တီးထားတာမျိုးမဟုတ်ရင်တောင် အလိုလိုရှိနေသည့် အောင်စိတ်ဖြစ်သည်။ ဒီလိုအသင်းမျိုးက သူများတွေအမှားများတတ်သည့်အချိန်၊ စိတ်ပိုင်းဆိုင်ရာပျော့ညံ့သွားသည့်အချိန်တွေမှာ ဖိ၍၊ နင်း၍ကျော်တက်ဖို့ အသင့်ဖြစ်နေလိမ့်မည်။ ပရီးမီးယားလိဂ်ရဲ့အစဉ်အလာတွေကို ကြည့်လျှင်လည်း နောက်ကနေပြန်ကျော်တက်ပြီး ဖိုလ်စွဲခဲ့သည့်အကြိမ်တွေမနည်းတော့။ ဒီတော့ ချန်ပီယံဖလားအတွက် Fresher လိုဖြစ်နေသည့် မန်စီးတီးလိုအသင်းမျိုးအတွက် ဒီအချိန်မှာ မန်ယူရဲ့ကျော်တက်ခံရခြင်းက ဒီဖလားအတွက် အဖြေလည်းဖြစ်သွားနိုင်သည်။

## ဘေယန်မြူးနစ်ပြန်လာပြီလား

ရာသီတစ်လျှောက်လုံး ရှုံးတစ်ချီ၊ နိုင်တစ်လှည့်နဲ့ ကြွေပျက်နေသည့် ဘေယန်မြူးနစ်က ဒီတစ်ပွဲတော့ မထင်မှတ်တဲ့ ဂိုးရလဒ်နဲ့ အောင်ပွဲခံခဲ့သည်။ ရော်ဘင်နှင့် ရီဘာရီတောင်ပံအတွဲက ၂၀၀၉-၁၀ ရာသီက စွမ်းဆောင်ရည်မျိုး ပြန်ရနေသည်။ တောင်ပံကောင်းတော့ တိုက်စစ်ကစားပုံပိုကောင်းလာပြီး မာရီယိုဂိုးမက်ဇ်အတွက် အခွင့်အလမ်းကောင်းတွေပေါ်ခဲ့သည်။ ဒီတော့ ဟော်ဖန်ဟင်မ်ကို ဂိုးမက်ဇ်ဟက်ထရစ်သွင်းပြီး ဘေယန်မြူးနစ် (၇-၁)ဂိုးဖြင့်နိုင်ခဲ့သည်။ ဘေယန်မြူးနစ်ရဲ့ ဂိုးသွင်းနှုန်းက တစ်ပွဲတည်းနှင့် ရပ်မသွား။ ချန်ပီယံလိဂ်မှာစွမ်းရည်ကောင်းကိုထပ်ပြခဲ့သည်။ ရော်ဘင်၊ ရီဘာရီတောင်ပံနှစ်ဖက်က ဟော်ဖန်ဟင်မ်နှင့်ပွဲက ခြေစွမ်းမျိုးပြန်ပြခဲ့သလို၊ မာရီယိုဂိုးမက်ဇ်က (၄)ဂိုးထပ်သွင်းခဲ့ပြန်သည်။



မန်စီးတီးအသင်းဘက်သို့ လုဒ်မိုး၏ခေါင်းတိုက်ဂိုးသွင်းချက်(ပုံကြီး) ရှုံးပွဲအတွက်ဝမ်းနည်းနေသည့် မန်စီးတီးပရိသတ်တစ်ဦး(ပုံသေး)

## ရုပ်လုံးပေါ်လာတဲ့ စီးရီးအေ

မပြတ်မသားဖြစ်ခဲ့သည့် စီးရီးအေက တဖြည်းဖြည်းနှင့် ရုပ်လုံးပေါ်လာခဲ့သည်။ အေစီမီလန်က ခြေစွမ်းမှန်မှန်ဖြင့် ခုတ်မောင်းနေချိန်မှာ ဂျူဗင်တပ်စ်ရဲ့ အမှားအယွင်းတွေက အခွင့်အရေးပေးသလိုဖြစ်နေသည်။ မရှုံးပေမယ့် မနိုင်တာနစ်နာလှသည်။ (၅)ပွဲသရေကျလျှင် (၁၀)မှတ်ဆုံးရှုံးသည့်အနေအထားက အေစီမီလန်အမှတ်တွေဆက်တိုက်ယူနိုင်တော့ ဂျူဗင်တပ်စ်ကို ပြတ်ကျန်စေခဲ့သည်။ စီးရီးအေအကြောင်းပြောတော့ အင်တာမီလန်ကိုလည်း မေ့မထားချင်။ ချန်ပီယံလိဂ်မှာ အဝေးဂိုးစည်းမျဉ်းနှင့်ထွက်လိုက်ရသည်က စိတ်ပျက်စရာ။ ရာနီရေးရီရဲ့အသင်းတွေက ဒီလိုပဲအစကောင်းမလိုလိုနှင့် အဖျားရှူးသွားလေ့ရှိသည်။ (၁-၀)ဂိုးဆိုတဲ့အနေအထားကို ရောက်ပြီးမှ လက်ကျန်(၁၅)မိနစ်ကို ထိန်းမထားနိုင်ခြင်းက ဒီလိုအဖြစ်မျိုးကို ကြုံတွေ့စေခြင်းဖြစ်သည်။ ပယ်နယ်တီကနေအနိုင်ဂိုးပြန်ရပေမယ့် ဘာမှအသုံးမဝင်တော့။

*ယူရိုပါလိဂ်ရှုံးထွက်(၁၆)သင်းအဆင့်ရဲ့ ဒုတိယအကျော့ပွဲစဉ်တွေမှာတော့ ဗိုလ်စွဲဖို့ရေပန်းအစားဆုံးမန်ချက်စတာမြို့ခံနှစ်သင်းစလုံး ပထမအကျော့အရှုံးရလဒ်တွေကို မကျော်လွှားနိုင်ခဲ့ဘဲ ပြိုင်ပွဲကထွက်ခဲ့ရပါတယ်။ ချန်ပီယံလိဂ်မှာ စပိန်ကလပ်တွေဖြစ်တဲ့ ရီးယဲလ်နဲ့ ဘာစီလိုနာတို့ အများအယွင်းမရှိခဲ့သလို ယူရိုပါလိဂ်မှာလည်း ဘီလ်ဘာအို၊ ဗလင်စီယာနဲ့ အက်သလက်တီကိုတို့ ကွာတားဖိုင်နယ်ကို တက်ရောက်နိုင်ခဲ့ကြပါတယ်။ ။ ။   ။ ။ ။*

# စပိန်(၃)သင်း နောက်တစ်ဆင့်တက်ပြီး မန်ယူနဲ့မန်စီးတီးပြုတ်ကျန်ခဲ့တဲ့

## ယူရိုပါလိဂ်ရှုံးထွက်(၁၆)သင်းအဆင့် ဒုတိယအကျော့ သုံးသပ်ချက်



မန်ယူအသင်းကို နှစ်ကျော့စလုံးအနိုင်ယူပြီး ကွာတားဖိုင်နယ်တက်ရောက်ခဲ့သည့် ဘီလ်ဘာအိုအသင်း

### ဘီလ်ဘာအို ၂-၁ မန်ယူ

မန်ယူအသင်းဟာ ဒီပွဲမှာလည်း ဘီလ်ဘာအိုအသင်းကို မယှဉ်နိုင်ခဲ့ပါဘူး။ မန်ယူကွင်းလယ်မှာ လူငယ်ကစားသမား ကလယ်ဗာလေပြန်ပါလာပြီး ကွင်းလယ်ကစားကွက်အသာစီးရယူဖို့ ကြိုးစားခဲ့ပေမယ့် အိမ်ရှင်အသင်းကပဲ ပွဲကိုအလွယ်တကူစိုးမိုးသွားနိုင်ခဲ့ပါတယ်။ ရွန်နီတစ်ဦးတည်းကိုအထောင်ထားပြီးကစားခဲ့တဲ့မန်ယူအသင်းရဲ့တိုက်စစ်က ဘီလ်ဘာအိုခံစစ်ကြောင်းကို အန္တရာယ်မပေးနိုင်ခဲ့ဘဲ၊ ဂိုးသွင်းခွင့်လည်းအနည်းငယ်သာရရှိခဲ့ပါတယ်။ ဘီလ်ဘာအိုအသင်းကတော့ ပထမအကျော့ကပုံစံအတိုင်းပဲ၊ လျင်လျင်မြန်မြန် ထိုးဖောက်ကစားခဲ့ပြီး ကွင်းလယ်ကစားသမားဒီမားကိုစ်က မန်ယူနောက်တန်းကို ပွဲချိန်ပြည့်ဒုက္ခပေးနိုင်ခဲ့ပါတယ်။ ဘီလ်ဘာအိုအသင်းအတွက် လော်ရန်တေးက(၂၃)မိနစ်မှာအဖွင့်ဂိုးသွင်းပြီး (၆၅)မိနစ်မှာ ဒီမားကိုစ်က ဒုတိယဂိုးထပ်သွင်းခဲ့ပါတယ်။ မန်ယူအသင်းအတွက် နှစ်သိမ့်ဂိုးကိုတော့မိနစ်(၈၀)မှာ ရွန်နီကသွင်းယူခဲ့တာပါ။

### အူဒီးနီးစ် ၂-၁ အယ်လ်ခမာ

အူဒီးနီးစ်အသင်းကတော့ ပွဲအစမှာပဲ ပယ်နယ်တီရရှိခဲ့သလို ပြိုင်ဘက်အယ်လ်ခမာနောက်ခံလူဗီယာဂျီဗာအထုတ်ခံခဲ့ရပေမယ့် အခွင့်အရေးမယူနိုင်ဘဲ ကွာတားဖိုင်နယ်နဲ့လွဲချော်ခဲ့ရတာပါ။ ပွဲအစ(၃)မိနစ်မှာ အူဒီးနီးစ်တိုက်စစ်မှူးဖလောရက်စ်ကိုဆွဲလှဲချမိတာကြောင့် ဗီယာဂျီဗာအထုတ်ခံရပြီး ရရှိတဲ့ပယ်နယ်တီကို ဒီနာတာလီကအူဒီးနီးစ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပါတယ်။ အဲဒီနောက်(၁၅)မိနစ်မှာဒီနာတာလီကပဲ ဒုတိယဂိုးသွင်းယူနိုင်ခဲ့ပေမယ့်(၃၁)မိနစ်မှာ တစ်ယောက်လျော့ အယ်လ်ခမာအသင်းက ချေပဂိုးပြန်သွင်းခဲ့တာဖြစ်ပါတယ်။

### မန်စီးတီး ၃-၂ စပို့တင်းလစ္စဘွန်း

မန်စီးတီးအသင်းကတော့ အနိုင်ရရှိခဲ့ပေမယ့် အဝေးဂိုးနဲ့ အရေးနိမ့်ခဲ့တာဖြစ်ပါတယ်။ ဘာလိုတယ်လီ၊ အဂူရိုတိုက်စစ်အတွဲနဲ့မန်စီးတီးအသင်း အသာစီးယူကစားနိုင်ခဲ့ပေမယ့် ခံစစ်ပိုင်းအမှားတွေကြောင့် ပထမပိုင်းမှာ ဂိုးနှစ်ဂိုးပေးလိုက်ရပြီး ရှုံးကန်ခဲ့ရပါတယ်။ စပို့တင်းလစ္စဘွန်းအတွက်(၃၃)မိနစ်မှာ ဖာနန်ဒက်ဇ်နဲ့မိနစ်(၄၀)မှာဝုလ်ဖ်ဝင်ကယ်လ်တို့က သွင်းယူခဲ့တာဖြစ်ပြီး ဒုတိယပိုင်းမှာတော့ မန်စီးတီးအသင်းဟာ တိုက်စစ်ကိုအရှိန်ပိုမြှင့်ခဲ့ပါတယ်။ မိနစ်(၆၀)မှာအဂူရိုကချေပဂိုးတစ်ဂိုးသွင်းယူပြီးတဲ့နောက်မှာတော့ မန်စီးတီးအသင်းစိတ်ကြိုက်တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး(၇၅)မိနစ်မှာပယ်နယ်တီကနေ ဘာလိုတယ်လီကဒုတိယဂိုးနဲ့(၈၂)မိနစ်မှာအဂူရိုကတတိယဂိုးတွေထပ်သွင်းနိုင်ခဲ့ပါတယ်။ ပွဲပြီးခါနီးစက္ကန့်ပိုင်းအလိုမှာ ဂိုးသမားဂျိုးဟတ်ရဲ့ ခေါင်းတိုက်ချက်ကို စပို့တင်းဂိုးသမားကာကွယ်ခဲ့လို့ မန်စီးတီးတို့ပြိုင်ပွဲက ထွက်ခဲ့ရပါတယ်။

| ယူရိုပါလိဂ်ရှုံးထွက်(၁၆)သင်းအဆင့်ရလဒ်များ |
|---|
| ဘက်ဆစ်တက် ၀-၃ အက်သလက်တီကို |
| *နှစ်ကျော့ပေါင်းရလဒ်(၆-၁)ဂိုးဖြင့်အက်သလက်တီကိုကွာတားတက်* |
| အိုလံပီယာကော့စ် ၁-၂ မက်တဲလစ် |
| *နှစ်ကျော့ပေါင်းရလဒ်(၂-၂)အဝေးဂိုးဖြင့် မက်တဲလစ်ကွာတားတက်* |
| မန်စီးတီး ၃-၂ စပို့တင်းလစ္စဘွန်း |
| *နှစ်ကျော့ပေါင်းရလဒ်(၃-၃)အဝေးဂိုးဖြင့် စပို့တင်းလစ္စဘွန်းကွာတားတက်* |
| ရှော်လ်ကာ ၄-၁ FCတွမ်တီး |
| *နှစ်ကျော့ပေါင်းရလဒ်(၄-၂)ဂိုးဖြင့် ရှော်လ်ကာကွာတားတက်* |
| အူဒီးနီးစ် ၂-၁ AZအယ်လ်ခမာ |
| *နှစ်ကျော့ပေါင်းရလဒ်(၃-၂)ဂိုးဖြင့် အယ်လ်ခမာကွာတားတက်* |
| ဘီလ်ဘာအို ၂-၁ မန်ယူ |
| *နှစ်ကျော့ပေါင်းရလဒ်(၅-၃)ဂိုးဖြင့် ဘီလ်ဘာအိုကွာတားတက်* |
| ဟန်နိုဗာ ၄-၀ စတန်းဒတ်လိဂ် |
| *နှစ်ကျော့ပေါင်းရလဒ်(၆-၂)ဂိုးဖြင့် ဟန်နိုဗာကွာတားတက်* |
| PSV ၁-၁ ဗလင်စီယာ |
| *နှစ်ကျော့ပေါင်းရလဒ်(၅-၃)ဂိုးဖြင့် ဗလင်စီယာကွာတားတက်* |

## FIFA နှင့် UEFA ကို ဒေ့ဗ်ရစ်ချတ် ပြန်လည်တောင်းပန်

အင်္ဂလန်ပရီးမီးယားလိဂ်အဖွဲ့ချုပ်၏ ဥက္ကဋ္ဌဖြစ်သူ ဆာဒေ့ဗ်ရစ်ချတ်သည် FIFA နှင့် UEFA တို့အပေါ် ပြောကြားခဲ့သည့်မှတ်ချက်စကားအတွက် ပြန်လည်တောင်းပန်ခဲ့ကြောင်း သိရှိရသည်။ ဆာဒေ့ဗ်ရစ်ချတ်က မိမိအနေဖြင့် ယင်းအဖွဲ့အစည်းများကို တိုက်ခိုက်လိုစိတ်မရှိကြောင်း၊ တိုက်ခိုက်သည့်အဓိပ္ပါယ်သက်ရောက်သွားသည့်အတွက်တောင်းပန်ကြောင်း ပြီးခဲ့သည့်ကြာသပတေးနေ့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး FIFA နှင့် UEFA ဥက္ကဋ္ဌဖြစ်သူတို့ထံသို့လည်း အီးမေးလ်မှတစ်ဆင့် တောင်းပန်စာပေးပို့ခဲ့ကြောင်း သိရှိရသည်။

| လိဂ်ချန်ပီယံရှစ်ပွဲကျန်ရလဒ်များ | | |
|---|---|---|
| လက်စတာ | ၃-၁ | ဘာမင်ဂမ် |
| ဒါဘီ | ၁-၀ | နော်တင်ဟမ် |
| ဒွန်ကက်စတာ | ၁-၁ | ရီးဒင်း |
| ကာဒစ်ဖ် | ၀-၃ | ဟူးလ်စီးတီး |

| အိုလံပစ်ခြေစစ်ပွဲအာရှဇုန်ရလဒ်များ | | |
|---|---|---|
| ဩစတြေးလျ | ၀-၀ | အီရတ် |
| ဆော်ဒီအာရေဗျ | ၁-၁ | အိုမန် |
| ဆီးရီးယား | ၃-၀ | မလေးရှား |
| ဂျပန် | ၂-၀ | ဘာရိန်း |
| တောင်ကိုရီးယား | ၀-၀ | ကာတာ |
| ဥဇဘက်ကစ္စတန် | ၂-၃ | ယူအေအီး |

## ပိုလ်လုပွဲတွင် ချယ်လ်ဆီးနှင့် တွေ့လိုသည်ဟု မော်ရင်ဟိုဆို

ရီးယဲလ်အသင်း၏နည်းပြ မော်ရင်ဟိုက ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် အသင်းဟောင်းချယ်လ်ဆီးနှင့် ပြန်လည်ဆုံတွေ့လိုသည်ဟုထုတ်ဖော်ပြောကြားခဲ့သည်။ မော်ရင်ဟိုက ချယ်လ်ဆီးအသင်း ကွာတားဖိုင်နယ်ရောက်ရှိလာသည့်အတွက် ပျော်ရွှင်မိကြောင်း၊ ဗိုလ်လုပွဲတွင် ရင်ဆိုင်ကစားခွင့်ရရှိလိုကြောင်းနှင့် ပြိုင်ဘက်ကောင်းတစ်သင်းလည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

## ဘာစီလိုနာအင်္ကျီအရောင်ပြောင်းမည်ဟု သတင်းများ ထွက်ပေါ်

ဘာစီလိုနာအသင်းသည် လာမည့်ရာသီတွင် ၎င်းတို့၏အိမ်ကွင်းအင်္ကျီအရောင်ကို အပြောင်းအလဲပြုလုပ်မည်ဟု သတင်းများထွက်ပေါ်လာခဲ့သည်။ ဘာစီလိုနာအသင်းသည် လိမ္မော်ရောင်နှင့်အဝါရောင်စပ်ထားသည့်အင်္ကျီကို အိမ်ကွင်းအင်္ကျီအဖြစ် အသုံးပြုမည်ဖြစ်ပြီး လက်ရှိအင်္ကျီကို အဝေးကွင်းအင်္ကျီအဖြစ်ပြောင်းလဲသုံးစွဲမည်ဟု သိရှိရသည်။

## အကြောင်းပြချက်ပေးရန်မရှိဟု မန်ယူနည်းပြဖာဂူဆန်ဆို

မန်ယူနည်းပြဖာဂူဆန်က ဘီလ်ဘာအိုအသင်းကိုရှုံးနိမ့်ပြီး ယူရိုပါလိဂ်ပြိုင်ပွဲမှထွက်ခဲ့ရခြင်းအတွက် အကြောင်းပြချက်ပေးရန်မရှိဟု ပြောကြားခဲ့သည်။ ဖာဂူဆန်ကမိမိတို့အနေဖြင့် ပထမပိုင်းနှင့်ဒုတိယပိုင်းအစတွင်ကောင်းမွန်စွာကစားနိုင်ခဲ့သော်လည်း လိုအပ်သည့်ရလဒ်ကိုမရရှိခဲ့ကြောင်း၊ ပရီးမီးယားလိဂ်ချန်ပီယံဆုကိုသာ ကြိုးပမ်းသွားတော့မည်ဖြစ်ကြောင်း ဆိုခဲ့သည်။

## နာပိုလီကို ကျော်ဖြတ်နိုင်ခဲ့ခြင်းသည် မိမိတို့သက်ကြီးကစားသမားများကို လိုအပ်နေဆဲဖြစ်ကြောင်း သက်သေပြနိုင်ခဲ့ခြင်းဖြစ်သည်ဟု လမ်းပတ်ဆို



ချယ်လ်ဆီးအသင်း၏ဝါရင့်ကွင်းလယ်ကစားသမားလမ်းပတ်က နာပိုလီကိုကျော်ဖြတ်ပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့ခြင်းနှင့်ပတ်သက်၍ ကြုံးဝါးပြောဆိုမှုများပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ချယ်လ်ဆီးအသင်းသည် ပထမအကျော့တွင်နာပိုလီအသင်းကို (၁-၃)ဂိုးဖြင့်ဂိုးပြတ်ရှုံးနိမ့်ထားခဲ့သော်လည်း ဒုတိယအကျော့၌မိနစ်(၉၀) တွင် (၃-၁)ဂိုးဖြင့် ပြန်လည်အနိုင်ယူကာ အချိန်ပိုဂိုးဖြင့်နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်၌ ချယ်လ်ဆီးအသင်းအတွက် ဒရော့ဘာ၊ တယ်ရီ၊ လမ်းပတ်နှင့်အီဗန်နိုဗစ်တို့က ဂိုးများသွင်းယူခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်လမ်းပတ်က "ကျွန်တော်တို့ သက်ကြီးကစားသမားတွေနဲ့ပတ်သက်ပြီး ဝေဖန်ပြောဆိုတဲ့စကားတွေအများကြီးကြားခဲ့ရပါတယ်။ နာပိုလီနဲ့ပွဲမှာတော့ ကျွန်တော်တို့လိုကစားသမားတွေ လိုအပ်နေဆဲဆိုတာ သက်သေပြနိုင်ခဲ့ပါပြီ"ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

### *သောကြာနေ့နံနက်ပိုင်းသတင်းများ*

- ■ အာဆင်နယ်အသင်း၏ဘယ်နောက်ခံလူ ဆန်းတို့စ်သည် ဒဏ်ရာမှသက်သာလာပြီး အဲဗာတန်နှင့်ပွဲ၌ ပါဝင်နိုင်ဖွယ်ရှိကြောင်း သိရှိရသည်။
- ■ ဘာစီလိုနာနောက်ခံလူ အဘီဒယ်လ်သည် လာမည့်ရက်သတ္တပတ်အတွင်း ၎င်း၏အသည်းကို အစားထိုးခွဲစိတ်မှုခံယူရမည်ဖြစ်ပြီး ယူရို-၂၀၁၂ ပြိုင်ပွဲကို လွဲချော်ဖွယ်ရှိကြောင်း သိရှိရသည်။
- ■ PSG အသင်းသည် လာမည့်နွေရာသီတွင် အေစီမီလန်တိုက်စစ်မှူးပါတိုကို မခေါ်ယူနိုင်ခဲ့ပါက အင်တာမီလန်တိုက်စစ်မှူးပက်ဇီနီကို ခေါ်ယူရန်ကြိုးစားမည်ဖြစ်ကြောင်း သိရှိရသည်။
- ■ ဘေယန်မြူးနစ်အသင်း၏တောင်ပံကစားသမားရော်ဘင်သည် လာမည့်ရာသီတွင် ပရီးမီးယားလိဂ်သို့ ပြန်လည်ပြောင်းရွှေ့ကစားရန် စိတ်ဝင်စားနေကြောင်း သိရှိရသည်။
- ■ ဘာစီလိုနာအသင်းတွင် ဒဏ်ရာကြောင့်အနားယူနေရသည့် တိုက်စစ်မှူးအလက်ဆစ်ဆန်းချက်ဇ်နှင့် ကွင်းလယ်လူသီယာဂိုတို့သည် လေ့ကျင့်မှုများပြန်လည်ပြုလုပ်နိုင်ပြီဖြစ်ကြောင်း သိရှိရသည်။
- ■ ချယ်လ်ဆီးနှင့်မန်စီးတီးအသင်းတို့ ခေါ်ယူရန်စိတ်ဝင်စားနေသည့် နာပိုလီတိုက်စစ်မှူးကာဗာနီက ပရီးမီးယားလိဂ်တွင် ကစားလိုကြောင်း ဝန်ခံပြောကြားခဲ့သည်။
- ■ ဘာစီလိုနာနည်းပြဂွါဒီယိုလာ၏အေးဂျင့်ဖြစ်သူသည် အသင်းဒါရိုက်တာများနှင့်တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပြီး ဂွါဒီယိုလာအနေဖြင့် အသင်းနှင့်သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ရန် နီးစပ်နေပြီဖြစ်ကြောင်း သိရှိရသည်။

# လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းအား အနိုင်ရရှိရန်မျှော်လင့်ထားကြောင်း မနောမြေအသင်းနည်းပြချုပ်ဦးဝင်းမြင့်သွင်ပြောကြား



မနောမြေအသင်းနည်းပြချုပ်ဦးဝင်းမြင့်သွင်(ယာ)နှင့်နည်းစနစ်ဒါရိုက်တာဦးခင်မောင်တင့်

မနောမြေအသင်း၏နည်းပြချုပ်ဖြစ်သူဦးဝင်းမြင့်သွင်ကလာမည့်မတ်လ(၁၂)ရက်နေ့တွင်ယှဉ်ပြိုင်ကစားရမည့် လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းနှင့်ပွဲတွင်အနိုင်ရရှိရန်မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။

မနောမြေအသင်းသည် လက်ရှိ ၂၀၁၂ MNL အမှတ်ပေးပြိုင်ပွဲ၊ ပွဲစဉ်(၈)အပြီးတွင်ရမှတ်(၁၆)မှတ်ဖြင့် အဆင့်(၄)နေရာတွင်ရပ်တည်နေသည့်အသင်းဖြစ်ပြီး လက်ရှိချန်ပီယံရန်ကုန်ယူနိုက်တက်အသင်းမှာမူ ရမှတ်(၁၅)မှတ်ဖြင့် မနောမြေအသင်း၏နောက် အဆင့်(၅)နေရာတွင် ရပ်တည်နေလျက်ရှိသည်။ မနောမြေအသင်းနည်းပြချုပ်ဦးဝင်းမြင့်သွင်က "အသင်းရဲ့လက်ရှိအနေအထားဟာ အကောင်းဆုံးအနေအထားမဟုတ်သေးပေမယ့် ကျေနပ်စရာအဆင့်ကိုတော့ရောက်ရှိနေပါပြီ။ ပြီးခဲ့တဲ့နှစ်ကထက်စာရင် အသင်းရဲ့ခြေစွမ်းဟာ သိသိသာသာတိုးတက်လာပါတယ်။ ဒီရာသီမှာခေါ်ထားတဲ့မန်ဆာ၊ ကမ်ဘူးနဲ့ အက်စလေတို့(၃)ဦးကလည်း ၂၀၁၁ကခေါ်ခဲ့တဲ့နိုင်ငံခြားသားကစားသမားတွေထက်စာရင် ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တာကြောင့် အသင်းရဲ့ရလဒ်ပိုင်းပိုမိုတိုးတက်လာတယ်လို့ပြောလို့ရပါတယ်။ ပွဲစဉ်(၈)အပြီးမှာ အဆင့်(၄)နေရာကိုရရှိထားလို့ ကျေနပ်အားရပါတယ်။ လာမယ့် လက်ရှိချန်ပီယံရန်ကုန်နဲ့ပွဲဟာ ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲဖြစ်လာမှာဖြစ်ပြီး သူတို့ကလည်း အနိုင်ရဖို့ကြိုးစားမှာသေချာပါတယ်။ ရန်ကုန်အသင်းအားသာတဲ့တောင်ပံတွေကိုလည်း ပိတ်ဆို့ဖို့ပြင်ဆင်ပြီးသွားပါပြီ။ ဒီပွဲမှာတော့ အနိုင်ရဖို့မျှော်လင့်ထားပါတယ်။ အနိုင်ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟုပြောကြားခဲ့သည်။

မနောမြေအသင်းနည်းပြချုပ်ဦးဝင်းမြင့်သွင်သည် MNL ပြိုင်ပွဲ၏ဖေဖော်ဝါရီလအတွက် အကောင်းဆုံးနည်းပြဆုကိုရရှိထားသူဖြစ်ပြီး နောက်ခံလူမန်ဆာမှာလည်း အကောင်းဆုံးကစားသမားဆုကိုရရှိထားကြောင်းသိရသည်။ မနောမြေအသင်းနှင့် ရန်ကုန်အသင်းတို့၏ပွဲကို အောင်ဆန်းကွင်း၌ကျင်းပမည်ဖြစ်သည်။

## ဇွဲကပင်နှင့်ရက္ခပူရတို့ ဒဏ်ကြေးငွေများချမှတ်ခံရ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည်ပြီးခဲ့သည့်မတ်လ(၃)ရက်နေ့ကယှဉ်ပြိုင်ကစားခဲ့သည့်ဇွဲကပင်နှင့်ရက္ခပူရတို့ပွဲစဉ်တွင် နှစ်သင်းစလုံး တစ်ပွဲတည်းအဝါကတ်(၅)ကြိမ်စီ ပြသခံခဲ့ရသောကြောင့် ဒဏ်ကြေးငွေကျပ်(၁)သိန်းစီချမှတ်လိုက်ကြောင်းသိရှိရသည်။ MFF သည် တစ်ပွဲတည်းအဝါကတ်(၅)ကြိမ်ပြသခံရပါက ဒဏ်ကြေးငွေများချမှတ်ရန်စည်းမျဉ်းစည်းကမ်းများထုတ်ပြန်ထားကြောင်းလည်းသိရသည်။ ယင်းပွဲတွင် ဇွဲကပင်အသင်းက (၁-၀)ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

## လေ့ကျင့်ရေးကွင်းမရရှိ၍ KBZ နည်းပြချုပ်စိတ်ပျက်

KBZ အသင်း၏နည်းပြချုပ်ဖြစ်သူဦးအေးမောင်ကြီးကရန်ကုန်မြို့တွင်MNL ပွဲစဉ်များလာရောက်ကစားပါက လေ့ကျင့်ရေးကွင်းမရရှိသည့်ပြဿနာနှင့်ကြုံတွေ့နေရသောကြောင့် စိတ်ပျက်မိကြောင်းပြောကြားခဲ့သည်။ "ရန်ကုန်မှာလာကစားတိုင်းအမြဲကြုံတွေ့ရတဲ့ပြဿနာကတော့လေ့ကျင့်ရေးကွင်းမရရှိတာပါပဲ။MFF ကစီစဉ်ပေးထားခြင်းမရှိဘဲ အရင်ကလည်းကွင်း/ရုံဌာနနဲ့ညှိနှိုင်းပြီး လေ့ကျင့်မှုပြုလုပ်ခဲ့ရပါတယ်။ အခုအပျော်တမ်းပွဲတွေရှိနေသလို၊ သက်တမ်းအလိုက်လူငယ်လက်ရွေးစင်အသင်းတွေကလည်း ထရိန်နင်လုပ်နေတာကြောင့် ကွင်းမရတော့ပါဘူး"ဟု ဦးအေးမောင်ကြီးကပြောကြားခဲ့သည်။

## အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင် ဆက်လက်ရပ်တည်ရန် ဘောဂတ်စ် ယုံကြည်



ရတနာပုံအသင်း၏နည်းပြချုပ်ဖြစ်သူ မစ္စတာဘောဂတ်စ်က အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင်ဆက်လက်ရပ်တည်နိုင်မည်ဟုယုံကြည်ကြောင်းနှင့် ရောဝတီအသင်းအားအနိုင်ရရှိရန်မျှော်မှန်းထားကြောင်း ပြောကြားခဲ့သည်။

နည်းပြချုပ်ဘောဂတ်စ်က "ရောဝတီအသင်းဟာ ဒီရာသီမှာ ခြေစွမ်းမတည်ငြိမ်သေးဘူးဆိုပေမယ့် တောင့်တင်းမာကျောတဲ့အသင်းတစ်သင်းပါ။ သူတို့အသင်းမှာကစားသမားကောင်းတွေအများကြီးရှိပြီး ကစားရခက်ခဲပါတယ်။ ကျွန်တော်တို့ကလည်း အမှတ်ပေးဇယားထိပ်ဆုံးနေရာမှာဆက်လက်ရပ်တည်နိုင်ဖို့ ဒီပွဲက အရေးကြီးပါတယ်။ ကျွန်တော်တို့အနေနဲ့ ပွဲကျပ်ကာလကိုစတင်ဖြတ်သန်းနေရပြီဖြစ်ပြီး အမှတ်တွေရသလောက်ယူနိုင်ဖို့အရေးကြီးပါတယ်။ ဒါမှလည်း ပထမအကျော့အပြီးမှာ ထိပ်ဆုံးနေရာမှာဆက်လက်ရပ်တည်နိုင်ဖို့မျှော်လင့်နိုင်မှာပါ။ ဒီပွဲပြီးရင် KBZ၊ ဇေယျာရွှေမြေ၊ ဟံသာဝတီ၊ နေပြည်တော်တို့နဲ့ဆက်တိုက်ကစားရဖို့ရှိပါတယ်။ ရလဒ်ကောင်းတွေရယူပြီး အမှတ်ပေးဇယားထိပ်ဆုံးနေရာမှာဆက်လက်ရပ်တည်နိုင်မယ်လို့ယုံကြည်ပါတယ်"ဟုပြောကြားခဲ့သည်။

ရတနာပုံအသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့သည် လာမည့်မတ်လ(၁၂)ရက်နေ့တွင် ဗထူးကွင်း၌ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## MNL Myanmar 2012 ပွဲစဉ်(၉)အကြိုသုံးသပ်ချက်

### ရက္ခပူရယူနိုက်တက် နှင့် ချင်းယူနိုက်တက်

၉-၃-၂၀၁၂ (သုဝဏ္ဏကွင်း) ၊ နောက်ဆုံးတွေ့ဆုံခဲ့မှု - မရှိ

ဒဏ်ရာရ - မရှိ ၊ ပွဲပယ် - ဖြိုးကိုကိုသိန်း(ချင်း)၊ ဘန်ဆန်၊ အောင်သန်းဝင်း(ရက္ခပူရ)

နှစ်သင်းစလုံး ရလဒ်မကောင်းသေးဘဲ တန်းဆင်းဇုန်ထဲရောက်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာ နှစ်သင်းစလုံးရှုန်းကန်ကြမှာဖြစ်ပြီး နိုင်ငံခြားသားကစားသမားတွေရှိတဲ့ ရက္ခပူရကတော့ ကစားသမားအင်အားမှာသာပါတယ်။ တန်းမဆင်းရအောင်စွမ်းဆောင်ပြမယ်လို့ပြောထားတဲ့နည်းပြချုပ်ဦးဆန်းဝင်းရဲ့ဒုတိယမြောက်ကိုင်တွယ်တဲ့ပွဲဖြစ်ပြီး ချင်းယူနိုက်တက်အနေနဲ့ ရက္ခပူရဆီက သရေတော့မျှော်လင့်နိုင်ပါတယ်။

### ဇွဲကပင်ယူနိုက်တက် နှင့် မောရဝတီ

၉-၃-၂၀၁၂ (အောင်ဆန်းကွင်း) ၊ နောက်ဆုံးတွေ့ဆုံခဲ့မှု - မရှိ

ဒဏ်ရာရ - မရှိ ၊ ပွဲပယ် - ရဲဖြိုးအောင်၊ အိုမီလီ၊ လန်ဒရီ(ဇွဲကပင်)၊ ဟန်ဝင်းနိုင်(မောရဝတီ)

ဇွဲကပင်အသင်းကတော့ ပွဲစဉ်(၈)မှာ ရက္ခပူရကိုနိုင်ပြီး ပထမဆုံးနိုင်ပွဲရခဲ့လို့ စိတ်ဓာတ်တက်နေနိုင်ပါတယ်။ ဒါပေမယ့် အခုပွဲမှာ အမာခံကစားသမားတွေဖြစ်တဲ့ လန်ဒရီ၊ အိုမီလီနဲ့ ရဲဖြိုးအောင်တို့မပါနိုင်လို့ ဇွဲကပင်အားနည်းနိုင်ပါတယ်။ မောရဝတီအနေနဲ့ အမှတ်(၂)မှတ်ရထားပေမယ့် နောက်ပိုင်းပွဲတွေမှာခြေစွမ်းပိုင်းကျဆင်းနေလို့ ဇွဲကပင်အသင်းပဲနိုင်ပွဲဆက်သွားဖို့များပါတယ်။

### မကွေး နှင့် KBZ

၁၀-၃-၂၀၁၂ (သုဝဏ္ဏကွင်း)

နောက်ဆုံးတွေ့ဆုံခဲ့မှု - KBZ ၁-၁ မကွေး

ဒဏ်ရာရ - လစ်ပီလစ်ပီ၊ အေးဆန်း(KBZ) ၊ ပွဲပယ် - နေမင်းထွန်း(မကွေး)

အမှတ်ပေးဇယားဒုတိယနေရာကထပ်မကျသွားဖို့ KBZ အတွက် အရေးကြီးတဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ (၃)ပွဲဆက်နိုင်ပွဲပျောက်ခဲ့လို့ KBZ အသင်းဟာ ထိပ်ဆုံးနေရာကဖယ်ပေးခဲ့ရပြီး တတိယနေရာက နေပြည်တော်နဲ့လည်း အမှတ်တူသွားခဲ့ပါတယ်။ မကွေးအသင်း(၂)ပွဲဆက်နိုင်ပွဲပျောက်ထားပေမယ့် KBZ နောက်တန်းကိုဒုက္ခပေးနိုင်တဲ့ကစားသမားတွေတော့ရှိပါတယ်။ ဟန်ဆန်ပြန်ပါလာလို့ KBZ နောက်တန်းအားကောင်းလာနိုင်ပြီး တိုက်စစ်မှူးတွေဂိုးပေါက်တွေ့ခဲ့ရင်တော့ KBZ အသင်းနိုင်ပွဲပြန်ရနိုင်ပါတယ်။

### နေပြည်တော် နှင့် ဟံသာဝတီယူနိုက်တက်

၁၀-၃-၂၀၁၂ (NPTကွင်း)

နောက်ဆုံးတွေ့ဆုံခဲ့မှု - နေပြည်တော် ၂-၃ ဟံသာဝတီ

နေပြည်တော်အသင်း အခုနှစ်မှာခြေစွမ်းပိုင်းရော ရလဒ်ပိုင်းပါ သိသိသာသာတက်လာပြီး ဇေယျာရွှေမြေ၊ KBZ စတဲ့အသင်းကြီးတွေကိုအနိုင်ကစားထားပါတယ်။ အခုပွဲကလည်း အိမ်ကွင်းမှာကစားရမှာဖြစ်တာကြောင့် နေပြည်တော်အသာရမှာပါ။ ဟံသာဝတီရဲ့ခြေစွမ်းပိုင်းကတော့ အတက်အကျများပြီး ပြီးခဲ့တဲ့မောရဝတီနဲ့ပွဲမှာခြေစွမ်းမပြနိုင်ခဲ့ပါဘူး။ ရှေ့တန်းမှာ စတန်လေပြန်ပါလာမှာဖြစ်တာကြောင့် ဟံသာဝတီတိုက်စစ်ကောင်းလာနိုင်ပေမယ့် နေပြည်တော်ကိုအနိုင်ရဖို့တော့မလွယ်ပါဘူး။ ချန်ပီယံမျှော်လင့်ချက်ထားနေတဲ့နေပြည်တော် အမှတ်ပြည့်ယူမှာပါ။

### Southern နှင့် ဇေယျာရွှေမြေ

၁၁-၃-၂၀၁၂ (သုဝဏ္ဏကွင်း)

နောက်ဆုံးတွေ့ဆုံခဲ့မှု - ဇေယျာရွှေမြေ ၃-၀ Southern

ဒဏ်ရာရ - မရှိ ၊ ပွဲပယ် - မင်းချစ်သူ၊ ဇော်လင်းထွန်း(ဇေယျာရွှေမြေ)၊ ဟန်ထွန်း(Southern)

ပြီးခဲ့တဲ့နှစ်တွေက ဇေယျာရွှေမြေနဲ့တွေ့ဆုံတိုင်း အခက်တွေ့အောင်ကစားလေ့ရှိတဲ့ Southern အနေနဲ့ ဒီနှစ်မှာတော့ မထင်မှတ်တာတွေလုပ်ပြနိုင်ဖို့မလွယ်တော့ပါဘူး။ နိုင်ငံခြားသားကစားသမားတွေမရှိတော့တဲ့ Southern အသင်း ခြေစွမ်းပိုင်းအရကျဆင်းနေသလို၊ တန်းဆင်းဇုန်အန္တရာယ်လည်းရှိနေပါတယ်။ အခုပွဲကိုရုန်းကန်မှာဖြစ်ပေမယ့် နိုင်ပွဲရဖို့လူစုံထုတ်ကစားမယ့် ဇေယျာရွှေမြေအသင်းပဲအနိုင်ရသွားပါလိမ့်မယ်။

### မနောမြေ နှင့် ရန်ကုန်ယူနိုက်တက်

၁၂-၃-၂၀၁၂ (အောင်ဆန်းကွင်း)

နောက်ဆုံးတွေ့ဆုံခဲ့မှု - ရန်ကုန်ယူနိုက်တက် ၃-၁ မနောမြေ

ဒဏ်ရာရ - နိုင်ဇေယျာထွန်း(ရန်ကုန်) ၊ ပွဲပယ် - အောင်သိုက်(ရန်ကုန်)

အခုတစ်ပတ်ရဲ့အကောင်းဆုံးပွဲဖြစ်ပြီး အဆင့်(၄)နေရာက မနောမြေနဲ့ အဆင့်(၅)နေရာက လက်ရှိချန်ပီယံရန်ကုန်တို့ရဲ့တွေ့ဆုံမှုကတော့ ပြီးခဲ့တဲ့နှစ်တွေထက်ပြိုင်ဆိုင်မှုပိုမိုပြင်းထန်ပါလိမ့်မယ်။ ရန်ကုန်အသင်းအနေနဲ့ ထိပ်ဆုံးကရတနာပုံနဲ့(၅)မှတ်အထိကွာနေတာကြောင့် အခုပွဲကိုအမှားလုပ်လို့မရပါဘူး။ မနောမြေအသင်းကလည်း ဒီနှစ်မှာ ခြေစွမ်းပိုင်းရော ရလဒ်ပိုင်းပါတိုးတက်ကောင်းမွန်လာပေမယ့် အခုပွဲမှာတော့ ရန်ကုန်ဆီက အမြင့်ဆုံးသရေတစ်မှတ်ပဲမျှော်လင့်လို့ရပါတယ်။

### ရတနာပုံ နှင့် ရောဝတီယူနိုက်တက်

၁၂-၃-၂၀၁၂ (ဗထူးကွင်း)

နောက်ဆုံးတွေ့ဆုံခဲ့မှု - ရတနာပုံ ၀-၂ ရောဝတီယူနိုက်တက်

ဒဏ်ရာရ - မင်းမင်းသူ(ရောဝတီ) ၊ ပွဲပယ် - မရှိ

ရတနာပုံအသင်းရဲ့ပွဲကျပ်ကာလထဲက ဒုတိယမြောက်ပွဲဖြစ်ပြီး အမှတ်ပြည့်ရဖို့ရုန်းကန်ရမှာပါ။ ရောဝတီအသင်းကတော့ ခြေစွမ်းပိုင်းမမှန်သေးသလို၊ AFC Cup သွားကန်ထားတာကြောင့် ပွဲပန်း၊ ခရီးပန်းဒဏ်ကိုခံစားရနိုင်ပါတယ်။ ဒါ့အပြင် မင်းမင်းသူမကစားနိုင်တဲ့အချိန်မှာ ရောဝတီဂိုးရဖို့ရုန်းကန်ရလေ့ရှိပါတယ်။ KBZ၊ နေပြည်တော်တို့ရဲ့ဖိအားပေးမှုကိုရုန်းထွက်နိုင်ဖို့ ရတနာပုံ အိမ်ကွင်းမှာအနိမ့်ဆုံးသရေတစ်မှတ်ရအောင်တော့ကစားသွားပါလိမ့်မယ်။